



www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး



စိုးမိုး
စာ အု ပ် တို က်
အမှတ်(၁၃)၊ ၁၀၇-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

# အကြည်တော်

# အချစ်သာ အမှန်တရား ဖြစ်ရင် ကျွန်တော် မှားနေတာ ဘာဖြ...



# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၄၄၀၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၉၁၀၃၀၈ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ ဇွန်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |

**အချစ်သာအမှန်တရားဖြစ်ရင်**

ကျွန်တော်**မှား**နေတာကြာပြီ

အကြည်တော်



ဆောင်းအကုန်နွေအကူး လေရူးပွေစ နွေဦးကာလတစ်ခုတွင် ဆယ့်သုံးနှစ်ဝင် အပျိုဖော်ဝင်စ (အဲလေ) လူပျိုဘော်ဝင်စ ချစ်သွေးကြွ အသေခံတပ်သားကျွန်တော်မှာ ဝေါထရိတ်စင်တာကို ပင်လေယာဉ်နှင့်ဝင်တိုးခဲ့သော လူမိုက်များလို မြင်မြင်သမျှ မိန်းမလှများကို စက်ကုန်ဖွင့် ရှက်ကုန်လွှင့်၍ ဝင်တိုးမည်ဟု စိတ်ပိုင်းဖြတ်ကာ ရည်းစားတစ်ယောက် ရရှိရေးသည် ငါ့အရေး၊ ဒီနှစ်အတွင်း ရည်းစားရရမည်၊ ဒီနှစ်မရပါက နောင်နှစ်တွင် သေချာပေါက်ရရမည်။ နောင်နှစ်မှ

www.foreverspace.com.mm



မရလျှင် နောင်တစ်နှစ်တွင် သေချာပေါက်ရပြီးဖြစ်ရမည် ဟူသော ကြီးမားသော သံဓိဋ္ဌာန်နှင့် ဟိုကောင်မလေးဆို ငါ့ကြိုက်နိုး၊ ဒီကောင်မလေး ငါ့ကျနိုး၊ ဟိုအစ်မကြီးဆိုမဆိုး၊ ဟိုအဒေါ်ကြီးဆိုလျှင်လဲ . . . ဟင်း သည်းတော့ ခံရမပေါ့ ဟူသော အသိသံမှိုစွဲပြီး ကြီးသည်ငယ်သည် ထိုနှစ်လီ "ကြည်ဖြူ" မသိပါ ဟူသည့် ဆုံးဖြတ်ချက်နှင့် မိန်းမများနောက် လိုက်လိုက်တော့မှ ကြီးသူလည်းမကြိုက်၊ ငယ်သူများကလည်း အဖက်မလုပ်နဲ့ နောက်ဆုံးတော့ ကျွန်းကလေးရဲ့ ဟိုဘက်ထိပ်ရွာကလေးက "လှော်စာ" သည်ကလေးတစ်ဦး နှင့် အကြောင်းဖက်ဖို့ ကြုံလာပါရော့လား။

ကျောင်းသူများကအဖက်မလုပ်၊ ကျောင်းအုပ်ဆရာကြီးပါ ကျောင်းထုတ်မည်ပြောလာသည့် လက်ပုပ်ပုပ်နှင့်ရေးသည့်စာ၊ အသည်းကွဲကဗျာများ မြို့စွန်နယ်စွန်အထိ ပျံ့နှံ့ပြီးသကာလမှာမှ ကျွန်တော်တို့ရွာနှင့်ဆယ့်နှစ်ရွာတိတိခြားသော ကျွန်းဟိုဘက်ဖျားမှ "လွင်လွင်ဦး" အမည်သညာခေါ် စရာရှိသော လှော်စာမလေးနှင့်မှ မှော်ဆရာမလေးနှင့် တွေ့သတိသို့ ကြိုးကြိုးချင်းငြိကြလေပြီ။

ကြိုးကြိုးချင်းငြိသည်ဆိုသော်ညား၊ လွင်လွင်ဦးမှာ ကျွန်တော့်ကို ကြိုက်သည်လည်းမဆို၊ မကြိုက်ဟုလည်း မငြင်း၊ ဒီအတိုင်းမျှင်းပြီး ကြိုးရှည်ရှည်နှင့်လှန်ထား၍ "ကြိုးကြိုးချင်းထိရုံမျှနှင့်အားမရနိုင် အိုးအိုးချင်းပါထိရမှ"ဟူသည့်စိတ်နှင့် စက်ဘီးတစ်ခါနင်းလျှင် လေးနာရီကြာမှ သူ့ရွာရောက်သောလမ်းကို သရဲမကြောက်တစ္ဆေမကြောက် ချောင်းပေါက်မတတ်သွားပြီး ခြေသလုံးကြီးတာသာ အဖတ်တင်တယ် "နင့်အိုးနား ငါ့အိုး ဘယ်မတိုးနိုင်"သာ ဖြစ်နေရရှာသည်။

မည်သို့ပင်ဖြစ်စေ။ ရုပ်ကြည့်တော့အတည် လူလစ်လျှင် မဟုတ်တာ အကုန်လုပ်မည်ဟူသောစိတ်ရှိသည့် ကျွန်တော်သည် တစ်နေ့လျှင် ရှစ်နာရီ စက်ဘီးဖင်ကြားညှပ် ဟပ်စိဟပ်စိ မျက်ရည်ကျလောက်သည်အထိ မောသော်လည်း သူနှင့်တွေ့လျှင် သူတိုက်သော လှော်စာဟု အမည်တွင်ကာ သူရာမဖြစ်မီ (ဖြစ်လုဆဲဆဲ) ကဇော်စိမ်ရည်ကို သောက်မြိုချလိုက်မှ အမော

www.foreverspace.com.mm

ပြေတာဟု အထင်ရောက် နားထင်ဆောင့်နေသော စိတ်နှလုံး ဒုံးဒုံးချ တုံးလုံးထနိုင်တော့၏။

ဤမျှဖြင့်အားမရ။ အနားမှတစ်ဖဝါးမှမခွာလို အသားပိုပါ အနားကပ်ထားချင်စိတ် ထိန်းမရ တားမနိုင်နှင့်. . . .

"နင် လှော်စာရောင်းရာ ငါပါလိုက်မယ်"

ဟူသည့်စကားနှင့် သူသွားလေရာ မြို့စွန်မြို့ဖျား၊ ခြေလျင်သွားလို သွား၊ သင်္ဘောနှင့်နှစ်နာရီကြာစီးမှ မြို့ပေါ်ရောက်သောရေလမ်းခရီးကို မုန်တိုင်းမကြောက် လှိုင်းမကြောက်နှင့် လိုက်လိုလိုက်ပြီး လှော်စာသည်၏ အမြှောင်ပန်းကန်ပိုဘဝနှင့် အကျေနပ်ကြီးကျေနပ်မိနေလေသည်။

မိဘကဂုဏ်သရေရှိလူကြီးဖြစ်ပါလျက်ကယ်နဲ့ လှော်စာသည်ကို တန်းတန်းစွဲမိ၍ လမ်းကြိုလမ်းကြား၊ ချောင်ကြို ချောင်ကြား သူမသွားရာ တစ်ဖဝါးမခွာလိုက်၍ . . .

"လာနော် လှော်စာ လတ်လတ်ဆတ်ဆတ်တွေရမယ်"


ဟူသောစကားကို မကြောက်တရားဟု သဘောထား၍ လမ်းပေါ် တကြော်ကြော်အော် ပျော်ချင်တိုင်းပျော်နေလေတော့၏။

ဤသည်ကိုကြည့်ပြီး မွေးသမိခင်၊ မွေးသဖခင်နှစ်ပါးမှာ "ငါတို့ မျက်နှာ အိုးမဲနှင့်သုတ်သည့်သား"ဟုပင် မရေရွတ်နိုင်ဘဲ. . .

"ဒီကောင်မွေးတဲ့နှစ်၊ ငါတို့လင်မယားခေါင်း ဆင်နင်းတဲ့နှစ်"

အဖြစ်ကမ္ဘာမှာ မည်သူမှမသတ်မှတ်သော ရက်တစ်ရက် ကျွန်တော်တည်းဟူသော လူအန္ဓလေးကို မွေးမိသော မိဘနှစ်ပါးအလိုကျ အထိမ်းအမှတ် ရက်တစ်ရက် သီးသန့်ထပ်တိုးထားရလေသော်ငြား မိဘနှင့်သားအကြားမှာတော့ ဘာဗျာပါဒမှ မပွားရှိလတ်ကုန်၏။

www.foreverspace.com.mm



မည်သို့ပင် ဖြစ်စေကာမူ မိန်းမရမည်ဆိုလျှင် မည်သူ့မျက်နှာမှ လှည့်မကြည့်။ တစ်ဆယ့်သုံးနှစ်ဝင် လူပျိုဘော်ဝင်စငါသည် ဘာသိသိ ညာသိသိ ငါမသိ လုပ်မည်ဟု စိတ်ပိုင်း ဖြတ်ထားသော ကျွန်တော့်မှာ နွေရာသီကျဲကျဲတောက်ပူသောကာလလည်းမမှု၊ ရပ်ရွာ၏ သာရေးနာရေးပွဲလမ်းသဘင် ပေါကြွယ်ဝသောရာသီ၌ နေ့ဘက်တွင်သာမက ညဘက်များ၌လည်း မဖြုံ၊ အရပ်ပွဲဇာတ်ပွဲ ကြည့်ချင်ပွဲများ၌ပါ ချစ်ရပါသော မှော်ဆရာလှော်စာမလေးနှင့်တွဲပြီး . . . .

"ပွဲကြည့်တယ်တော့ မထင်လေနဲ့"

လှော်စာလိုက်ရောင်းရပါတယ်ခင်ဗျ။

အကြောင်းပြချက်ကတော့ မတော်ရသေးသော ရည်းစားသင်းကလေးကို . . .

"နင့်စိတ်မချလို့ ငါလိုက်ရတာ . . ."

ဟူသောစကားဖြင့် သူမသွားရာ ပွဲတကာသို့ ညကြီးချုပ်စပ် အိပ်ရေးအပျက်ခံ၍

"သင်းကလေး ကြာရင် ငါ့ကိုကျလောက်ရဲ့"

အထင်နှင့် နေပူပူ ခြေလျင်ခရီးနှိပ်စက်မှုများဖြင့် သူမကျခင် ကိုယ်အရင်ကျစရာရှိတာ အကုန်ကျ၍ တစ်ပြုံတစ်မ လုံခြုံရာသိမ်းထုပ်ထားသည့် ယောကျ်ားတို့အထုပ်သေခါမှ ဖြုတ်မယ်ဟူသော ခံယူချက်ကြီးကြီးဖြင့် ရှာမရရအောင်ရှာ၍ အတက်အကျမရှိ ပကတိငြိမ်ဆိပ်အောင် သိမ်းထုပ်ထားရသည့်အဆင့် ရောက်လုလုပင် . . .

ဤမျှလောက်နှင့်မမှတ်သေး။ ညကြီးမိုးချုပ် ဇက်ကျိုးကုတ်နေသော်လည်း အရေးမလုပ်နိုင်ပဲ ဇက်ကျိုးသော် လက်ထိုးအော်မည်ဟူသည့် ခံယူချက်နှင့် . . .

"လာနော် . . . လှော်စာလတ်လတ်တွေ တစ်ခွက်တစ်မတ်တည်း တန်တယ် . . . တန်တယ် . . . ကျွန်တော်ဆို ဝယ်တယ်"

ဟူသော စကားကို မှုန်ဝါးဝါးရေရွတ်ရင်း ကောက်ညှင်းနံ့ မွှေးမွှေး လှော်စာဘန်းဘေး၊ သေပြီးသား မျောက်မသာ သစ်ကိုင်းကို မလွှတ်သေးသလို ဆောင့်ကြောင့်ငေါက်တောက် အဲလေ ငုတ်တုတ် မလှုပ်မယှက် နေရလေသည်။

သည်ကြားထဲမှာမှ အရင့်တစ်ခါ ချစ်လှစွာသော လှော်စာမလေးမှ

"ဟယ် မင်းသားထွက်နေပြီတော့၊ လှော်စာ နင်ဆက်ရောင်း၊ ငါ ပွဲခင်းထဲသွားလိုက်ဦးမယ်"

ဟူကာ ညကြီးလင်းပေါက် ပွဲခင်းအလယ်လျှောက်ပြီး ပွဲမင်းသား

www.foreverspace.com.mm

အား သူ့ယောက်ျားသဖွယ် ချစ်ကလူကျီစယ်ချင်သော မျက်ဝန်းအစုံဖြင့် သွားရည်တမြားမြား စိတ်တွေဖလားဖလားနှင့် ပွဲခင်းဝင် အားယားကြီးသွား ပွဲပြီး မိုးလင်းမှ ကျော့ကျော့မော့မော့နှင့် အသော့ပြန်လာပြန်သဖြင့် စိတ်ထဲမကျေနပ်စိတ်တွေများပြီး. . . .

"ဟဲ့ အဲဒီမင်းသား ငါတို့အိမ်နားကဟဲ့။ မိုးလေကင်းမှ မင်းသား ဖြစ်တာ။ ကျန်အချိန် ရပ်ကွက်ထဲမြင်းလှည်းမောင်းနေတာ မယုံ နင်လိုက် ကြည့် ငါလိုက်ပြမယ်"

ကိုယ့်လူတွေအကြောင်းကို ကောင်းကောင်းသိတာပေါ့။ ပွဲချိန်ကျရင်သာ ရွှေမင်းသားလေ။ ရန်ကုန်တက္ကနီဖြိုးတို့၊ အော်တာလွင်မီတို့ (ဥပမာပြောတာနော် နာမည်တူရင် ဗွေမယူကြေး) အမည်ခံ၊ မိုးရာသီကျ ဇာတ်ခေါင်းကွဲရင် ငဆိုက် (ဆိုက္ကားသမား)ဖိုးတွဲတို့ မြင်းလှည်းသမား ဟန်ဝင်းတို့ ဖြစ်လိုဖြစ်။ ပွဲရာသီဆို ပြည်သူ့အချစ်တော် နီလာလွင် ဇာတ်ခေါင်းကွဲရင် ကွမ်းယာသည် မဇီးကွက်၊ ဒီလိုပဲတစ်ရပ်လုံးနေကြတာ။ မသိ ရှိပ့ါမလား ဒါကို ဒီ မဒီက မရ။

"ဟဲ့ အဲဒီပြဇာတ်မင်းသားက ငါတို့ရပ်ကွက်ဘုန်းကြီးကျောင်း ဘေးကဟဲ့ ၊ ငါ့အမေ့ဆီ ချေးထားတဲ့ အကြွေးမပေးသေးဘူး။ စင်ပေါ်မှာသာ မီးရောင်နဲ့လှတာ။ စင်အောက်သွားကြည့်စမ်း မူးရူးပြီး ဟပ်ထိုးလဲနေတာ ငါအသိ"

ဆိုလည်း မဖြုံ။

ကျွန်ုပ်ကိုယ်တိုင်က ဇာတ်သမားရပ်ကွက်ကြား မွေးလာသည်မို့ ဇာတ်အကြောင်းဆိုလျှင် စလယ်ဆုံး အားလုံးသိသူမို့ ဇာတ်သမားများ၏ ဖြစ်အင်ကို အပြစ်တင်ရှင်းပြသည်လည်း မရ။

သည်ကြားထဲ သူ့မင်းသားထိက သူ့အသားနုကလိသည့် အလား. .

"အောင်မာ နင်က ငါ့မင်းသားတွေကို ဆိုနေရအောင် နင်ကရော ဘာစွမ်းလို့တုန်း၊ မျက်နှာတစ်ကွက်တည်းကွက်ပြီး လေးဆယ်ကျော်နေတဲ့ ဟာကများ"

www.foreverspace.com.mm

ဆို၍ ကက်ကက်လန် ရန်တွေ့သည်ကတစ်ကြောင်း . . .

"တော်ပြီ . . . နင်နဲ့လျှော်စာ မတန်ဘူး နင်နဲ့ငါ လျှော်စာလမ်းခွဲဆိုပြီး ကြေငြာမှဖြစ်တော့မယ်"

ဆိုကာတစ်ဖုံ အမျိုးစုံအောင် ခြိမ်းခြောက်သည်မို့ ကျွန်တော့်မှာလည်း သူ့တစ်ယောက် လူလောက်ထင်သူမို့ နောက်ဆုံး သူမကြိုက်သည့် အပြောအဆိုများ ရှောင်ကြဉ်ပြီးသကာလ

"ငါကလည်း ဘာကောင်မို့လည်း ဒီကောင်မ ကြိုက်တဲ့မင်းသားဖြစ်ရမယ်"

ကြိမ်းဝါးလို့ "ဇာတ်အဖွဲ့များဝိုင်းရံလျက် ရှိသည့် အိမ်ကို ကြည်ဖြူတို့အိမ်ဟုခေါ်သည်"ဟု ဆိုရမလောက် ဇာတ်ပတ်ချာလည်ဝိုင်းနေသောအိမ်သို့ ခဏပြန်ကာ ဇာတ်အဖွဲ့များဆီပတ်ပြီး . . .

"ကျွန်တော် မင်းသားလုပ်မဗျ"

ဆိုတာကို အားလုံးက မသိချင်ယောင်ဆောင်၍တစ်မျိုး "မင်းရုပ်နဲ့လားကွာ . . . ဟား ဟား"ဆိုသည်ကတစ်ဖုံ၊ "ဇာတ်ခုံကြီးတွေပျောက်ကုန်အောင် မလုပ်ချင်ပါနဲ့ကွာ" ဟူ၍တစ်နည်း၊ သွားဖြီးဖြီးများနှင့် ယီးတီးယားတားလုပ်ကြသော်ငြား အမေနှင့်အကြွေးမကင်း၍ ပြတ်ပြတ်သားသားတော့မူ မငြင်းရဲ မကလော်ထုတ်ရဲသည်မို့ ညင်သာသောနည်းဖြင့်သာ ပထုတ်ခြင်း ခံရလေ၏။

သို့သော် လူ့ကံကြမ္မာဆိုသည်မှာကား ဆန်းကြယ်လှပေစွ။ ဒီနှစ်မှ အသစ်ထောင်သော ချောက်တီးချောက်ချက် ဇာတ်အဖွဲ့တစ်ဖွဲ့မှ ဇာတ်ပိုင်ရှင်က မင်းသားမဖြစ်၍ စိတ်ညစ်ကာ လင်းတမှိုင် မှိုင်နေသော ကျွန်တော့်ကို မြင်သည်နှင့် . . .

"တွေ့ပြီ၊ တွေ့ပြီ၊ အဲဒီရုပ်မျိုးမှကြိုက်တာ၊ ငါရှာနေတာ ဒီရုပ်မျိုး၊ ဒီရုပ်မျိုးပဲကွ ဟား ဟား၊ လာ . . . လိုက်ခဲ့" ဟု ကြိမ်းဝါးပြီးသကာလ သူတို့ဇာတ်အဖွဲ့နှင့်လိုက်ပါကပြအသုံးတော်ခံရန် အတင်းအကြပ် ဂုတ်ဆွဲဖိတ်ကြားခြင်းခံရလေသည်။ ကျွန်တော့်မှာလဲ ရေငတ်တုန်း ဘီယာအိုးထဲကျ

www.foreverspace.com.mm

ဘိသကဲ့သို့ မင်းသားဖြစ်မယ့်အရေး မင်းသားဖြစ်မှ ဟိုကောင်မလျော်စာမင့်ါကို မီးရောင်အောက်မှာ လှတပတကလေးမြင်ပြီး ငေးရမည့်အဖြစ်ကို တွေးပြီး. . . .

"ကမယ်ဗျာ၊ ဒါနဲ့ ကျုပ်က ဘာကရမှာလဲ၊ ခေါင်းဆောင်လား၊ ပလို့ဂျိလား၊ ပြဇာတ်လား"

ဆိုသောအမေးကို အဲဒီဇာတ်ပိုင်ရှင်မှ အားတက်သရောဖြင့် . . .

"ဒီနှစ်၊ ငါတို့ဇာတ်မှာ ရာမယဏကမှာကွ၊ အဲဒီမှာ ဒသဂီရိ လုပ်ရမှာ"

ဆိုလာသော် ကျွန်တော်ကလည်း ဖန်တစ်ရာတေအောင် ကြည့်ဖူးသော ရာမယဏဇာတ်ကို သိနေတော်မူသည့်အတိုင်း. . .

"မျက်နှာဖုံးကြီးနဲ့ကတော့ ကချင်ပါဘူးဗျာ"

ဟူသောကျွန်တော်ရဲ့ မူနွဲ့နွဲ့ငြင်းဆန်စကားကို ဇာတ်ဆရာက . . .

"အဲဒါကို ပြောမလို့ကွ၊ ငါတို့ဇာတ်အဖွဲ့ကအသစ်ဆိုတော့ မျက်နှာဖုံးအစုံ မဝယ်နိုင်ဘူးကွ၊ အဓိက ရာမနဲ့လက္ခဏာအတွက်တော့ မျက်နှာဖုံးတွေ ဝယ်ထားပြီးပြီ။ ဒသဂီရိအတွက်ကတော့"

"အဲဒီတော့"

"မင်းမျက်ခွက်နဲ့ဆို ဘာဒသဂီရိမျက်နှာဖုံးမှ မလိုတော့ဘူးကွ။ မင်း မျက်နှာတစ်ကွက်နဲ့တင် လွန်စွာကြောက်မက်ဖွယ်ကောင်းတဲ့ လျှို့ဝှက်သည်းဖို ရုပ်ကြီးဖြစ်နေပြီ၊ လုပ်ပါကွာ တစ်ညနှစ်ကျပ်ပေးမယ် . . . နော် . . . နော်"

ပရိသတ်ရေ . . . လာခေါ်တဲ့ ဇာတ်ဆရာ ပါးချဖို့သာ ကောင်းတယ်။ ဒီလောက်ချောမောလှပအောင် မွေးထားတဲ့သူမျှားသားသမီးကို ဒသဂီရိအတွက် မျက်နှာဖုံးမစွပ်ဘဲ ကလို့ရတယ်တဲ့။ သူမို့ သူ့ပါးစပ်ပုပ်ကြီးနဲ့ ပြောရက်တယ်။ ဒါပြောစရာလား။ မသကာ လူသေနလံထကရှုပိုးထိုးပြီး ထကတဲ့ရုပ်ဆို နည်းနည်းတော်သေး။ ကျုပ်အမေသာကြား ဒင်းကို ပါးချသဗျ။

www.foreverspace.com.mm

သြော် ရုပ်ဆိုးလို့ ပြောရဦးမယ်၊ ကျွန်တော်လည်း အဖေ့ကို မေးဖူးပါ့။

"အဖေရယ် ညီအစ်ကိုမောင်နှမတွေအားလုံး အဖေတို့မွေးချ လိုက်တာ အားလုံးအချောစားတွေချည်းပဲ . . . "

မယုံရင်လာကြည့် တကယ့်လူချောတွေချည်းပဲ။ ကျွန်တော့် တစ်ယောက်တည်းကွက်ပြီး . . .

"အားလုံးတွေကြားကမှ ဘာလို့များ ကျွန်တော့်တစ်ယောက်တည်း ကွက်ရုပ်ဆိုးနေလဲ"

ဆိုတော့ အဖေက ဘာပြောတယ်မှတ်လဲ . . .

"အောင်မာ . . . ဒီရုပ်ကိုများ ရုပ်ဆိုးတယ်ဟုတ်လား။ အဲဒီရုပ် ရဖို့ကို ဖယောင်းတိုင်အထုပ်ကြီးနှစ်ထုပ်ကုန်တယ်ကွ"

ဘာလျှောက်တွေးနေတာလဲ။ ဒီကောင်လေးမွေးပြီးရင် ဘာလုပ် မယ် တိုင်ပင်ရတာ။ ကောင်လေးကြီးလာရင် ကောင်းမှာလား ဆိုးမှာလား။ ဝပ်ရှော့ဆရာဖြစ်မှာလား စက်ဘီးပြင်စားမှာလား။

သြော် . . . အဲဒီစကားလေး ကျွန်တော်ဟောပြောပွဲတစ်ခုမှာ ပြောမိပါတယ်။ အောက်က ကလေးတွေက ပုကျိ ပုကျိနဲ့ဖြစ်ကုန်ကြရော။ ဒါနဲ့ ကျွန်တော်က . . .

"ဟဲ့ . . . ဘာတိုင်ပင်နေကြလဲ"

ဆိုတော့ သူတို့က . . .

"ရေနံဆီဆို ဘယ်နှစ်ဂါလံကုန်မယ်ဆိုတာ တွက်နေတာ"တဲ့။

တချို့ကတော့ -

"အို အေ . . . မီးမှိတ်တိုင်ပင်လဲရတာပဲ" ဆိုပဲ . . . ဆိုပဲ. . . ။

သြော် ကလေးတွေ. . . ကလေးတွေ. . ကိုယ်ကရိုးရိုးလေး လက်တစ်သစ်လောက်ပြောတာ တစ်ထွာလောက်ဟာ ပြေးပြေးမြင်တယ်။ ရှေ့ကို တစ်ထွာလောက်လို့ပြောပါတယ်။

ထားပါတော့။

* * *

www.foreverspace.com.mm



သို့ကလိုဖြင့် ဖြစ်ချင်သော မင်းသားကို ဒသဂီရိနေရာမှာ မျက်နှာဖုံးမစွပ်ဘဲ ပင်ကိုယ်ရုပ်ဖြင့်ပင် ကပြ၍ရနိုင်သည်ဟူသောအဖြေကြောင့် မင်းသားဖြစ်ရေး တစ်ခန်းရပ်၊ လှေ်ာစာသည်လေးနောက်သာ ယခင်အတိုင်း ကောက်ကောက် ပါအောင်ပြန်လိုက်ရပေပြီ။

သူမသည်လည်း သူ့ကိုမကျေနပ်၍ ကျွန်တော်ကိုယ့်ရုပ်မှ အားမနာလျှာမကျိုး မင်းသားသွားလျှောက် ကြောင်း

www.foreverspace.com.mm

ဇာတ်ဆရာများက ပက်ပက်စက်စက် ပြော၍ ငြင်းလွှတ်လိုက်ကြောင်းသိ၍ ပို၍ပင်အနိုင်ယူသေးတော့၏။

ယခင်ကဆို ပွဲကြည့်လျှင် အပျိုတော်၊ စတိတ်ရှိုးထိ လှေ်ာစာကို သူကချည်း ဦးဆောင်ရောင်းနေရာကနေ ယခုတော့ ပွဲခင်းထဲရောက်သည်နှင့် ကျွန်တော့်အား လှေ်ာစာဗန်းနှင့်ထား၍ ပျောက်ပြီ။ ပွဲလာကတည်းကိုက အခွင့်အခါသင့်ပါက သူပါတက်ကမတတ် မင်းသမီးရှိုးအောင်အလှပြင်ပြီး ယခု ယူလာသည့်လှေ်ာစာ သူ့လှေ်ာစာမဟုတ်သည့်အတိုင်း ဗန်းကို ကျွန်တော့်ရှေ့ချ သူမကတော့ နေကြာဝေဖာကရေကရာများ စုံအောင်ဝယ်၍ ပွဲအလယ် ဖျာချပ်၌ စားစရာများအား 'ကပျက်ကပျက်'အသံပြုဝါးရင်း တင့်တယ်စွာ စံပယ်တော်မူပေပြီ။

ဟိုက မင်းသား ကျွမ်းထိုးပြလည်း ကြည့်၊ ကြိုက်။ ဘရိတ်ဒန့်ဆိုလားဘာဆိုလား ထိုးထိုးထွန့်ထွန့်လုပ်ပြလျှင်လည်း သဘောကျ၊ ကြိုက် . . .

"အောင်မလေး တတ်သိစရာကိုလှည့်ကာဆိုမှ မိနှင့်ဘ၏ ကြီးလှ ကျေးဇူး သင်ပေဘူးကို နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင် ရေဖောင်ဖောင်နှင့် ထဲချောင်သမုဒ္ဒရာ၊ ရေများစွာလဲ၊ ပမာလောက်၊ မိုးရေပေါက်သို့ အံ့လောက်အရာ မိမာတာနှင့် ပီတာအဘ မြတ်ဂုဏအား၊ ဆပ်ငြား ဆပ်လို . . ."

ဟိုကမင်းသား ဘာတွေပြောမှန်းမသိပဲ ငိုလဲလိုက်ငိုနဲ့ သူ့အလုပ်နဲ့ သူက ဟုတ်ကိုဟုတ်နေတော့တာ။ မင်းသားက

"ဩော် . . . ဟောဒီလို တောတောင်ညို့ညို့မြင်ရတော့ ရွာက နွားနီလေးကို သတိရလိုက်တာ . . . အမယ်မင်းရယ်တဲ့ ပြောရတော့မယ်"

ဟိုက သူ့နွားသူသတိရလို့ပြောတာကိုတောင် မင်းသားအား ရအောင်လိုက်ငိုပေးသေး . . . ကြည့်။

ကျွန်တော့်မှာလဲ တဏှာတစ်ကြောင်း ပိုသာပေါင်းနေပြီမို့၊ သူနဲ့ ဝေးရာတော့ မနေ၊ ရှိပေသည့် လှေ်ာစာဗန်း လာစားစမ်းပါစေ . . .

"အစ်ကိုရေ . . . ဟောဒီမှာကြည့် ခါတိုင်းငါးမူးဖိုးဆို ဟောသ

www.foreverspace.com.mm

လောက်၊ အခု နှစ်ကျပ်ဖိုးစာ ကျွန်တော်ထည့်ပေးမဗျ . . . ”

“ဩော် . . . အန်တီရယ် တစ်မတ်ဖိုးသာ သုံးခွက်စား နောက်ထပ်ငါးမူးတန်နှစ်ခွက် ကျပ်ပေးမဗျ”

ဆိုပြီး ရှိနေတာကုန်အောင်ရောင်း . . .

“ကိုအောင်သောင်းရေ . . . ယူပါဦး မမြင့်ထူးရေစားပါဦး၊ ကိုကလေးရော ငတ်ပြီလားဗျို့ . . . ”

နဲ့ အတင်းထိုးထည့်ရောင်း။ ပုံရောင်းသလိုရောင်း၊ အကုန်ရောင်းချင်သလိုရောင်းပြီး မာတာပီတမိနဲ့ဘထံ အပြတ်နှံပြီး ဝှက်ကျန်ခဲ့တဲ့ငွေထုပ်၊ ခပ်သုတ်သုတ်ထုပ် သူ့နားသွားကာ . . .

“ငါ ရောင်းတာနင်ရောင်းတာထက် နှစ်ကျပ်ပိုရသဗျ။ ရော့ဒီမှာနှစ်ဆယ့်ခွန်နှစ်ကျပ် ဟဲ . . . ဟဲ”

“အောင်မာ . . . သုံးပွဲတောင် ငါလျှော့ထည့်လိုက်တာ သုံးကျပ်တစ်မတ်တောင် ပိုလာရော့လား ဟီဟိ”

ဆိုပြီး မျက်နှာချိုလုပ် မိဘဆီက ကိုယ်အုပ်ထားသမျှ သူ့ရှေ့အထုပ်ဖြည်၊ ငုတ်ဗီဇတွေဖော်ပြနေရတာပေါ့ ။

အင်း . . . ဒီသားမျိုး မွေးဖို့ကောင်းလိုက်တာ။ ကျွန်တော့်လိုချည်းခုနစ်ယောက်မိဘမွေးမိလို့ကတော့ ရှာသလောက်မလောက် လောက်သလောက် မရှိနဲ့၊ မကြံတတ် ကြံတတ် အကြံထုတ်နဲ့ မဟုတ်မဟပ်လုပ်မိလို့ အချုပ်ကကို ထွက်ရမှာ မဟုတ်ဘူး။

www.foreverspace.com.mm



သို့ကလို အလိမ္မာတွေတုံး နေသော အလိမ္မာတုံး အမည်သညာခေါ် စရာတွင်သော ကျွန်တော်သည် မဟာဇနကထုံး နှလုံးမူ၍ "သူတောင် ပင်လယ်တွင်း ခုနစ်ရက် ကူးသေးတာ။ ငါကတော့ ငါကြိုက်သည့် လှော်စာအိုးထဲ ဘယ်နှစ်သက်ဖြစ်ဖြစ်ကူးမယ်"ဟူသော ဇွဲလုံ့လဖြင့် ဆက်လက် ကူးခတ်လာလိုက်တာ ပွဲရာသီပင် ကုန်မတတ်ဖြစ်လာရပါသည်။

ဇာတ်ပွဲဆိုသည့်အမျိုးကလည်း တစ်နှစ်တာလုံးကဖို့ တစ်ဇာတ်လျှင်

ဇာတ်ထုပ်သုံးလေးထုပ်လုပ်ထားမင့်ကိုး။ ဒါကြောင့် ဘယ်ဇာတ်ကြည့်ကြည့် နှစ်ခါသုံးခါကြည့်ပြီးသားချည်း ဖြစ်နေပေပြီ။

"ဟာ . . . ဒီဇာတ်က နွေရင်ခွင်ထဲဝင်ခဲ့ပါ"

"သြော် . . . ဒီဇာတ်က ကျားအသည်းနဲ့ နှလုံးလှသခင်"

"ဟင် . . . ဒါက မှောင်သောလမ်းက ရွှေလက်ရှင်"

စသည်ဖြင့် စသည်ဖြင့် ဇာတ်စ၊ ဇာတ်ကသည်နှင့် တစ်ဇာတ်လုံး အလွတ်ရရုံမက၊ ဒီနေရာမှာ လူရွှင်တော်ဘယ်လိုဝင်ဖောက်မယ်အဆုံး သိနေပါသဖြင့် . . .

"နင် ဒီဇာတ်ကိုကြည့်ပြီးသားပဲ မကြည့်ပါနဲ့တော့လား"

ဟူ၍လဲမရ။ မကောင်းပါဘူးဟာ ဆိုလည်း မလှုပ်။

"ရုတ်ရုတ်မလုပ်နဲ့ လျှော်စာလမ်းခွဲဖြစ်သွားချင်လား"

ဆိုသည်များကြောင့် ကြည့်ပြီးသား ဇာတ်များပြန်ကြည့်၊ ရပြီးသား ဒိုင်ယာလော့ဒ်တွေပြန်နားထောင်နှင့် ကိုယ်တိုင်ပင် ဇာတ်ထုပ်ပေါင်းလေး ဆယ်ကျော် အပိုင်ကျက်မိနေချေပြီ။

သည်ကြားထဲ မင်းသားဆိုသည့်အမျိုးက အသရေတိုးလှပါသည် ဟူသော သူတို့မျက်ခွက်မှ ဟိုနှစ်လုံး (မျက်လုံး) ကလယ်ကလယ်လုပ်ကာ

"သားကို မမလေးအေးနွယ်၊ မမကြီးစိန်မှုံ၊ ဒေါ်ဒေါ်ခွေးမတို့က မနေ့က သီချင်းကလေးပဲ ပြန်ဆိုပေးပါဆိုတာကြောင့် ယနေ့ညမှာ နှစ်ထပ်ရှိမှ မှတ်မိအောင် ထပ်မံသီဆိုပေးလိုက်ရပါတယ်။ နားသောတ ဆင်ကြည့်ကြပါ"

ဘာမှမဟုတ်ဘူး။ ဘယ်သူမှမတောင်းဘူး။ သူ့ဘာသာ သူ ဇာတ် တိုက်ထဲက အပျင်းကြီးပြီး သီချင်းကို နှစ်ပုဒ်တစ်ပိုင်းတိုက်ထားတာ။ ဒါကြောင့် ပထမညဆိုရင်ကိုကုန်ပြီ။ နောက်ညကျရင်ဆိုစရာက မကျန်တော့ဘူး။ ဒါနဲ့ ပရိသတ်ကပဲ သီချင်းတောင်းသလိုနဲ့ဆိုပြီးသားတွေကိုပဲ ပြန်ရောချနေတာ။

"ဒါကြောင့် မင်းသားများ သီချင်းတောင်းလို့ ပြန်ဆိုရတာပါဆို မယုံလေနဲ့ ကိုယ်တွေ့"

နောက်ပြီး သီချင်းတွေကလည်း သူတို့ဖာသာသူတို့စပ်ထားတာ ပါသေး။

"မမရေ မမရေ . . . မမတော့ မသိဘူး . . . နော်"

"ဒီမြို့ကို ဒီမြို့ကို ရောက်ရောက်ချင်းလေ . . . "

"မမအိမ်နား ရောက်ခဲ့တယ်၊ မမခြံနား ရောက်ခဲ့တယ်"

လစ်ရင် ထဘီသုတ်ဖို့လား မသိဘူး။ သူတို့စိတ်ထဲမတော့ အချူဇယားပေါ့။ ဒီမြို့ကိုရောက်ရောက်ချင်း မမအိမ်နားရောက်ခဲ့တယ်ဆိုတော့ သူ့နိုးကိုယ့်နိုးနိုးပေါ့။ ကျုပ်တို့ကသာ ရွံ့နေကျလူဆိုတော့ သူခိုးပဲ တန်းမြင်တယ်။ ဟုတ်တယ်။ အဲဒီမင်းသားက ကျုပ်မဒီ အကြိုက်ဆုံးမို့ တင်းနေတာ။ အဲဒါကြောင့် ပြောတာ။ တစ်မျိုးမထင်နဲ့။

နောက်ပြီး လာသေးတယ်။

"ဒီတစ်ခါ သားသား သီဆိုပြချင်တာကတော့"

"တစ်ခါက ရှော့ကဒ်ဒုံး"

ကိုင်း အဲဒီသီချင်းကြားဖူးလား။ ကြားကြားဖူးပေါင်။ ဆိုမှသိတယ်။ တစ်ခါက ရှော့ခ်အင်ရိုးမှန်း။

ကြည့်ဦး သူ့စာသားကို . . .

"ရှော့ကဒ်ဒုံးရဲ့ကောင်းသောအစဟာလေ . . . ထိတ်ထိတ်လန့်လန့် ဆူညံပွက်ခံနေ. . ဒီမြေသဘော ဝင်တားဆီးမရနိုင်လို့ ကမ္ဘာကိုပတ်တဲ့ တခြားသောအရပ်က ချွတ်တားတွေ. . ဒီမြေကြီးထဲရောက်ခဲ့ရတဲ့ ချွတ်တားတွေ. . . လာပြီ တစ်ခါက ရှော့ကဒ်ဒုံး ဒီကမ္ဘာမြေကို ဖမ်းစားခဲ့တဲ့ တစ်ခါက ရှော့ကဒ်ဒုံး၊ ဆူဆူညံညံ ထိတ်လန့်ခဲ့ . . . "

တစ်ခါထဲ ရှော့ခ်အင်ရိုးသီချင်းက သူဆိုလိုက်မှ စစ်ကြီးဖြစ်လို့ တစ်ဖက်နဲ့တစ်ဖက် ရှော့ကဒ်ဒုံးနဲ့ဆော်တာကျနေတာပဲ။ ဒီကြားထဲ ဟိုချွတ်တားတွေက ပါသေး . . .။

ထားဦး . . .

卍 卍 卍

www.foreverspace.com.mm



ကြည့် . . . ။

ပွဲချိန်ကလည်း ကုန်ခါနီးနေပြီ။ လူကလည်း နေ့လယ်ဈေးလည်း ရောင်းရ၊ ညလည်း မအိပ်ရနဲ့၊ နဂိုကမှ လူက လက်တောက်လောက်ရှိတာ။ အဲဒီလက်တောက်လောက် လူကလက်တောက်လောက်ကိစ္စနဲ့ လက်တောက်လောက်လေး ကပ်ပါနေတော့၊ လက်တောက်လောက်ပဲ ကျန်ရော ကဲ. . . ။

သို့ပေမယ့် ဖွဲ့တော့မလျှော့ဘူးဗျ။ ဩော် သူငယ်ချင်းတွေကတော့ မေးရှာပါတယ်။

www.foreverspace.com.mm

"မင်း လွင်လွင်ဦးနောက် နေ့ရောညပါလိုက်ပြီး မျက်တွင်းတောင် ဟောက်ပက်ဖြစ်နေပြီ၊ အခြေအနေက ဘယ့်နှယ်လဲ၊ အရင်အတိုင်းပဲလား၊ မင်းကိုက အသုံးမကျပါဘူးကွာ"

ပြောပါများတော့ အပြောမခံနိုင်တဲ့အဆုံး လှည်းလမ်းကြောင်း ဒူးပွတ် ပြန်ရတာ။ လူအထင်ကြီးနည်းမှတ်လို့ဆိုပြီး . . .

"ပြောချင်ပါဘူးကွာ၊ အခြေအနေကတော့ ငါ့ဒူးသာကြည့်တော့"

ဟုတ်တာလဲမဟုတ်ဘူး။ လူအထင်ကြီး ပြီးရောဆိုပြီး ကိုယ့်ဟာကိုယ် လှည်းလမ်းကြောင်းဒူးပွတ် အမာရွတ်ရအောင် လုပ်ထားတာတွေ လှန်လှန်ပြနေရတာ။ ဒူးဒဏ်ရာပြောပါတယ်။ အစကတည်းကိုက ရှာက ကောင်မတစ်ယောက် လင်နောက်လိုက်ပြီးအသံကြားတာနဲ့ ခြင်ထောင်ထဲ ဝင်ပုန်းတဲ့အကျင့်ကရှိနှင့်လေတော့

"ဩော် ဘာပဲဖြစ်ဖြစ် ငါနဲ့ အထင်ခံရနည်းလား"

ဆိုပြီး . . .

"ဟယ် ဟိုကောင်မလေးပျောက်သွားတယ်ဟုတ်လား၊ ကြည်ဖြူလဲ ပျောက်နေတယ်ဟ။ သူနဲ့များ"

ဘာမှမဟုတ်ဘူး ကိုယ်က ခြင်ထောင်ထဲဝင်ပုန်းနေတာ။ အဲသည်လို အထင်ခံရတာပျော်လို့။

ထားဦး ဇွဲကောင်းပုံဆက်မယ်။ ယူတဲ့မူကိုက ရှေးမူ။

"မင်းကိုမှ မရရင် မထဘူးကွယ်"

ဆိုတဲ့ ရှေးခေတ် မင်းကုသက လမ်းမပေါ် လှဲအိပ်နေလွန်းလို့ ပပဝတီ နဲ့ ပေးစားလိုက်ရတဲ့ထုံး နှလုံးမူရတော့တာပေါ့။

ဩော် . . . မင်းကုသ၊ မင်းကုသ ရှေးတုန်းကသာ လမ်းမပေါ် လှဲအိပ်လို့ရတာ။ အခုခေတ်ဆို ကုန်ကားကြိတ်လို့သေပြီ။ ဒါမှမဟုတ်လဲ ယာဉ်ထိန်းရဲက လမ်းပိတ်ဆို့မှုနဲ့ ဖမ်းပြီ။

ဟယ် . . . ဘယ်ရောက်ကုန်ပါလိမ့်။

အဲ . . . သို့ကလို ကိလေသာဇွဲ သူတစ်ပါးထက်နှစ်ပဲသာသော

www.foreverspace.com.mm

ကျွန်တော့်ကို လွင်လွင်ဦးမည် ကျွန်တော့်၏ ပပဝတီကလေးသည် တစ်ညနေ စောင်း လှော်စာပေါင်းနေစဉ်၌ မကျည်းပင်အောက်၌ အိပ်ငိုက်နေသော ကျွန်တော့်အား ဤသို့စကားစလာပါသည်။

"ဟဲ့ . . . စောကြည်ဖြူ နင် ငါ့နောက် ဘာကြောင့်လိုက်နေ ရတာတုန်း"

ဟူလတ်သော် ကျွန်တော့်မှာ ရှိရင်းစွဲနှစ်လုံး (မျက်လုံး)ကျယ်ပြီး သကာလ တုန်ရင်သောအသံဖြင့် . . .

"ဒါကတော့ဟယ် နင်လဲအသိကြွယ်သူပေပဲ၊ အဟဲ မနည်းစဉ်းစား ယူစရာမှ မဟုတ်တာ"

ဆိုတော့ လှော်စာမ မှော်ဆရာမလေးကပြုံး၍ မျက်မှောင်ကြုတ် ရင်း . . .

"အေး ငါလဲ နင့်အတွက်စဉ်းစားနေပါပြီဟယ်"တဲ့။

ကျုပ်မှာလေ ပျော်လွန်းလို့ မကျည်းပင်ပေါ် ဘယ်လိုရောက်သွား မှန်းမသိဘူး။

ကျွန်တော့်အတွက် သူ စဉ်းစားတော့မယ်တဲ့။ ကျွန်တော့်မှာ ဒီ အခွင့်အရေးရဖို့ ဘယ်လောက် အပင်ပန်းခံကြိုးစားခဲ့ရတယ်ဆိုတာ သိမှာ ပေါ့။

"ဟဲ့ . . . အို ဘယ်လိုဖြစ်ရတာလဲ၊ တွဲလောင်းလေး ငါမကြည့် ရဲဘူး"

ကလေးဆိုတော့ မကျည်းပင်ပေါ် လက်နဲ့တွယ်ပြီး အဲဒီအတိုင်းကို ခြေနဲ့ ပြန်ကုပ်ထားတာကိုး။ အဲဒါကို သူပြောတော့ တွဲလောင်းလေးတဲ့။ အေးလေ အနေအထားက တွဲလောင်းလေးတော့ တွဲလောင်းလေးပေါ့နော် သစ်ပင်ပေါ်မှာကိုး။ ဒါပေမယ့် တွဲလောင်းလေးဆို ပြီးတဲ့ဟာကို့ . . .

"ဟဲ့ . . . အမြန်ဆင်းပါဟဲ့ ငါမြင်တာအကြောင်းမဟုတ်ဘူး။ ငါ့ အမေ မြင်ရင် ရယ်လိမ့်မယ်"

တွဲလောင်းလေးဘဝကခုန်ချလို့ မြေပြင်ပေါ်နှလုံးမြေကျ

www.foreverspace.com.mm




ပြန်ထိုင်ချလိုက်တယ်။ ပျော်နေတာ ကြည့်တောင်မကောင်းဘူးပေါ့။

သြော် . . . နှစ်ရှည်လညောင်း အတူတူနေ တခွေခွေရှိနေပါ လျက်နဲ့ ဒီညနေစောင်း လှော်စာပေါင်းမှ ငါ့အတွက် စဉ်းစားနေပြီတဲ့။ ကောင်းပေလေ့ ။

ဘာပဲဖြစ်ဖြစ် သူအခုအဖြေပေးရင် ဆယ့်ရှစ်နှစ်သားကျမှယူ မိဘဆီကအမွေခွဲ သူ့ကို လှော်စာဆိုင်ကြီးတစ်ဆိုင်ဖွင့်ပေး ကျွန်တော်က ဆိုက္ကားသုံးစီးလောက် ထောင်စား။ တစ်သက်လုံး အချစ်လည်းမပျက်၊ ထမင်းလည်းမငတ် နေနိုင်တဲ့အပြင် ပွားစည်းလာမယ့် ရတနာအစု ဟို ဘုစုခရုတွေကိုတောင် ပြောင်သထက်ပြောင် ဟောင်သထက်ဟောင်အောင် ထားနိုင်ပေါ့။ သြော် . . . ဆယ့်သုံးနှစ်သား အတွေးပေကိုး။ ပျော်စရာ မကောင်းလား . . .

www.foreverspace.com.mm



အဲဒီညနေမှ မိန်းကလေးတစ်ယောက် သနပ်ခါးသွေးလိမ်းတာ တစ်ခါကြုံဖူးတယ်။ သူသနပ်ခါးလိမ်းတာ ကိုယ့်မှာတော့ ဘာမှလဲမလုပ်ဘဲနဲ့ ဘာနဲ့တူသလဲဆို ဆီပြန်နေတဲ့ ဝက်သားဟင်းကြီး အုပ်ဆောင်းနဲ့ အုပ်ထားသလိုကြီး။ မြင်ရတာက အဆီတဝင်းဝင်း၊ ထိလို့လဲမရ၊ ကိုင်လို့လဲမရ အဲလိုကြီး။ အုပ်ဆောင်းကြီးအုပ်ထားလို့လေ။

"ဟဲ့ နင်ဘာလို့ လာကြည့်နေတာလဲ၊ သနပ်ခါးတုံးနဲ့ ကောက်ထုလိုက်ရ ဟုတ်ပေ့ဖြစ်နေဦးမယ်။ သွား အပြင်မှာ


www.foreverspace.com.mm

သွားနေ”

ရိုးတာကိုး။ အပြောခံရနည်းသေး။ ကိုယ့်မှာအပြင်ထွက်ပြီး သူ့ထိုင်စောင့်နေရတာ။ အမှန်ဆို စဉ်းစားကြည့် တစ်အိမ်လုံး သူနဲ့ကျွန်တော် နှစ်ယောက်တည်းရှိတာ။ အနေအထားကလည်း ခူးပြီးခပ်ပြီး နှပ်ပြီးသား အုပ်ဆောင်းလေးလှပ်လိုက်ရုံရှိတာ။ အဲဒါကိုတောင် . . .

ရိုးတာကိုး။ အထင်လွဲမယ်စိုးလို့ အနံ့လေးတောင် မရှူခဲ့ဘူး။ အသက်အောင့်ထွက်ခဲ့တာ။ ရိုးတာလေ။ ရိုးတာ။ အခုနေစဉ်းစား ကြည့်တယ်။ ဩော် . . . ဒီအုပ်ဆောင်းလေးလှပ်ရတာ ဘာခက်လို့။ ဖတ်ဆို လှပ်လိုက်ရင် ဒီဝက်သားဟင်း ငါ့ဟင်းဖြစ်ပြီ။ ရိုးတာလေ။ အုပ်ဆောင်း လေးကို မထိခဲ့လိုက်ဘူး။ ရိုးတာ . . . ရိုးတာ။ ဟင်း အခုနေများ ပြန်ကြုံချင် စမ်းပါဘိ။ ဝက်သားဟင်းမပြောနဲ့ ။ ဟိုနားက ငပိအိုးတောင် ကျန်မှာ မဟုတ်ဘူး။

卍 卍 卍



သို့ကလို သူစဉ်းစားမယ် ဆိုပြီး သကာလ ပွဲနောက်ဆုံးညတွင်၊ ဤ ညလွန်မြောက် အလင်းသောက်လျှင် ချစ်ခင်မှု အဖြေရချေပြီဟူသော အတွေးဖြင့် “နင်လားဟဲ့ ချစ်ဒုက္ခ” . . ငါတို့ ညီအစ်ကို မောင်နှမများထဲမှာ ငါအရင်ဆုံး အိမ်ထောင်ကျသူ ဖြစ်ရမယ်။

သြော် . . . မကြုံးဝါးသင့်တာ ကြုံးဝါးတယ်ပြောပါတယ်။

မည်သို့ပင်ဖြစ်စေ၊ အချစ်နှင့် ပတ်သက်လျှင်ငါသာအမှန်ငါသာ အလန်

www.foreverspace.com.mm

ဇယား၊ သူများပစ္စည်းခိုးပြီးပြန်ထားစရာမလိုတာ မိန်းမတစ်မျိုးရှိတာဟု စိတ်ပိုင်းဖြတ်ပြီးသကာလ "ဒီပစ္စည်း တော့ ရအောင်ယူရဦးမဟ" အတွေး လှလှနဲ့ဖေးမလို့နေသဗျ။

(အင်း တော်ပါသေးရဲ့။ ကာရန်က ဖေးမတစ်လုံးရလို့ နောက်မ ဟုတ် မတွေးရဲစရာ။ ဒါမှမဟုတ်ရင် အတွေးလှလှနဲ့ဆို 'မ' စရာတစ်ခု ကျန်တာ)

အားလုံးပဲ စဉ်းစားကြည့်လေ။

သူတစ်ပါးအိမ်က အရုပ်ကလေးလှလို့ကိုင်ကြည့်ရင်း ကိုင်ကြည့် ရင်း သူ့နေရာတကျပြန်ထားရသဗျ။ သူတစ်ပါးဆီက အဝတ်အစားယူ ဝတ်ပြီးရင် အိမ်ပြန်ချိန် ပြန်ချွတ်ပေးခဲ့ရသဗျ။ သူတစ်ပါးဆီက ပန်းပင် လေးကိုင်ကြည့်ပြီး၊ နေရာတကျပြန်ထားရပြန်ရော။ အဲဒီလို ပြန်ထားတဲ့ အတွက် ဘယ်သူမှ အပြစ်မမြင်ဘူး။ ယူသွားရင်သာ အပြစ်ရှိတာ။ တရား စွဲခံရမှာ။

ဟော မိန်းမကျတော့ အဲလိုမဟုတ်ဘူး။

အမှန်ဆို ဒီမိန်းမက ကိုယ့်ပစ္စည်းမဟုတ်ဘူး။ သူ့မိ၊ သူ့ဘ၊ သူ့ ဘိုးဘွားပိုင်ပစ္စည်း။ ဒါပေမယ့် အဲဒါကို ယူပြီးရင် ဘယ်တော့မှ ပြန်ထားစရာ မလိုဘူး။ ယူပြီဆိုတာနဲ့ အပိုင်ရပြီပဲ။

အဲဒီတော့ လောကမှာ သူတစ်ပါးပစ္စည်း ယူပြီး ပြန်ထားစရာမလို တာ မိန်းမပဲရှိတာ။ ဒါကြီးကျတော့ ယူပြီး ပြန်ထားကြည့်ပါလား။ တရား တောင် အစွဲခံရဦးမှာ . . .

"ငါ့သမီး နင်ယူလို့ဝမှ အိမ်ပြန်ချခဲ့တယ်ဟုတ်လား"ဆိုပြီး

နောက်ပြီး ဒါကြီးကိုယူပြီး မကြိုက်ပါဘူးဆိုပြီး ပြန်လဲလို့လဲ မရဘူး။ "ယူပြီးပစ္စည်း ပြန်မလဲပါ"ဆိုတဲ့အထဲမှာလဲ မိန်းမက နံပါတ်တစ်က ပါသဗျ။

အဲဒီ စည်းကမ်းချက်သာမရှိရင် ပြန်လဲလိုက်မယ့်အမျိုး၊ ဟင်။

"ဩော် အိမ်ကဟာကြီးတော့ ဟောင်းသွားလို့။ သူ့ငယ်စဉ်ကလို

www.foreverspace.com.mm

အရွယ်မှန် ဆိုဒ်မှန် တစ်ကိုယ်တော်ဝတ်ကလေးနဲ့ လဲပေးပါ"

"အာ . . . ကြာပါတယ်ကွာ . . . ဒီဟာကြီးကလွဲရင် ဘာဖြစ်ဖြစ်"

အဲဒါမျိုးတွေလဲ နည်းမယ် မထင်ပေါင်။

သိုးဆောင်းဟာသလေးတောင် သတိရပ့်ါ။

"ငါကွာ အိမ်ထောင်မကျခင်က ဘယ်မိန်းမကြည့်ကြည့် လှခဲ့တာ"

"အခုရောကွာ"

"အခုတော့ တစ်ယောက်လျော့သွားပြီ"

မိန်းမဘက်ကတော့ ပြောပါတယ်။

"မရခင်ကတော့ ဖျာလိုလိပ် ထိပ်ပေါ်တင်"

"ရပြီးတဲ့အခါကျတော့ ဖျာလိုခင်း ခြေလိုနင်း"

မရခင်မှာ ဖျာလိုလိပ် ထိပ်ပေါ်တင်တာတော့ ဟုတ်ပါရဲ့။ အကြောင်း မသိသေးတော့ တင်ကြည့်တာပေါ့ . . . ။

ဖျာလိုခင်းတဲ့အခါကျမှ ကြမ်းပိုးကထိုးတော့ ဘယ်သူက ခံနိုင်မှာလဲ။ ကျုပ်တို့ ယောကျ်ားတွေဘက်က ပြောပါတယ်။ မိန်းမများ ပါးစပ်ဒဏ်က ကြမ်းပိုးထိုးတာထက် ဆိုးသေး၊ ဟုတ်ဖူးလား။

ဒါကိုတောင် အမျိုးသမီးထုတွေက ပြောရဲ့ . . .

"ရှင်တို့ ယောကျ်ားတွေ ဘာကောင်းသေးလို့လဲ။ မပြောကောင်း မနိုင်းကောင်းပါရှင်ရယ်။ ကန်တော့ပါရဲ့ ဘုရားရှင်ကိုယ်တော်မြတ်တောင် ယသော်ဓရာကိုထားပြီး တောထွက်သွားသေးတာပဲ"

ဩော် . . . အဲလိုမှ မိန်းမပစ်ပြီး တောမထွက်ရင် ကျွန်တော်တို့ အခု ဘာကိုးကွယ်ရမှန်းတောင် သိမှာမဟုတ်ဘူး။

မိန်းမပစ်မှ ဘုရားဖြစ်တာ။ ဆက်ပြောရင် ယောကျ်ားထုကို မြှောက်ပေးရာကျတော့မယ်။

ကိုင်း ထားပေဦးတော့။

ပြောနေတဲ့ ဇာတ်ကလေးတောင် ဘယ်ရောက်သွားမှန်းမသိဘူး။

www.foreverspace.com.mm



အဲသည်လိုနဲ့ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ အလုပဂေးလှော်စာလေးတို့သည် မီးထမ်း၊ ဖယ်တောက်၊ အံစာခေါက်သံတွေဝေ၊ စိန်ရွှေရတနာတွေ သီးထအောင် တစ်နည်းအလှကညာတွေ စုဝေးရာ ဆယ့်နှစ်ပွဲဈေးမဟာသို့ ရောက်ပြန်ပြီ ဆိုပါတော့။

ဟောဒီက ပလာတာ၊ ဟောဒီက ခါဂျာ၊ ဟောဒီက ဟာလဝါစသည် စသည်ကြား၊ ဟောဒီက လှော်စာစုံတွဲ သည်လဲ ပွဲထဲလှည့်ရပြီပေါ့။

“ဟော. . . ကြည့်စမ်း ကြည်ဖြူ

ဒီည အစောကြီး ဇာတ်ပွဲ ကန့်လန့်ကာ မပဟဲ့၊ ဟော ဆိုင်းသံလဲစည်ပြီပ၊ ပွဲထွက်တော့မယ့် အရေး ဆိုင်းဝိုင်းဘေး ငါ သွားငေးနှင့်မယ်။ ဈေးကတော့ အရင်လို နင်ရောင်းကျန်ပေတော့"

ဆိုတော့ ကျွန်တော်က . . .

"ဟာ . . . နင်ကလဲ ခုမှ ကန့်လန့်ကာမလို့ အပျိုတော်စမှာ ဒါပြီးမှ နတ်ကတော် ဘုရားကန်တော့ခန်း၊ အပျိုတော်ယိမ်းနဲ့ စတိတ်ရှိုး၊ နင်တိုးကြည့်နေလဲ၊ နင်ကြိုက်တဲ့ မင်းသားက အင်းဖျားမှာ မူးတုန်းရူးတုန်း နေမှာ"

"အိုအေ . . . သူ့ဘာသာသူ ဘာဖြစ်ဖြစ် ဒီညမှာ ငါကြိုက်တဲ့ပြဇာတ် 'နေမဝင်လမဝင်အချစ်' ဆိုတဲ့ ပြဇာတ်ကို ပြဇာတ်မင်းသား လူငယ်ရန်ကုန်တောက်ထိန်ကမှာဟဲ့၊ သူက ရန်ကုန်ဆိုတဲ့အတိုင်း စကား ကြွယ်တာ"

အမှန်တော့ ဘာရန်ကုန်ကမှမဟုတ်ဘူး။ ရပ်ကွက်ထဲ ဆိုတ္တားလည် နင်းနေတာ။ လူလည်းငယ်တာ မဟုတ်ဘူး လေးဆယ် ကျော်ကြီး။

"ငါ့ရဲ့မဟူရာရောင်သေနတ်ထဲက ငွေရောင်ကျည်ဖူးလေးတွေ မင်း ရင်ထဲ ထာဝရမကိန်းအောင်းချင်ဘူးဆို ငါပြောတာနားထောင်"

"ဟား . . . ဟား . . . ခွေးကလေးခုန်လို့ ဖုန်မထပါဘူးကွ၊ လက်ညှိုးကလေးကွေးတတ်ရုံနဲ့ ပစ်မှတ်တော့ မထိဘူးနော့၊ မင်းရဲ့နဖူး ကျည်တူးရာတော့ မြင်နေပြီ . . . ဟား . . . ဟား"

ဒါမျိုးတွေထွက်တယ်။ အဲဒါကို ဒီမင်းသားအပြောပိုင်တယ်ဆိုပြီး ကြိုက်နေတာ။ ကျုပ်သာဆို အဲဒီလိုပေါက်ကရအလုံးမျိုး စဉ်းစားစရာတောင် မလိုဘူး ဖလွတ် ဖလွတ်နဲ့ ထွက်တယ်။ မပြောချင်လို့ကြည့်နေတာ။

စဉ်းစားတုန်းရှိသေး တားချိန်တောင်မရလိုက်ပါဘူး။ လှော်စာဗန်း ကျွန်တော့်ရှေ့ချ၊ လှစ်ခနဲ ပျောက်သွားတော့တာ။

"ဟေ့ . . . ငါသွားပြီ။ ငါ့ကိုလိုက်ရှာရင် နင်မူးသွားလိမ့်မယ်။

www.foreverspace.com.mm

တကူးကူးကူပဲဟေ့”

သွားခါနီး တကူကူးကူလုပ်သွားသေးတာ။ သဘောကတော့ ငါတော့ ပုန်းပြီပေ့ါ။ နင်တွေ့အောင်လိုက်ရှာဆိုတာမျိုး။

ဒီလိုနဲ့ပဲ အစ်ကိုတို့ရေ . . .

ညလည်းနက်ပြီ။ ပြဇာတ်လည်းထွက်ပြီ။ ကျွန်တော့်ရဲ့ မှော်ဆရာက ပေါ်ကို မလာဘူး။ သူပေါ်မလာတာအကြောင်းမဟုတ်ဘူး။ ရောင်းရတဲ့ လှော်စာက ကုန်ကိုမကုန်နိုင်ဘူး။ ခါတိုင်းညဆို အစိတ်ဘိုးလုပ်ရင် ပြဇာတ်ထွက်ခါနီးဆိုကုန်ပြီ။ အခုမှ (ဒီညမှ) ရောင်းကောင်းလို့ဆိုပြီး လေးဆယ်ဖိုးတောင်လုပ်လာတာဆိုတော့ တော်ရုံနဲ့ကို မကုန်နိုင်ဘူး။

ငွေသားလေးဆယ်တောင်ဆိုတော့ ကျွန်တော်လဲ မစိုက်နိုင်ဘူး။ တစ်ညကို ငါးကျပ်စိုက် တစ်ဆယ်စိုက်နဲ့ဆိုတော့ ဘယ်ကမှကို နှိုက်လို့မရတော့ဘူး။ ဒါကြောင့် ရှိရင်းစွဲလေးပဲ မကုန်ကုန်အောင် လုပ်နေရတာ။

ဆယ့်နှစ်ပွဲဈေးတွေရဲ့ ထုံးစံအတိုင်း ညနက်လေ လူတွေကအပြင်မထွက်လေ။ ပွဲရှိန်တက်လေ လူပြတ်လေနဲ့မို့ ဘယ်လိုမှရောင်းမကုန်ဘူး။ ခါတိုင်းဆိုရင်တော့ လှော်စာဗန်းချ၊ ခဏနေ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ ကုန်နေကျဆိုတော့ ရောင်းတတ်တာပေ့ါ။ အခုတော့ တစ်ခါလာလဲ မကုန်။ တစ်ယောက်တည်းလဲဖြစ်ဆိုတော့ လှော်စာဗန်းကြီးရှေ့ချပြီး ကျီးကြည့်ကြောင်ကြည့်ဖြစ်နေမိတာ။

ဟော ပြဇာတ်ပြီးလို့ လူတွေလှုပ်လှုပ်ရွရွနဲ့ ပြန်ထွက်လာကြပြီ။ ဟိုကောင်မရော။ ဟင်း ပြန်မထွက်လာသေးပါလား။ ပွဲခင်းထဲပဲ အိပ်ပျော်နေပြီလား။ ဒါမှမဟုတ် အများရှင်တဲ့ နှစ်ပါးခွင်မှာ ဟိုဖားဖင်နဲ့ မင်းသားစိန်တစ်ရိုး၊ ကျွမ်းထိုးတာပဲ ဆက်ငေးနေဦးမလား။

ဘာပဲဖြစ်ဖြစ် ကျန်တာလေးတော့ ဆက်ရောင်းဦးမှ။


“လှော်စာတွေရမယ်နော်”

ဟော လှော်စာတောင် ကုန်ခါနီးပြီပဲ။ ဟင်. . . ကြည့်စမ်း နှစ်ပါးခွင်က မြန်လိုက်တာ ပြီးသွားပြန်ပြီ။

www.foreverspace.com.mm

အလို နောက်ပိုင်းဇာတ်ထုပ်က ရေငံပိုင်ဦးရှင်ကြီး ဆိုပါလား။ ဒါဆို ကောင်မ ဦးရှင်ကြီးစီးတော်ကျား ဆိုင်းဝိုင်းပေါ် ခုန်ပျံကျော်လွှားတွေ ကြည့်ဦးမယ်ထင်ပ့ါ။ ဟင်း . . . တတ်လဲ တတ်နိုင်တဲ့ မတတ်မလေး။ ဘယ်အရေးကျမှ ပြန်လာမှာပါလိမ့်။

www.foreverspace.com.mm



အဲဒီလိုနဲ့စောင့်လာလိုက်တာ၊ နံနက်ခင်းပေါက်လို့ အလင်းပင်ရောက်ခဲ့ပြန်ပါရော့လား။ ပွဲခင်းကလူတွေ အိမ်ပြန်လို့ ဇာတ်အဖွဲ့သားနဲ့ ဆိုင်းဆရာတွေတောင် ပတ်စာခွာ ဖျာသိမ်းကုန်ပေါ့။ ကျွန်တော့်မှာလဲ ပွဲရှေ့ ပွဲနောက်၊ ဖျာအောက်ပါမကျန် မြေလှန်ရှာပေမယ့် ဘယ်မှာမှမတွေ့ဘူး။

သူကြိုက်တဲ့မင်းသားကိုများ သွားမိတ်ဆက်နေရော့လားဆိုပြီး မင်းသားအခန်း သွားချောင်းတော့ မင်းသားခမျာ

လေလာရာဖက် တင်ပါးပေးလို့ အေးအေးလေးနဲ့ပြောင်နေပြီ။ အိပ်တာမှ သိုးလို့။

သေချာပြီ။ သေချာပြီ။ ဒီအဆင်နဲ့ဒီအဆင်ဆို ဒီကောင် မ ငေါ့ကိုလှော်စာဗန်းပေး တကူကူးကူလုပ်ပြေးလို့ အိမ်မှာပြန်အိပ်နေပြီထင်ပ့ါ။ တွေ့ကြသေးတာပေ့ါ။ အိမ်ကျမှ ဟင်း . . .

အတွေးရလို့ အပြေးပါပဲဗျ၊ သူ့အိမ်ပြန်တော့ အိမ်မှာ သူ့အမေက လှော်စာအကျန်နဲ့ ကျွန်တော့်ကို လှန်လို့ကြည့်တယ်။ မျက်လုံးပြောတာနော်။

"ဘယ်မှာလဲ ဟိုကောင်မ၊ ဘယ်နားသဝေထိုးပြီး၊ ဘယ်လင်မျိုးနဲ့ နေခဲ့လဲ"

မတော်ရသေးတဲ့ယောက္ခမရဲ့ ယဉ်ယဉ်ကျေးကျေးအမေးကို ကျွန် တော်ကလဲတွေးပြီး . . .

"အဲဒါပဲ ပြောမလို့ဒေါ်ဒေါ်ရေ၊ ညဦးထဲက ကျွန်တော့်ကို လှော်စာ ဗန်းကြီးပေးပြီး ပြေးသွားလိုက်တာ အခုချိန်ထိ ပြန်ပေါ်မလာလို့ . . . အဲဒါ အဲဒါ . . . အိမ်ပြန်မရောက်သေးဘူးလား။ သူနဲ့ကျွန်တော် တကူကူးကူတမ်း ကစားနေတာ"

ကျွန်တော့်ရဲ့ ဘုမသိဘမသိအမေးကို သူ့သမီးယုံတဲ့အမေဖြစ် သူက . . . .

"ဟဲ့ ဘယ့်နှယ် တကူကူးကူရမှာလဲ၊ တစ်ညလုံး ပြန်မလာပုံ ထောက် လင်နောက်သေချာပေါက်လိုက်တာပဲ ဖြစ်ရမယ်၊ ခုချိန်လောက်ဆို သူ့လင်နဲ့ တကူကူးကူနေလောက်ပြီ"

"ခင်ဗျာ"

"ကွမ်းယာရောင်းတဲ့ မောင်တင်အောင်နဲ့လား၊ စက်ဘီးပြင်တဲ့ တင် မောင်လွင်နဲ့လား၊ ထန်းပင်တောကြားက ဖိုးစံခွားနဲ့လားပဲ မသိတာ"

သူ့အဖြေကြားတော့ ကျွန်တော့်မှာ ချက်ချင်းပင် မျက်ရည်ဝိုင်းမိ တော့တယ်။

ဟင် တစ်သက်လုံး မွေးလာတဲ့ကြက်။ ဥကတည်းက အရိပ်



www.foreverspace.com.mm

တကြည့်ကြည့်နဲ့ ကြက်မကြီးရဲ့ ဝပ်ပါဟဲ့ အကောင်ပေါက်ရင် ငါ့အတွက်ဆိုပြီး ကြည့်လာလိုက်တာ မြွေပွေးတွေ တစ်ချက်လစ်တာနဲ့ ဘယ်ကောင်ဝင်ရိုက်ချက်သွားမှန်းကို မသိလိုက်ဘူး။

ဩော် . . . ပြောတော့ ငါ နင့်အတွက် စဉ်းစားနေတာတဲ့။ ဟောဒီလျော်စာဗန်း တစ်သက်လုံးတစ်ယောက်တည်းထမ်းဖို့ စဉ်းစားသွားတာလားမသာမရဲ့ ဟင်။ မတတ်နိုင်ဘူး။ ဒီအခြေအနေမျိုးဆို လူတိုင်း ဆဲမှာပဲ။

စဉ်းစားကြည့်လေ။ ညဦးပိုင်းထွက်သွားခါနီးမှာတောင် တူတူရေဝါးလည်းမမည် တူပြီလည်းမဟုတ် တကူကူးကူဆိုပြီး လုပ်သွားတာ။ အဟုတ်မှတ်တာပေ့ါ။ အခုတော့ကြည့်ကြပါဦး အရပ်ကတို့ရဲ့။ သူ့ကို ချစ်လှပါချည်ရဲ့ ကြိုက်လှပါချည်ရဲ့ဆိုပြီး အနစ်နာခံပြီး စောင့်နေသူကိုမှ တကူကူးကူလုပ်သွားတာ။ ဒီလိုမှန်းသိရင် ညဦးထဲက အုပ်ဆောင်းလှပ်ပါတယ်။ အခုတော့ ကျွန်တော် ဆယ့်သုံးနှစ်သားမှာလေ။

သဒ္ဒါလွန်သော် ရာဂ။

ပညာလွန်သော် ဇာဂ။

ဝီရိယလွန်သော် ဥဒ္ဒစ္စ။

ဥစ္စာလွန်သော် မာန။

ချမ်းသာလွန်သော် ရာဂတဲ့။ ကျန်သေးတယ် ကျန်သေးတယ်။ မပြောတော့ဘူး ကိုယ်နဲ့ဆိုင်တာပဲ ဆက်ပြောမယ်။ သူ့အပေါ် သဒ္ဓါသည်လည်းလွန်ခဲ့ပါပြီ။ ဝီရိယလည်း လွန်ခဲ့ပါပြီ။ ချမ်းသာရင်လဲ လွန်ခဲ့ပါပြီ သဒ္ဓါလွန်လို့ပဲ သူ့လျော်စာ လိုက်ရောင်းခဲ့တာပေ့ါ။ ဝီရိယလွန်လို့ပဲ နေ့ညမပြတ်ဖဝါးခြေထပ် လိုက်ခဲ့မိတာပေ့ါ။ ချမ်းသာလွန်လို့ပဲ သူ့လျော်စာဘိုးတွေ စိုက်ခဲ့တာပေ့ါ။ ဟုတ်ဖူးလား။

အဲဒီရဲ့ လွန်သုံးလွန်အကျိုးအမြတ်ကြောင့် ရာဂနှစ်ထပ်၊ ဥဒ္ဓစ္စတစ်ထပ်နဲ့ အပူမီးဟပ်ရတာပေ့ါဗျ။ ရည်းစားပူမိတယ်ဆိုတာ လူတိုင်းကြုံဖူးသဗျ။ နေမရထိုင်မရ၊ တင်ပါးအဝ မီးခဲပြသလို ပူပါတယ်ဆိုလည်း

"သေချာလား"

www.foreverspace.com.mm

မပူပါဘူးဆိုရင်လဲ

“အင်း . . . သေချာလား . . . ပဲ”

ဒါပေမယ့် နေမထိထိုင်မသာ နေပဲမကောင်းသလို ခေါင်းပဲ အုံသလိုနဲ့၊ ရင်ထဲ ဟပ်စိ ဟပ်စိဖြစ်မနေဘူးလား။ ကျွန်တော်လဲ အဲဒီတုန်းက အဲသည်လို ခံစားခဲ့ရတာကြောင့် . . .

“အောင်မယ်မင်းရယ်တဲ့ . . . ပြောရတော့မယ်”

“ကဲ မောက်လွန်ထူး၊ ကာမကြူး၍၊ ဉာဏ်ဦးမနိမ်၊ တင်းမတိမ်မူ၊ စည်းစည်ပျက်ခြင်း၊ စွပ်စွဲခြင်းနှင့် ရှက်ခြင်းရောက်ရာတဲ့ဗျ . . . ”

ဟယ် . . . ငိုချင်းတောင်ချမိတော့မယ်။ ပြောနေကြာတယ်။

ဇာတ်ပေါင်းကြပါစို့။

卍 卍 卍

www.foreverspace.com.mm




ဒါကြောင့် ယနေ့ယခုလူငယ်များဖြင့် ကျွန်တော့်လို လူအန္တဖြစ်အင်၊ ဖြစ်စဉ်များကို ဆင်ခြင်သုံးသပ်ပြီး သကာလ။ ချစ်ခြင်း၌ သဒ္ဓါလွန်ခြင်း၊ ချစ်ခြင်း၌ ဝီရိယ လွန်ခြင်းနှင့် ချစ်ခြင်း၌ချမ်းသာလွန်ခြင်းဟူသော လွန်သုံးလွန် ကို မျက်မှောက်ပြုနိုင်၍ . .

"သဒ္ဓါညွှတ်ကြည်ဖြိုးပါလို့၊ မြတ်နိုးငယ်ရှိလျှင် . . . တစ်ဆယ် တစ်ရာနှင့် ထောင်ဥစ္စာ ပိုမိုကဲသော်လဲ ပဲဝက်မျှအထင်. . .။ အချစ်ကယ် မကြည့်လျှင် တစ်ပဲတစ်ဝက်မျှပင်ဖြစ် သော်လည်း၊

တစ်ရာတစ်ထောင်ထင် မှတ်မြဲမို့၊ ပုံများမြောင်ရေတွက်မြဲ ကဲချိမ့်သိပ်သည်း (သဲ) ကဲချိမ့်သိပ်သည်း”

www.foreverspace.com.mm





သို့ကလိုဆိုလိုက်၍ ကျွန်တော့်ကို လူအန္တမှတ်သွားပြီမှတ်လား။ ဘယ်မှတ်မတုံး။ အရှယ်ကကောင်းတုန်း။ ဆတ်ဆလူးထလို့ကောင်းတုန်း။ လွင်လွင်ဦး လင်နောက်လိုက်ပြီး သုံးပတ် လောက်ကြာတော့ ကိလေသာ နှစ်ဆတိုးလို့ ချိုကျိုးနားရွက်ပဲ့တောင် မရှောင်ချင်။

ဩော် သူနဲ့လဲ တစ်ခါထပ်တွေ့ပါတယ်။ သူ့ယောကျ်ားက မြို့ပေါ်ပရဆေးဆိုင်ကအလုပ်သမားကိုး။ အဲဒီမှာ သူ့လျှော်စာစိမ်ဖို့ တဆေးသွားသွားဝယ်ရင်းနဲ့တွေ့တာ။ ညားပြီးတော့ရော ဘာ

www.foreverspace.com.mm

လုပ်တယ်မှတ်လဲ။ လျှော်စာပဲ ပြန်ရောင်းနေတယ်။ အောင်မာ ကျွန်တော့် ကိုတောင်. . .

"ဟဲ့ . . . နင်အားရင် ငါ့ကို လျှော်စာလိုက်ရောင်းပေးပါဦးလား"

လုပ်သေးတာ။ လုပ်စရာလား။ သူ့ယောက်ျားသူခိုင်းပေါ့။ ဒါနဲ့ ကျွန်တော်ကလည်း . . .


"ဟေ့အေး . . . ငါအခု မုန့်လက်ဆောင်းရောင်းဖို့လုပ်နေတယ်၊ နင့်ထက်သာတဲ့ မုန့်လက်ဆောင်းသည်နဲ့ ငါဘယ်လို တကူကူးကူမလဲ ဆိုတာ နင်စောင့်ကြည့်နေ"

ဆိုပြီး ပြန်ပက်ထည့်လိုက်တယ်။ မှတ်ကရော။ သူ့ထက်တစ်ဆင့် တက် မုန့်လက်ဆောင်းရောင်းမယ်ဆိုလိုက်တာကိုး။ ပြန်ပက်ထည့်လိုက်တာ အကြောင်းရှိပါသော်ကော ပရိသတ်။

卍 卍 卍

www.foreverspace.com.mm





ကျွန်တော် ငယ်စဉ်မွေးကင်းစအရွယ်တည်းက ငယ်ထိပ်မှာ ဗွေနှစ်လုံးခုံးခုံးကြီးပေါ်လာတော့ ကျွန်တော့်ရဲ့မာတာမိခင်က ဗေဒင်ကျမ်းခံများတွက်ရှုပြီး တနင်္လာသား သားယောကျ်ား၊ အထွန်းဘွားသည် ဦးကင်းတော်ထက် ပင်လယ်ဝဲရစ်သဏ္ဍာန် ဗွေနှစ်လုံး ပေါ် ထွက်နေသောကြောင့် ကောင်းရောင်း ဝယ်ရောင်း၊ ကုန်သွယ်ကြောင်းနှင့် စီးပွားဖြစ်အင်၊ ဗွေချိန်ခွင်ဟု အမည် သညာသတ်မှတ်စရာရှိ၍ ဒီကောင်လေး ကြီးလာသည့်အခါ မလွဲဧကန် ကုန်သွယ်ပွဲစား သား

www.foreverspace.com.mm

ယောက်ျား ဖြစ်ပေတော့မည် . . . တဲ့ဗျ။

မာတာမိခင်က နိမိတ်ဖတ်တော့တာလေ။ မွေးကတည်းက ကျွန်တော့် ခေါင်းပေါ်ပါလာတဲ့ ဖွေနှစ်လုံးကို ဖွေချိန်ခွင်ဆိုပြီး ဒီကောင်လေးဟာ မုချမသွေ ချိန်ခွင်ကိုင် ဈေးရောင်းစားရမယ်လို့ ဆိုခဲ့တာကိုး။ ဒါပေမယ့် ကြည့်ပါဦး။ ကြီးလာတော့ ချိန်ခွင်ကိုင်ပြီး ဈေးလဲမရောင်းစားရ။ တရားသူကြီးလဲမဖြစ်။ တရားသူကြီးဖြစ်လဲ ကောင်းသား။ သူတို့လဲပဲ ချိန်ခွင်ကိုင်ရတာကိုး။ ထားပေဦး . . .

မာတာက ဤမျှနှင့်မကျေနပ်နိုင်ပဲ သူ့ထက်သိပါပေတယ်၊ သူ့ထက်တတ်ပါပေတယ်၊ သူ့ထက် နံ့စပ်ပါပေတယ်ဆိုတဲ့ ဗေဒင်ကဝိတွေ မေးကြည့် တော့ . . .

"ဤသူငယ်ဦးခေါင်းပေါ်က ဖွေနှစ်လုံးသည် ဖွေချိန်ခွင်ပုံသဏ္ဍာန် တော့မှန်ပါတယ်. . သို့သော်. . . တဲ့ . . . ဤဖွေနှစ်လုံးသည် သူ့ဘာသာသူ ရစ်ခွေမနေ ငယ်ထိပ်ကဆံပင်များကိုပါ လည်ပတ်စုလိမ်ပြီး နဂါးအမောက်သဖွယ် ထောင်ထွက်နေသောကြောင့် ဘီလူးခေါင်းဆောင်းဖွေဟု ဆိုရပေမည်။

သို့ပါသောကြောင့် ဤသူငယ် အရွယ်ရောက်လာသောအခါ တိုက်ခြင်း ခိုက်ခြင်း၊ အားအင်သုံးခြင်းဖြင့် ပင်ပန်းကြီးစွာ ရုန်းကန်နေထိုင်ရ၍ လက်ဖဝါးသမားလျှင်လည်းကောင်း၊ ဓားပြလျှင်သော်လည်းကောင်း၊ ကာယကို အသုံးပြု အသုံးချ၍ အသက်မွေးဝမ်းကြောင်းရှာဖွေရသူသာ မုချမသွေ ဧကန်ဖြစ်ပေလိမ့်မည်"

ဗေဒင်တွေပြောတာနော်။ အခုကြည့်။ ဈေးလည်းမရောင်းရဘူး။ လက်ဖဝါးလဲမထိုးရဘူး။ သူတို့လုံးဝမထင်တဲ့ အနုပညာသမား ကျွန်တော် ဖြစ်လာတာ။ ဒါကြောင့် ပြောတာဗျ။ သူတို့ပြောခဲ့တာတွေ ဘာဖြစ်ခဲ့လို့လဲ။ ဒါကြောင့်

ဗေဒင်သည် နောက်ဖြစ် ဖြစ်ပြီးသားကိစ္စကိုသာ မှန်အောင်ဟော၍ ရ၏။ ရှေ့ဖြစ်ကို ဘယ်သူမှ မှန်အောင် ဟော၍မရပါ။ လက္ခဏာကို

www.foreverspace.com.mm

ကြည့်၍ လူတစ်ယောက်အကြောင်းမသိနိုင်ပါ။ လက္ခဏာဆိုသည်မှာ လူ၏လက်များ ဆုပ်ချည်ဖြန့်ချည်လုပ်၍ပေါ်လာသော အရေးအကြောင်း မျှသာဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့လက်ကို ဆုပ်ချည်ဖြန့်ချည်လုပ်လျှင် ပေါ်လာသော အရေးအကြောင်းကိုကြည့်၍ ထိုသူ၏ရှေ့ဖြစ်ကို မည်သူမှ အတတ်ဟော၍ မရပါ။

ကဲ . . . ရှင်းပြီနော်။

www.foreverspace.com.mm



ထို့ကြောင့် ဗွေနှစ်လုံးငယ်ထိပ်ဖုံးနေ၍ ဗွေချိန်ခွင်အလိုကျစျေး မရောင်းရပါ။ ဗွေနှစ်လုံး ငယ်ထိပ်ဖုံးနေ၍ ဘီလူးခေါင်းဆောင်းအလိုကျ လက်ဝှေ့မထိုးရပါ။ သို့သော်လည်း ထိုဗွေနှစ်လုံးနှင့်ပတ်သက်၍ ဈေးသည်အတော်များများကို ကျွန်တော်ကြိုက်တတ်ခဲ့ပါသည်။ ထိုဗွေနှစ်လုံးကြောင့်ပဲ ဓားပြမတိုက်ရသော်ငြား၊ ဓားပြဖြစ်လောက်သည့် ရုပ်ရည်ကို ပိုင်ဆိုင်ခဲ့ရပါသည်။

“ဟယ် ဟာသရေးတဲ့ အကြည်တော် ရုပ်ကရယ်လည်း မရယ်ရဘူး”

www.foreverspace.com.mm

"အေးဟယ် ရုပ်က တကယ့် ပင်လယ်ဓားပြရုပ်"

ဒါတော့ အမြဲကြုံနေရတဲ့စကား။ ကြုံပါများတော့ မဖြုံတော့ဘူး။

လူရုပ်ဆိုးတော့ ဘာဖြစ်လဲ။ ဘာမှမဖြစ်ဘူး။ သူတို့မျက်နှာပေါ် လျှောက်တင်ထားရတာမှ မဟုတ်တာ။ ဟုတ်တယ်။ ကိုယ့်လည်ပင်းပေါ် ကိုယ့်ရုပ် အသာလေးတင်ပြီး အလုပ်ဖြစ်နေတဲ့ဟာကို။ ဒါကို တချို့များက ရုပ်ကြီးဆိုးလျှင် မပေါင်းချင်ကရှိသေး။

လောကသုံးပါးကို ပိုင်စိုးသော ဘုရားရှင်ကိုယ်တော်မြတ်၏ မျက်နှာတော်သည် ချောသည် လှသည်မမည်ဘဲ ကျက်သရေရှိသည် ကြည်ညိုဖွယ်အတိဖြစ်သည်ဟူ၍သာ ဆိုခဲ့ကြ၏။ ထို့ကြောင့် ချောသည်လှသည် ဆိုသည်များမှာ လောကအတွက် အသုံးမဝင်။

ကိုင်း . . . ကိုယ့်ဘာသာကိုယ် ကိုယ့်ဘက်ကိုယ်ယက်ထည့်လိုက်တယ်။ တိခနဲ နေရောမို့လား။ ပြန်စမယ်။

www.foreverspace.com.mm



ထိုဗွေနှစ်လုံး၏ ကောင်းမှုကြောင့် စျေးသည်အတော်များများ ကျွန်တော် ကြိုက်ခဲ့၏။ ခေးပြ၏ရုပ်မျိုး ကျွန်တော့် တွင်ရှိ၏။ ထိုမှအပြင် ကျွန်တော် သုံးနှစ် အရွယ်တွင် ကျွန်တော်၏ ဘရားသား လူ့ သရမ်းပန်းချီကိုဆန်းမှ ကလေးချော့သည် ကင်ပွန်းတင်၍ စက်ဘီးဖရီးဝိုးတစ်ခုကို ကောင်းကင်မြှောက်ပြု ချော့မြူမှုကြောင့် ကောင်းကင်မှပြန်အကျ ကျွန်တော့် ငယ် ထိပ် ဗွေနှစ်လုံးကြား ဖရီးဝိုးစိုက် ခဲ့ရသည်။ နဂိုအရှိဗွေနှစ်လုံးမှ အစ်ကိုဖြစ်သူ လက် သရမ်းမှုကြောင့်ဖရီးဝိုးရာ အမာရွတ်

www.foreverspace.com.mm



တစ်ခုထပ်ပေါင်းစု၍ အဝေးကကြည့်လျှင် ထိပ်နေရာတစ်ကွက်တင် လပ်နေသည်ထင်ရအောင် နဂိုကျဲပါးသောဆံပင်၊ မရှင်သောရုပ်ခံ ကြောင့် ငယ်စဉ်ကပင် ထိပ်ပြောင်ကြီးနှင့် လေးဆယ်ကျော်ရုပ် အပိုင်သိမ်း ထုပ်ခဲ့ရပါသည်။ ဘယ်သူမြင်မြင် ကျွန်တော့်မွေးသဖခင်၏ အဖေထင်ခဲ့ ကြပါသည်။ ဘယ်သူမြင်မြင် ဤဝါကျွတ်သက်ကြီးကန်တော့ချိန်၌ ဒီအဘိုး ကြီးကိုတော့ မသေခင် ကန်တော့မှဖြစ်တော့မည်ဟု မြင်ခဲ့ကြပါလေတော့ သတည်း။ သာဓု သာဓု အဲလေ သုမောင် သုမောင် ဟုတ်ပေါင်။

အဲသည်လောက် ရုပ်ခံမကောင်းတဲ့ကျွန်တော် ကောင်မလေးတွေ တော့ ကြိုက်တတ်ပြန်ရောဗျ။ ဟီး ဟီး . . .

ကျွန်တော့်ရဲ့ ဒုတိယအချစ်အကြောင်း စကြပါစို့။

卍 卍 卍

www.foreverspace.com.mm

ကျွန်တော့်ရဲ့ ဒုတိယအချစ်မှာ ပထမအကြိမ်ကဲ့သို့ အဝေးကြီး သွားရှာနေစရာမလိုပါ။ ခူးပြီးခပ်ပြီး နှပ်ပြီးမှ သူ့အလိုလိုရောက်ခဲ့သူဖြစ်ပါ သည်။

သူမ၏အမည်သညာခေါ်စရာမှာ "တိုးတိုးအောင်"ဟုမည်၍ ညို့သောအဆင်း တောင့်တင်းသောခန္ဓာနှင့် နှစ်လိုဖွယ်အပြုံးတို့ကို ပိုင်ဆိုင်သည့် အပြင် အနောက်တိုင်းတူရိယာဖြစ်သောဂစ်တာကို ကျွန်တော်တို့ထက် အသံပိုမြည်အောင် တီးတတ်ကာ စိုင်းထီးဆိုင်သီချင်းသုံးပုဒ်တိတိကိုပဲရရှိ ပြီးသားသူ

www.foreverspace.com.mm

ဖြစ်ပါသည်။

လူနေဟော့ရှော့မဟုတ်သော်ညား တိုကပ်သောဆံပင်နှင့် မြင့်မားသော အရပ်တို့ကြောင့် လူတကာတို့ထက် အနည်းငယ်ထင်ရှားသယောင် ထင်ရပါသည်။

သူမသည် ယောကျ်ားဆန်စွာဂစ်တာ၊ ဂီတစိတ်ဝင်စားသည်က တစ်ပိုင်း၊ မိန်းမပီသစွာလဲ အလုပ်နှင့်လက်မပြတ်အောင် လုပ်ကိုင်နေတတ်သူ ဖြစ်ပြန်သည်။

သူမက ကျွန်တော်တို့ရွာကလေးကို ရောက်လာပုံမှာ အဘယ်မှ မဆန်းပါ။ သူမ၏ခဲအို အစ်မယောကျ်ား ကျွန်တော်တို့ရွာကလေးကို ပြောင်းလာ၍ အစ်မလင်မယားအဖော်ရစေရန်အလို့ငှာလိုက်ပါရင်း ဤရွာသို့ ရောက်လာခြင်းပင်။ ရွာရောက်မှ သူမ၏ အစ်မလင်မယားအပေါ် မှီခိုပြီး နေရသော်လည်း မြို့ပေါ်မှ သူမ၏ ပင်တိုင်အလုပ်မှာ "မုန့်လက်ဆောင်း" ရောင်းချခြင်းပင်ဖြစ်၏။

卍 卍 卍

www.foreverspace.com.mm





ဗဟုသုတအလို့ငှာ ပြောရမည်ဆိုလျှင် မုန့်ဖတ်ပျော့ပျော့လေးထဲ အုန်းနို့ရည်ထည့်ထားလျှင် မုန့်လက်ဆောင်း။ ထိုမှတဝ မုန့်လက်ဆောင်း ထဲကိုမှ သာကူ၊ ကောက်ညှင်း ပေါင်မုန့် ထည့်လျှင် သောက်သုံးသူရွှေရင်ကို အေးစေသောကြောင့် ရွှေရင်အေးဟုခေါ်ပြန်၍ ထိုထက်ပိုစုံကာ ဆေးကုလားမ၊ ထန်းသီး၊ ကျောက်ကျောများပါ ပြည့်ပြည့်စုံစုံ ပါရှိပါက စားသုံးသူမှာ သာ၍ ခွေယိုင်လဲနိုင်သောကြောင့် “သာခွေယိုင်”ဟု အမည်

တွင်ပါတော့သည်။ ထိုမှတဖန် နွားနို့ရေခဲမုန့်နှင့် ဘာညာသာရကာ စုံလင်စွာပါရှိသည်ကိုတော့ နိုင်ငံခြားအစားအစာ ဖာလူဒါဟု မည်ပါတော့သည်။ ဒါတော့ ဘာအဓိပ္ပါယ်လဲ ကျွန်တော်လဲမသိ။

ကျွန်တော် ဒုတိယမ္ပိကြိုက်နှစ်သက်ရသူသည် မူလဘူတ မုန့်လက်ဆောင်းမှ သာခွေယိုင်ဆိုသည်ထိကို ရောင်းသော ဈေးသမကလေးသာ ဖြစ်၏။

သို့သော် ကျွန်တော်နှင့် ဆုံတွေ့ချိန်၌ သူမသည် မုန့်လက်ဆောင်းသည်မဟုတ်။ အစ်မအိမ်မှာသာ ရိုးကုပ်စွာနေထိုင်ရင်း ခြေခင်းလက်သာ အိမ်အလုပ်များကို ကူလုပ်သူသာ ဖြစ်ပေတော့သည်။

နေ့စဉ် သူတို့အိမ်ရှေ့ဖြတ်လျှောက်ရင်းနှင့် နဂိုကမြင်းတတ်သည့် ကျွန်တော့်ကို တိုးတိုးအောင် သတိထားမိတာမဆန်းပါ။ အစကတော့ ကျွန်တော့်ကို သူ့အစ်မယောက်ျား၏ဆရာ (ကျွန်တော့်အဖေ) ထင်ပြီး ရိုသေစွာ ဆက်ဆံပါသည်။ နောက်အနည်းငယ်ကြာချိန်မှ သက်ကြားအိုကြီးဖြစ်လျှင်သည်လောက်မကမြင်းလောက်ဖူး ရိပ်မိရာမှ သုံးဆယ်ကျော်အရွယ်ငယ်ငယ် ကလေးမှန်းသိလာပါသည်။ အမှန်တော့ အဲဒီတုန်းက ကျွန်တော့်အသက်က ဆယ့်ခြောက်နှစ်တောင်မပြည့်တတ်သေးပါ။

ဩော် . . . ကိုယ့်ကိုကိုယ် အိုလှအိုလှဆိုနေရတာ၊ ကြုံခဲ့ရတာလေး ပြောဦးမဗျ။

အစပိုင်းမှာ တင်ပြခဲ့သလို ဇာတ်သဘင်သည်များ ဝိုင်းရံထားရှိသည့်အိမ်ကို ကြည်ဖြူတို့အိမ်လို့ ခေါ်ရလောက်အောင် သဘင်သည်အများအပြား နေထိုင်ရာရပ်ကွက်၌ နေထိုင်သူသည် တစ်ခေတ်တစ်ခါက ဇာတ်စင်ပေါ် ရောက်ခဲ့ရဖူးပါသည်။

ကိုင်း အဲသည်လိုဆိုလိုက်တော့ အကြည်တော်တစ်ယောက် မင်းသား အဖြစ်ကဖူးလို့ပြောတယ်ထင်မယ်။ ကဖူးတယ်။ ဟီ ဟိ။

ကဖူးပုံက ဒီလိုဗျ။

တစ်နေ့သောအခါ ပြည်ဗာရာဝယ် . . . ဟယ် ဟယ် မဆိုင်တာ။

www.foreverspace.com.mm

တစ်နေ့သောအခါတွင် ကျွန်တော်တစ်ယောက် ပျင်းပျင်းရှိလို့ အိမ်ကပြင်အောက် မှောက်အိပ်နေတုန်း ဇာတ်ဆရာ ငတုံးတစ်ယောက် အိမ်ပေါ်ပေါက်ချလာပြီး . . .

"ဒီမယ် ဟေ့ကောင် မင်းဇာတ်ကမလားကွ ဟင်"

ဆိုလာတော့ ကျုပ်မလဲ ပိုးကမသေးကိုးဗျ။ ငေါက်ခနဲထလို့ . . .

"ဟင် ဇာတ်ကရမယ် ဟုတ်လား။ မင်း မင်းသားလား။ လူကြမ်းလား လူရွှင်တော်လား။ အို ဘာဖြစ်ဖြစ် ကမယ်ဗျာ"

လူကလည်းငယ်သေးသကိုးဗျ။ ပေါ်ပြူလာက သိပ်ဖြစ်ချင်တာ။ စိတ်ထဲမှာတော့ ဇာတ်ခုံပေါ်ရောက်ခဲ့ရင် ငါ့ရဲ့ဆင်းအင်္ဂါ၊ သဒ္ဒတို့ကို အနွဲ့အစောင်းအလှည့်အပြောင်းနဲ့ ပေါင်းလိုက်ရင် သေချာပေါက်ဇာတ်ခေါင်းကွဲ. . . အဲ ဇာတ်ကောင်းပွဲကြီးဖြစ်မယ်ထင်တာကိုးဗျ။ ထင်တာတော့ ဘာထင်ထင်၊ အလကားထင်ရတာပဲ။ ထင်ပေ့ါ။

ကိုင်း အဲသည်လို အမေးကို ဇာတ်ဆရာက . . .

"ဟဲ့ . . . မင်းသားလဲမဟုတ်၊ လူကြမ်းလဲမဟုတ်။ လူရွှင်တော်လဲ မဟုတ်ဘူး။ မင်းသားအဖေတဲ့ဗျ"

စဉ်းစားဦး၊ ဆယ့်ခြောက်နှစ်သားကို မင်းသားအဖေလာလုပ်ခိုင်းနေတာ။ သူ့မင်းသားက လေးဆယ်ကျော်ကြီး။ အဲဒီလေးဆယ်ကျော်မင်းသားရဲ့အဖေနေရာ ဆယ့်ခြောက်နှစ်သား ကျွန်တော်က အဖေလုပ်ရမတဲ့။ ကျွန်တော့်မျက်နှာအိုလွန်းလှ ရှစ်ဆယ်မကျော်ပါဘူးဗျာ။ နေ့။

ထားဦး။

အင်း . . . ဒင်းတို့ ကျုပ်တို့ အရည်အသွေးကို မသိသေးလို့ ဒီလိုအထင်သေးစကားကိုဆိုတယ်။ စင်ပေါ်မှာ ငါ့ပညာနဲ့ ငါလုပ်ပြလိုက်ရင်ဖြင့် ငနဲသားရော၊ မင်းသားပါ ကားယားကြီး ဖြုတ်ကျကျန်ခဲ့မှာ မြင်ယောင်သေးဟီဟိ . . . ဆိုတဲ့အတွေးရပြီး . . .

"ကိုင်း . . . လုပ်မယ်ဗျ။ မင်းသားအဖေလုပ်ရလဲ လုပ်မယ်။ စင်ပေါ်ရောက်မှ မိတ်ကပ်အလုံးစုံအလှနဲ့အာချီတဖွဖွပွတ် ရင်းကျုပ်သဒ္ဒ

ကြားရပြီး အားရပါချည်ရဲ့၊ မင်းပဲ ခေါင်းဆောင်မင်းသား လုပ်ပါဟဲ့လို့ မတောင်းဆိုနဲ့. . . အဲဒီအခါကျမှ အဲ ကမှာပဲ၊ အခုတော့ မင်းသားအဖေ နေရာက စ,မဗျ"

ဆိုတော့ ဟိုဇာတ်ဆရာလဲအားရပြီး . . .

"ဝမ်းသာလိုက်တာကွာ၊ ဇာတ်ကတာက နောက်ထား အခုတော့ ဓာတ်ပုံကလေးတော့ ရိုက်ထားမဟ"

ဘယ်ကြည့်ကောင်းမလဲ။ တောင်ရှည်တွေငှား၊ ခေါင်းပေါင်းတွေ ပေါင်းပြီး ဓာတ်ပုံရိုက်တာများ မျက်စေ့တောင်ကျိန်းသဟဲ့ဆိုရမလောက်ပဲ တဖျပ်ဖျပ် တဖျပ်ဖျပ်။

မျက်စေ့စပ်တာတစ်မျိုး စင်ပေါ်ရောက်ပြီဟဲ့ ဆိုတဲ့စိတ်နဲ့ တလှုပ်လှုပ်ဖြစ်နေရတာတစ်မျိုးပေါ့။ စိတ်ထဲမှာလဲ ကြုံးဝါးထားတယ်။ အင်းလေ အကြောင်းမသိသေးခင်တော့ မင်းသားအဖေနေရာထား စင်ပေါ်ရောက်မှ. . . .

"တောသမင်ကိုလက်တွင်မြက်ထား စားစေပြီးမှ၊ မင်းကြီးပျော်ခင်း၊ နန်းတော်တွင်းသို့ ပို့သွင်းတတ်စွာ လိမ္မာကွေ့လည် ဥယျာဉ်သည်နှင့် ကျင့်ရည်တူ နည်းဥပမည်ကား၊ မဆည်းမကပ်၊ မလပ်သူအား၊ ယဉ်အောင်ဖြားသည် မင်းသား မင်းလောင်းမင်းလျာတည်း"

ဆိုပြီး ဟဲချလိုက်ရင် ဒီစာမဖတ်တဲ့မင်းသား ကားယားကြီးဖင်ထိုင်ကျပြီပေါ့။

ဒါနဲ့ ကျုပ်မှာလဲ ဇာတ်စာ ဇာတ်စကားတွေရှာသင် ရှာဖတ်ပေါ့။ စင်ပေါ်ရောက်မှ စာနဲ့ဖြဲချောက်ရင် သင်းတို့ ဘာခံနိုင်မတုန်း။ စိတ်ထဲကြုံးဝါးပြီး တကုန်းကုန်းနဲ့ဗျာ . . . ဖတ်တာ . . . ဖတ်တာ။ ကိုယ့်ကိုကိုယ်လဲ ခုနဟဲသွားသလို မင်းသားမင်းလောင်း မင်းလျာလေးပေါ့။ တွေးတာလေ။

www.foreverspace.com.mm





ဒီလိုနဲ့ ဇာတ်တိုက်ချိန်လဲလာမခေါ်၊ ပွဲထွက်တော့လည်း သတင်းမကြားနဲ့၊ ငါ့ဓာတ်ပုံတွေတော့ရိုက်သွားပါရဲ့၊ ဘာလို့ငါ့ကိုလာမခေါ်တာလဲ ဆိုပြီး လိုက်ကြည့်မှ လားလား. . . လူလွန်မသား ဘာလုပ်တယ်မှတ်လဲ၊ ပြဇာတ်ထဲမှာဗျာ. . . .

ဇာတ်စင်အလယ်တည့်တည့်မှာ ကျုပ်ဓာတ်ပုံထား ကျုပ် ဓာတ်ပုံရှေ့မှာမှ မင်းသားက ဒူးထောက်လို့

"အောင်မလေးအဖေရဲ့ အသေစောလို့ နှမြောလှချည်ရဲ့"

www.foreverspace.com.mm

ဆို ငိုပြီးဇာတ်ကိုဖွင့်တာ။ အောင်မာ ကျပ်ခတ်ပုံရှေ့ ပန်းခွေတွေ တစ်လှေကြီးချထားသေးတာ။

ဇာတ်ထွက်တာနဲ့ ကျပ်သေပြီ။ သေပြီဆိုလဲ တခြားလူပုံရိုက်ပေ့ါ။ ဘယ့်နှယ် ကျပ်ပုံကြီးရိုက်ပြီး တင်ရတာတုန်း။ ဒါနဲ့ မကျေနပ်လို့ ဇာတ်ဆရာ ဆီသွား ဒေါနဲ့ မောနဲ့ ပြောကြားရတာပေ့ါ။

"ဒီမှာ ဟေ့လူ . . . ခင်ဗျားဗျာ သေတဲ့လူပုံ ခတ်ပုံရိုက် တင်တာ တခြားလူတွေလည်း အများကြီး ရှိပါလျက်နဲ့ ကျပ်ပုံကိုမှ ဘာလို့ ရွေးပြီး စင်ပေါ်တင်ရတာလဲ . . . ရှူး . . . ရှဲ. . . "

ဆိုတော့ ဇာတ်ဆရာက ဘာပြန်ပြောတယ်မှတ်လဲ။

"ငါလဲ ရှာတာပဲကွာ . . . ဒါပေမယ့် သေပြီးသားလူနဲ့တူတဲ့ မျက်ခွက် မင်းတစ်ခွက်ထဲရှိတာ"

အဲဒါကြောင့် ဇာတ်ဆရာမြင်ရင် ပါးချချင်နေတာ။ ဘယ့်နှယ်ဗျာ၊ လူခေါ်မလားအောက်မေ့တယ်၊ ခတ်ပုံကလေးတင်ရိုက်ပြီး သေသွားတဲ့ မင်းသားအဖေခန်းသုံးထားတာ။

အဲဒါကြောင့်ပြောတာ တစ်ခေတ်တစ်ခါက ကျွန်တော်အကြည် တော် ဇာတ်ကခဲ့ဖူးပါသည်။ သို့သော် လူကိုယ်တိုင်ကခဲ့ရသည်မဟုတ်ဘဲ ကျွန်တော့်ရဲ့ လွန်စွာအိုလှတဲ့ မျက်နှာကို ခတ်ပုံရိုက်ပြီး သကာလ စင်ပေါ် မှာချ ကုန်းအကန်တော့ခံရပြီး မင်းသားအဖေနေရာ ခတ်ပုံဖြင့်သာ ပီပြင်စွာ သရုပ်ဆောင်ခံရဖူးပါသည်။ ထိုအကျိုးဆက်များကြောင့် . . .

"ဟဲ့ . . . အဲဒီကောင် လူငယ်စိုးလှိုင်ရဲ့အဖေမဟုတ်လား"

"ဟယ် . . . ဟုတ်ပါရဲ့၊ တစ်ချိန်လုံး မူးရူးပြီး စိုးလှိုင်တို့အမေကို လည်း နှိပ်စက်ပြီး ရထားကြိတ်သေသွားတာလေ"

ဩော် . . . ဇာတ်ထဲမှာ ခတ်ပုံလေးပါရတာတောင် မသမာတဲ့ နေရာက ပါခဲ့ရတာ။

ကတဲ့ဇာတ်ကလည်းဗျာ။ အဖေမကောင်းလို့ သားသမီးဆင်းရဲတဲ့ ဇာတ်။ မင်းသားက ထွက်လာတိုင်း ကျပ်ခတ်ပုံလက်ညှိုးငေါက်ငေါက်

www.foreverspace.com.mm

ထိုးပြီး . . .

"အဖေ အဖေ့ကြောင့် ကျွန်တော်တို့မိသားစုတွေ ခွေးဖြစ်ရတာ"

ဆိုပြီးပြောပြီး ငိုလိုက်။ မိဘရဲ့ကျေးဇူးပြန်သိပြီး . . .

"အောင်မလေး အဖေရဲ့"လုပ်လိုက်။

တော်ကြာ မင်းသားအမေ (ဇာတ်ထဲမှာတော့ ကျုပ်မိန်းမပေါ့) ထွက် လာပြီး ကျုပ်ခေါတ်ပုံလက်ညှိုးငေါက်ငေါက်ထိုးပြီး . . .

"လူယုတ်မာကြီး"

ဆိုပြီး ထွီခနဲ ထွမ်ခနဲ လုပ်သွားလိုက်နဲ့ဆိုတော့ မသမာသူကြီးအဖြစ် နာမည်ကို ကြီးနေတာ။

ထား။ ကျုပ်အကြောင်းပြောရင် ကုန်မယ်တောင်မထင်ဘူး။ ဒုတိယအချစ်အကြောင်းပဲ ပြောတော့မယ်။

卍 卍 卍

www.foreverspace.com.mm





ဒုတိယအချစ်ဖြစ်တဲ့ တိုးတိုးအောင်ဆိုတဲ့ ကလေးနှမကို ချစ်တေးစရတာ တယ်မခက်လှပါဘူး။ တစ်သက်လုံး ကျွန်တော့်ကို မဟုတ်ကဟုတ်ကတွေ ထိုင်ကြပ်နေတဲ့ ပန်းချီကိုဆန်းက သူမစွမ်းတော့ ပါးအချခံရင်ခံရဆိုပြီး တွန်းလွှတ်လို့ ကျုပ်ခမျာလဲ မြှောက်ပေးမှတော့ ဘာတက်အောင်ကတယ်ဆိုလဲ . . . အေး . . . အဲဒီလို။ ကရတော့တာပေါ့။

ပြောရဦးမယ်။ ကိုဆန်းတို့များ သူများကိုသာ မြှောက်ပေးတာ။ သူ့ကျတော့ ကောင်မလေးနား ခုတ်တိုင်နှစ်

တိုင်အကွာကနေ မကပ်ရဲဘူး။ ဟိုတုန်းက ပြောပါတယ်။ ခုတော့ နောက်မိန်းမယူမယ်ဆိုချည်းလုပ်နေလို့ မနည်းတား ယူနေရတယ်။ ပြောလိုက်ရင် . . .

“ဟေ့ကောင်ရ မိန်းမယူတယ်ဆိုတာ မကောင်းဘူးကွ။ ဒါကြောင့် ငါ့ညီ မင်း မိန်းမယူဖို့တော့ ဘယ်တော့မှမစဉ်းစားနဲ့ကွ၊ လိုချင်ရင် မင်းအစား ငါပဲယူပေးမယ်”

ဩော် . . . ပြောတော့ မကောင်းဘူး မကောင်းဘူးနဲ့။ ရရင် ထပ်ယူမယ်ဆိုတာချည်းပဲ၊ အောင်မာ ကိုယ်စားတောင် အနစ်နာခံဦးမတဲ့။ တော်တော်ကောင်းတဲ့လူကြီး။ မိန်းမကိစ္စနဲ့ပတ်သက်လာရင် ရမယ်ဆို သူ့ဖို့ချည်းပဲ။ ကျုပ်ဖက်ကို တစ်ခါမှ မလှည့်ဘူး။

အမေက ပိုက်ဆံမှာပြီဆိုမှ . . .

“မောင်ကြည် . . . ညီလေး မင်းပို့ပေးလိုက်ပါလား”

အမေ့ကျတော့ နိုးဖိုးမကြေသေးဘူး။ ယောက္ခမတွေကျတော့ နွားနီနို့မှုန့်တောင် နှစ်ထုပ်စီ အကြွေးတင်နေပြီ။ အဟုတ်။

卍 卍 卍

www.foreverspace.com.mm



အဲဒီလို မဟုတ်မဟပ် ထိုင်ကြပ်တတ်နေသော အစ်ကိုတစ်ယောက် ရှိနေပါသောကြောင့် . . .

ကျွန်တော့်မှာ စိတ်လက်ပါ နေသည့်ကြား လေဟပ်ပေးသလိုဖြစ်ပြီး

“ဟော့ကောင် ရည်စားစာရေးကွ၊ ငါပုံရေးပေးမယ်”

ကျွန်တော့် မှာ မွေးရာပါ ဒန်ပိုး (မော်ဒန် ) အခံပိုကြွ၍ . . .

“ တိုး . . .

မျက်ဝန်းပင်လယ်ထဲမှာ မျောပါရမယ်ဆိုရင် ခုနစ်ရက်မကလို့ ခုနစ်

www.foreverspace.com.mm

သက်တိုင်ပါစေ နောက်ထပ်မခေလာမမျှော်လင့်ပါဘူး။

မဟာကြည်နက”

ဆိုတာမျိုးကို ပင်ကိုယ်ကိုယ်တိုင်တောင် အဓိပ္ပါယ်မသိရသည့် ကြားထဲက ကိုဆန်းကလဲ ပန်းချီပိုးရှုပြီး . . .

“ကောင်းတယ်ကွ၊ ပိုပြည့်စုံသွားအောင် ငါ ပုံလေးထပ်ဖြည့်ပေးမယ်”

(အဲဒီထဲက ကျွန်တော်ကစာရေး၊ သူက ပုံရေးနဲ့ တွဲလာတာ)

ဆိုကာ ပေါက်ကရပုံကိုပါ ဝါတာကာလာခေါ် ရေဆေးမတတ်နိုင်၍ သဘော်ဆေးဖြင့် ပုံများရေးထည့်ပေးလိုက်ရာ

“ဟင် . . . နင့်အရွယ်နဲ့မလိုက်အောင် မိုက်ရိုင်းလှချည်လား၊ ငါ ပါးချလိုက်ရမကောင်းရှိရော့မယ်”

ဆိုလာတာကြောင့် . . .

“ဟင် . . . ငါဘာရိုင်းလို့လဲ”

“ဘာရိုင်းလဲဟုတ်လား၊ နင်ရေးထားတဲ့ပုံ နင်ပြန်ကြည့်”

ကိုယ်ကြည့်တုန်းက အသည်းပုံပါပဲ။ နို့ ပေတဲ့ အသည်း အညှာက ရှည်လွန်းပြီး ခြေထောက်နှစ်ချောင်းလိုဘေးနား ဖြာကျနေတော့ လူတစ်ယောက် ပေါင်ကြားခေါင်းဝှက်ပြီး အီအီးခိုးပါနေသလိုကို ဖြစ်နေတော့တာ။

သည်ကြားထဲ ဒီကောင်မ ဒန်တာမကြိုက်ဘူး မှတ်တယ်။ ဂန်မှပဲ ဆိုပြီး ပါဠိစာအုပ်ရှေ့ချပြီးသကာလ စာတစ်ပုဒ်ရေးထုတ်ရပြန်သည်။

ဘဂိနိ . . . အိုနှမ . . .

စက္ခုနံ (မျက်လုံးတို့၏) အညမည် (အချင်းချင်း) သမ္ဘသ (တွေ့ဆုံသည်မှာ) ပဌာယ (စ၍) သဗ္ဗံ (အလုံးစုံသော) ဥရံ (ရင်သည်) သမ္ဘရိဝတ္တံ (ပြောင်းဆန်အောင်) ကမ္ပိ (လှုပ်ခတ်ခဲ့ပြီ)

ဘဂိနိ . . .

ပိယသဗ္ဗလံ သစေဇကောဇာဝရမိဿက ဂဂ္ဂရီ ဟောတိ ဝေဒယ

www.foreverspace.com.mm

မာနော အဟမေဝ ဘဝိဿာမိ”

အမိပ္ပါယ်ကား . . .

“အိုနှမ

အချစ်၏စွမ်းအားသည် တစ်ခုသော ဓာတုမိဿက ဓာတ်ပေါင်းဖို သည် အကယ်၍ ဖြစ်ညားအံ့ ခံစားရသူသည် ငါသည်သာလျှင် ဖြစ်လိမ့် မည်။

“ဘဂိနိ . . .

န မဟိံသဿ ဝိသာဏဂ္ဂေ ဌိတာ တရုဏ ဈလ္လိကာဝိယ မာဒုဒ္ဓတော ဟောတိ

တရုဏ သသောဝိယ သစ္စဝစနံ ဘဏာနမေဝ”

အဓိပ္ပါယ်မှာ

(မဟိံသ) ကျွဲ၏ (ဝိသာဏဂ္ဂေ) ချိုဖျားဌ်တည်သော (ဈလ္လိကာဝိယ) ပစဥ်းငယ်ကဲ့သို့(မာဒုဒ္ဓတော) မာန်ကြွခြင်းသည်မဟုတ်။

(တရုဏသသော)(တရုဏသ သောဝိယ) ယုန်သူငယ်ကဲ့သို့ (သစ္စဝစနံ ဘဏာနမေဝ)မှန်သောစကားကိုဆိုခြင်းသာ. . .

ဘဂိနိ . . . အိုနှမ

(တွံ ပိယံ) သင်၏အချစ်ကို ( နလဘတိ ) မရလျှင် ( မေ ) ငါ့အား ( မရဏံ ) သေခြင်းသည် (ဘဝိဿတိ ) ဖြစ်လတ္တံ့။

ဘဂိနိ . . . အိုနှမ. . .

(မေ) ငါ၏ (ဟဒယံ) နှလုံးကို (နဝိယောဇယေ) မဖောက်ခွဲပါနှင့်

ကိုယ့်မှာတော့ ပါဠိစာအုပ်ကြီးရှေ့ချ စာတစ်ပုဒ်ဖြစ်အောင် စဥ်ရတာ ကောင်မက . . .

“ဟင် . . . ဘာတွေရေးထားမှန်းမသိဘူး။ နားမလည်ဘူး”

ဆိုလာတာကြောင့် ဂန်ဆိုလဲမဟုတ်၊ ဒန်ဆိုလဲမရသည့်အဆုံး

အဲသည်လို အဆင်မပြေတာများလာတော့ အစ်ကို ခေါင်းကိုင် ဆရာကပဲ အခါအကြံထပ်ပေးတယ်။

www.foreverspace.com.mm

"အနုနည်းနဲ့မရ အကြမ်းနည်းသုံးကွာ"

သူ ပါးအချမခံရပြီးရော။

ဆိုလာတာကြောင့် အားတွေရပြီး တိုးတိုးအောင်နှမ ရေခပ်ရာမောင်းတွင်း (ရေငင်သည့်ပုံးကို ဝါးလုံးနှင့်လျှို၍ နောက်ထပ်ဝါးလုံးတစ်လုံးကို အလယ်မှ တိုင်ထောက်၍ ဆွဲတင်ရသောတွင်း . . . . )ဆီသွား၊ သူ့ရေခပ်နေတုန်း မောင်းတံကို ခြေတစ်ဖက်နှင့် ဟန်ပါပါဖိနင်းရင်း . . .

"ဟိတ် . . . နင့်ကို ငါပြောစရာရှိတယ်"

ဟိုကောင်မက ရေတွင်းထဲ ပုံးကို ဆောင့်အချ၊ ပေါင် ကြားတည့်တည့် မောင်းတံတက်ပြီး. . . .

"အွား"

ခနဲအသံမြည်ပြီး ဘယ်သူမှ မမြှောက်ပေးသော်ငြား မြှောက်တက်ခဲ့ရသည်က တစ်ကြောင်း။

" ဟဲ့. . နင့်အတွက် ရေဆွဲပေးမယ်"

ဟုဆိုကာ ရေဆွဲကာမှသုံးပုံးပြည့်အောင် မသန်သည်ကတစ်ကြောင်း . . . .

နောက်ဆုံး မတတ်သာသည့်အဆုံး သူရေအိုးခေါင်းပေါ် တင်လာချိန်မှ ဘုန်းကြီးကျောင်းအုတ်နံရံဘေး ချုံဖုတ်ကလေးမှပြေးပြီး သူ့ လက်ကို ရဲရဲဆွဲကာ . . .

"ဟိတ်. . . မပြေးနဲ့၊ နင် ငါ့ကိုချစ်မလား မချစ်ဖူးလားပြော ငွားငွား"

"ဟယ် . . . ဒီကောင်ဘာလုပ်၊ ဟဲ့. . . ရေအိုးကျကွဲတော့မယ်"

"ကွဲကွဲဟာ. . . နင်ငါ့ကိုမချစ်ဘူးဆိုရင် နင့်လက်ကို မလွှတ်နိုင်ဘူး"

"ဟဲ့ . . . မလွှတ်တော့ ရေအိုးကျကွဲမှာပေါ့"

"ကွဲ ကွဲဟာ နင်ငါ့ကိုချစ်တယ်လို့ မပြောရင် မလွှတ်နိုင်ဘူး"

အတင်းအကြပ်ဆိုလတ်မှ တိုးတိုးအောင်ဆိုသည့် ငတိမ . . .

"ဩော် . . . ဒီလူ့အန္တနဲ့ ငါ့ရေအိုး၊ ငါ့အိုးက တန်ဖိုးပိုရှိပါတယ်လေ"

လို့ သတိရသွားမိ၍လားမသိ။

"ချစ်တယ်ဟာ၊ ချစ်တယ်၊ ချစ်တယ်"

ခါတိုင်းဆို မြင်မြင်သမျှ ပါးချချင်ပါသည်ဆိုသည့်ရုပ်ကို မကြည့်ပဲ ခပ်သုတ်သုတ်ဆိုရင်း ဘောက်ဆတ်ဘောက်ဆတ် လစ်သွားပါလေရော့လား။

မည်သို့ပင်ဆိုစေ ရည်းစားတစ်ယောက် အချောင်ရလိုက်သော ကျွန်တော့်မှာ မပျော်ရှိပဲ့မလား။

အင်း . . . ပထမတစ်ယောက်တုန်းကတော့ ကိုယ့်ကျရှိုး ကျရှိုးနဲ့ သူမကျ ကိုယ်ကျသည်အထိ လိုက်လိုက်ရတာ။ အခုကောင်မကျတော့ အတက်ဇယားဗျ။ မောင်းတံနဲ့တုန်းက တစ်ခါတက်ပြီး အခုတစ်ခါ တက်ပြန်ပြီ။ ကံဇာတာပြောပါတယ်။ အတက်ဇယားလေ . . . ဟီဟိ။

ဒီတက္ကနစ်သာအစကတည်းကရရင် အရင်ကောင်မတုန်းကလဲ မနိုင်ရင်ကာ မ'တုန်း လက်ဆွဲပြီး လုံးပါတယ်။ အခုတော့ သူ့ခေါင်းပေါ်က အိုးတစ်လုံးဆုံးမှာ ကြောက်တာနဲ့ပဲ နောက်အိုးရန်ရှာခံရပြီ။ သူတို့အိမ်က သောက်ရေအိုးပြောတာနော့ တစ်မျိုးမထင်နဲ့။ ကျွန်တော်ကလဲ ရေတတ်လှချည်ရဲ့အကြောင်းပြလို့ သူ့အိမ် ပြေးပြေးတက် အိုးလှပ်တော့တာကိုး။

ဤသို့ဖြင့် ဒီကောင်မနဲ့ကလည်း သူရေခပ်တော့ ရေဆွဲပေး၊ သူဟင်းချက်တော့ ကြက်သွန်ခွာပေးနဲ့ ဘယ်အရေးမှ မျက်နှာမသာပါပဲ တစ်လံကွာ လေးပေကျော်ထက် အနားမကပ်ရ၍ ဖားလက်တက်သဖွယ် မျက်နှာငယ်ရသေးမို့ တစ်ဆင့်တိုးဖို့သာ ကြံရရှာတယ်။

卍 卍 卍

www.foreverspace.com.mm



ဒီလိုနဲ့တစ်နေ့ တိုးတိုးအောင်နှမ ဈေးကိုကြွပြီး လုံးပတ်တော် လက်တစ်ဆုပ် အရှည်ကလက်တစ်ထွာ အရွယ်တော်သခွား သီးတစ်လုံးဝယ် မြှောက်ဟယ်ပြုဟယ်နဲ့ ပြန်လာတုန်းပေါ့။ ကလေးကိုးဗျ။ ဆော့လာတာနေမှာပေါ့။ ဒါကိုပဲ ကိုယ့်အတွေးက မဟုတ်တာပြောပါတယ်။

“ဟယ် နင့်သခွားသီး လုံးခြုံရာသိမ်းထားစမ်းပါဟာ”

“ဘာဖြစ်လို့လဲ၊ ငပိရည်နဲ့ တို့စားဖို့ဝယ်လာတာ ဘာကိစ္စဖွက်ရမှာလဲ”

www.foreverspace.com.mm

"ငါ . . . ငါ ရှက်တယ်ဟ"

ဩော် . . . သူ့ဘာသာသူ ထမင်းနဲ့စားဖို့ သခွားသီးဝယ်တာကို ကြားဝင်ရှက်နေတာ။ ဘာဆိုင်လို့လဲ ကိုယ်ဆိုလဲ စားမှာပဲဥစ္စာ၊ သူ့ကျမှ ဝင်ရှက်နေရတယ်လို့။

"ဒါဆိုလဲ ဒီသခွားသီးကိုစွထား၊ နင်နဲ့ငါ့ကြားမှာ လေးပေကျော် ခြားနေတာ အတော်ကြာပေါ့။ အဲ . . . အဲဒါ ငါအနားကပ်လို့ရမလား ဟင်. . . . ဂလု"

ဆိုတာကို တိုးတိုးအောင်က မျက်မှောင်ကြုတ် ကျုပ်မျက်နှာကို သခွားသီးနဲ့ထိုးရင်း . . .

"နင်က ငါ့အနားကပ်ချင်တယ် ဟုတ်လား"

"အေး . . . အေးပေါ့"

"နင့်မှာ ဘာအလုပ်ရှိလို့လဲ"

"ဟင်"

"ကိုယ်တိုင်က အလုပ်မရှိဘဲ မိန်းကလေးနား ကပ်ချင်တယ် ဟုတ်လား၊ နင့်လို အလုပ်မရှိ အကိုင်မရှိကောင် အားကိုးမယ့်အစား၊ သခွားသီး အားကိုးတာကမှ ဗိုက်ပြည့်ဦးမယ်"

ဩော် . . . သခွားသီး . . . သခွားသီး အဲလေ . . . ပြောသွားလိုက်တာကြည့်စမ်း။ အလုပ်မရှိလို့ အနားပေးမကပ်တာတဲ့။ သခွားသီး လောက်မှ အသုံးမဝင်ဘူးတဲ့။ အသုံးတော်မဝင်ရင် တုံးပေါ်တင်ပြီး. . ဟယ်. . . တင်လို့မဖြစ်သေးပါဘူး. . သခွားသီးမှမဟုတ်တာ။ အမှန်ဆို အနားကပ်မှ အလုပ်ရှိမှာပေါ့။ ဒီတစ်လံကွာကြီး ဘယ်လိုအလုပ်ရှိမှာလဲ။ ဟယ် . . . ဘယ်တွေရောက်ကုန်ပြန်ပြီလဲ။

"အေး၊ ဒါဆို ငါအလုပ်ရှိရင် အနားကပ်ရမှာလား"

"ဒါပေါ့၊ နင့်မှာသာ အလုပ်ရှိရင် အလုပ်ကဖြစ်ပြီ"

"နင်သေချာတယ်နော်"

"ညာပေါင်"

www.foreverspace.com.mm

"ညာပေါင်တွေဘာတွေလုပ်မနေနဲ့"
"ဟဲ့ . . . နင့်ကို ငါ မညာဘူးလို့ပြောတာ"
"အော် . . . အေး . . . သိပါဘူး၊ ဂယ်နော်"
"ဂယ်"
"ဂူ"
"ဂူ"
"ပြောပြီးစလစ်နံပါတ်တစ်"
"တစ်"

အဲသည်လိုနဲ့ ပရိသတ်ရေ. . . ကျုပ်မှာ ရည်စားနားကပ်ရဖို့ အရေး အလုပ်ရှာရတော့တာပေါ့။

အလုပ်ကလည်း သိပ်မရှာရဘူးဗျ။ ငယ်စဉ်ထဲက ကမြင်းပြီး ကစားခဲ့တဲ့ ဘောလီဘောပညာက မြို့နယ်ပါပြီး၊ ပြည်နယ်နဲ့တိုင်းအဆင့် တောင် ရောက်ခါနီးကိုး။ ဒါကြောင့် အားကစားသမား အလုပ်ဘယ်ရှား မတုန်း။ ဌာနဆိုင်ရာတစ်ခုဝင် ဒီဌာနမှာ ကျွန်တော်ကစားပေးမယ်ဆိုတာနဲ့ အလုပ်က တန်းရတော့တာပေါ့။

အလုပ်ရပဟဲ့ဆိုတာနဲ့အရင့်တစ်ခါလေးပေကွာ ရည်းစားဆီ လစာလေးပြ၊ ပြေးကပ်မဟလို့ ကြံတုန်းမှာတင် . . .

"သင်တန်း"တဲ့။

သေရော။

ကိုယ့်မှာတော့ ရည်းစားနား ကပ်ချင်လို့ အလုပ်ဝင်ပါတယ်ဆိုမှ ကိုယ် ဝင်တဲ့အပတ်ကျမှ သင်တန်းနဲ့ကို တိုး တော့တာ။

"အရင့်လူတွေတုန်းကတော့ အားကစားသမားတွေ သင်တန်း မတက် ရပါဘူး။ အခု မင်းတို့အလှည့်ကျမှ စာကျလာလို့"

ဘယ်တတ်နိုင်မလဲ။ ကိုယ်လဲ သူ့လစာစားပြီးမှဆိုတော့ သူတန်းဆို ကိုယ်လည်းတန်းပေါ့။

ဝန်ထမ်းလစာစားတာနဲ့ သင်တန်းတန်းတက်ရတယ်။ ဒါကြောင့်

စိတ်နာနာနဲ့ပဲ . . .

"ကိုင်း ချစ်နှမရေ . . . မေတ္တာတွေ လှစ်ကာခြွေဖို့ အချိန်မပေးတော့တာမို့ ယခုတော့ ဇိမ်ကလေးနဲ့သာနေပါ။ မနီးအကြာ၊ ခရီးအကွာက ဟို သင်တန်းဆိုတာကြီး မောင်ထမ်းပြီးရင် နာဖို့သာပြင်ပေတော့ . . .

"ဟယ် . . . ဘယ်ရောက်သွားပါလိမ့်၊ အို တတ်နိုင်ပါဘူး ကိုယ်ပိုင်တဲ့အပိုင်းကပဲ ဆက်လိုမ့်တာပေါ့"

"ဉာဏ်ပညာထွာတစ်မိုက်ရယ်နဲ့ ကြံလိုက်တဲ့အကြံကွယ်မှား . . . မှားနိုင်တယ်။ အနှစ်ကိုဖယ် အကာနှယ်ပူဆွေး မင်းခန္ဓာတဏှာ ဟပ်တယ် ရှုးမိုက်လိုက်သေး"

卍 卍 卍

www.foreverspace.com.mm



ရှူးတာကိုး။ ငယ်စဉ်ဆိုတော့ ဘယ်ချင့်ချိန်နိုင်မှာလဲ။ အခုလိုအချိန်မျိုးမှာ "မင်းမိန်းမယူဖို့ သင်တန်းတက်ရမယ်" လာပြောကြည့်ပါလား။

"အောင်မာ အားလုံးတန်းစီပြီး သင်တန်းတောင် ပြန်မောင်းလိုက်ဦးမယ်။ မောင်ကြည်များ ဘာမှတ်လို့. . . စာတွေ၊ ပစ်ချာတွေ့ ဒီဗီဒီတွေ့နဲ့ ကျမ်းစာတောင် ထုတ်ပြလို့ရတယ်။ ဒါတောင် အင်တာနက်ဖွင့်ဖို့ မအားလို့ တယ်လီဖုန်းထဲ ရသမျှစုထားတာ. . . ဒီအတိုင်း ငြိမ်နေလို့ ဘာမှမတတ်ဘူးမထင်နဲ့။ မတတ်ဘူး

www.foreverspace.com.mm

ဒါပေမယ့် သိတယ်။ ကိုင်း ပြတ်ကရော"

ဩော် . . . အဲဒီတုန်းက ဗီစီဒီမှမပေါ်သေးတာ။ ဟယ် ဘာဆိုင်လို့တုန်း။

ဒီလိုနဲ့ သင်တန်းတက်ပြီး သိပ်မကြာခင် ကျွန်တော်တို့ထက် စောပြီး သင်တန်းရောက်နေတဲ့အစ်ကိုကြီး စီနီယာကြီးတွေနဲ့ ခင်ပါလေရောလား။

အဲဒီအစ်ကိုကြီးတွေထဲကမှ ကိုဝင်းဆွေဆိုတဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ စကားစပ်မိတော့ . . .

"နေဦးကွ မင်းက အဲဒီရွာမှာနေတာဆိုတော့ ကိုမင်းစိန်ကို မသိဘူးလား"

"ကိုမင်းစိန်"

"အေးလေကွာ . . . မိုးမိုးခိုင်ယောကျ်ားလေ"

"ဟ မသိရှိပ့်ါမလား၊ မမိုးမိုးခိုင်ရဲ့ညီမ တိုးတိုးအောင်က ကျွန်တော့်သဲညှာပဲ"

ကိုဝင်းဆွေ မျက်မှောင်ကြုတ်သွားတယ်။

"နေဦးကွ . . . တိုးတိုးအောင်ရည်းစားက ညီသုမဟုတ်လား"

"ဘယ်က ညီသုရမှာလဲ ကျွန်တော်ဗျ ကျွန်တော်၊ မယုံရင် ဓာတ်ပုံပြမယ်"

ဆိုပြီး သူမသိတုန်း အလစ်သုတ်ထားတဲ့ လိုင်စင်ဓာတ်ပုံလေး ထုတ် ပြလိုက်တယ်။ ဓာတ်ပုံနောက်မှ ကိုယ့်ဖာသာကိုယ်ရေးထားတဲ့

"ချစ်သော'ကို' ငေးဖို့"

ဆိုတဲ့ စာသားကိုပါ သူမ ရေးထားသလို ဟန်မျိုးနဲ့ပြလိုက်သေး။

"အေး . . . ဒီကောင်မလေးတော့ ဒီကောင်မလေးပဲ၊ ဒါဆို ညီသုက ပထမရည်းစားဖြစ်မယ်၊ ဒီကောင် သင်တန်းသုံးလေးခါတက်နေတုန်း ဒီကောင်မလေး မင်းတို့ရွာရောက်တာဖြစ်မယ်"

"ဟင် . . . သုံးလေးခါတောင်"

ပေါ်ပါလေရောလား။ ဖုံးထားသမျှတွေ။ ဟင် . . ကိုယ့်ရှေ့မှာတော့

ဘာမှမသိ ဘာမှမတတ်သလို မျက်လုံးကလေး ကလယ်ကလယ်နဲ့ ယုန်သူငယ်လိုနေ။ နောက်ကြောင်းသိမှ ဒင်းက အရင်ရည်စားနဲ့တဲ့။ ဟိုကောင်ဘယ်ထဲက အိုးဆွဲ အဖြေတောင်းထားလဲမသိဘူး။ ကျွန်တော်လုပ်သလို ရေအိုးဆွဲတာနေ့ာ။ သြော်. . . ကိုယ့်မှာတော့ သူ့အနားကပ်ချင်ရင် အလုပ်ရအောင်လုပ်ဆိုလို့ အခု သင်တန်းတောင်ရောက်နေပြီ။ အရင်တစ်ယောက်က သင်တန်း ဘယ်လောက်တက်ခဲ့ပြီး ဘယ်လောက်တောင် ကပ်ခဲ့လဲကို မသိရဘူး။ သင်တန်းတစ်ခါတက် အနားကပ်လို့ရပြီ။ နှစ်ခါတက်ရင် . . . အင်း . . . ဖဝါးပေါ် ခြေထပ်လို့ ဖဝါးခြေထပ်၊ ထပ်ကြပ်မကွာပြောပါတယ်။ သြော် . . . သူတစ်ပါးနဲ့ ဖဝါးခြေထပ်ခဲ့တာတောင် မသိခဲ့ရပါလား။ ကိုယ့်မှာတော့ ဖျာလိုလိပ်ထိပ်ပေါ်တင်မယ် ကြံတုန်းရှိသေးတယ်။ သင်းက ခေါင်းအုံးဖက်လုံးကြီးပါ အဖော်ခေါ်လာပါလား။ ကိုယ့်မှာတော့ ဖျာလိုခင်း ခြေလိုနင်းမယ် ကြံသေးတာ။ သူက နင်းစရာမရှိအောင် ဖက်လုံးအောက် ပျောက်နေပါရော့လား။ ဒါကြောင့် . . .

“ကွယ်တို့ . . . ကုတ္တိသဘောစောကြောရန် မစွမ်းသာခဲ့ရင် ဖျာလိုလိပ် ထိပ်ပေါ်တင်ချင်သော်လည်း သူတစ်ပါး နင်းပြီးသားများဖြစ်တတ်ပါသည်။ ကုတ္တိသဘော သူ့မနောကို မသိခဲ့ပါလျှင် ဖျာလိုခင်း ခြေလိုနင်းချင်ပါသော်လည်း သူတစ်ပါးနင်းပြီးသားဖြစ်နေပါ၍ . . . မဖြုံ”

“အောင်မာ . . . ဒီခြေထောက်လက်တောက်လောက်လေးနဲ့ လာနင်းနေသေး။ နင့်အရင် ဆင်ခြေထောက်တွေချည်း ကြုံခဲ့တာ ဟား ဟား”

စိတ်နာလို့ ပြောပါတယ်။

www.foreverspace.com.mm



ဒါနဲ့ပဲ . . .

"ကဲ . . . သူများပြောတိုင်းလည်း မယုံနဲ့၊ ကာယကံရှင်ကိုမေးမှ"

ဆိုပြီး စာရေးမေးလိုက်တာ။

အင်း. . . အဲဒီတုန်းက တယ်လီဖုန်းဆိုတာမှ ခေတ်မစားသေးတာ။ တယ်လီဖုန်းမြင်ရင် ဟယ်လိုလို့ပဲပြောရမှာလား လိုဟလို့ပဲ မှုတ်ထည့်လိုက် ရမှာလား သိမှမသိတာ။ ဒါကြောင့်စာပဲ ရေးလိုက်ရတာပေါ့။ သြော်. . . အဲဒီတုန်းက ပြောပါတယ်။ သူ့ဆီက အဖြေ ပြန်သိဖို့ကို ဆယ်ရက်လောက် စောင့်ရသေးတယ်။

www.foreverspace.com.mm

စာပြန်လာတော့ ဝမ်းသာစရာကြီး . . .

"ဟုတ်တော့ ဘာဖြစ်သေးလဲ"

တဲ့။ သေချာပြီ သေချာပြီ။ ဒါကြီးက သူများနင်းပြီးသားဖျာကြီး။ အဲ . . . ဟိုကတောင် ဝန်ခံပြီဆိုတော့ ဘာအတွက်နဲ့တက်စရာရှိသေးလဲ။ ဒါနဲ့ပဲ ခွင့်လွှတ်စိတ်ထားတာပဲကောင်းပါတယ်ဆိုပြီး စာပြန်ရေးလိုက်တယ်။ ဩော် . . . မိန်းမတွေနဲ့ပတ်သက်ရင် တယ်သည်းခံတတ်တာကိုး။ ငယ်စဉ်ကလေ။ ငယ်စဉ်က . . .

"ဘာမှ မဖြစ်ဘူး။ ဟုတ်လဲပြီးရော၊ သင်တန်းမှာ ငါ နေသိပ်ကောင်းတာမဟုတ်ဘူး"

"သေလိုက်ပါလား"

ဟင် . . . ဒီကောင်မ ဘယ်နှယ့်ချက်ချင်းအချိုးပြောင်းသွားတာတုန်း။ သင်တန်း မတက်တုန်းကတောင် ချစ်ချစ်ခင်ခင်။ အခုကျမှ ပစ်ပစ်နှင်နှင်ဖြစ်သွားပါရောလား။

ဒါနဲ့ အစ်ကိုကြီးလိုဖြစ်နေတဲ့ ကိုဝင်းဆွေနဲ့တိုင်ပင်ရတာပေါ့။

"အစ်ကိုရ ကျွန်တော် သင်တန်းမလာခင်ကလေးတောင် ပိတောက်ပင်အောက်၊ ပိတောက်တွေပွင့်လာသေးတာ ခုမှချက်ချင်းကြီး ဘာလို့ အချိုးပြောင်းကုန်တာလဲ မသိဘူး။ အပပဲမှီသွားတာလား၊ ပယောဂပဲဝင်သွားတာလား မသိဘူး"

ဆိုတော့ ကိုဝင်းဆွေကလူကြီးကိုး ချင့်ချိန်တတ်မှာပေါ့။

"မိန်းမတွေက ဒီအတိုင်းပဲကွ။ စိတ်က သိပ်မှန်ကြတာမဟုတ်ဘူး။ နေဦး ငါ စုံစမ်းပေးမယ်"

ဆိုပြီး စုံစမ်းမှ . . .

"ဟုတ်တယ်ကွ၊ ငါ့သူငယ်ချင်းတွေမေးကြည့်တော့ ညီသုနဲ့ ပြန်တွဲနေတယ်ဆိုပဲ၊ ဒီလောက်ဖြစ်လှတာ ဖြတ်လိုက်စမ်းပါညီရ၊ လောကမှာ သင်းထက်သာတဲ့ မိန်းမတွေအများကြီး"

အောင်မလေး ပြောမှ ပြောရက်ပလေတယ်။ သင်းထက်သာတဲ့

www.foreverspace.com.mm

အမျိုးသမီးအများကြီးမှန်းတော့သိတာပေါ့။ ဒါပေမယ့် အဲဒီအများကြီးက သင်းမှမဟုတ်တာ။ သင်းထက်လှတာတွေ လောကမှာ အပုံကြီးရှိမှန်းတော့ သိတာပေါ့။ အဲဒီအပုံကြီးက သင်းမှမဟုတ်တာ။

ကျီးကန်းဖြစ်နေမှတော့ ကျီးကန်းမပဲလှမှာပေါ့။ ဟိုဒေါင်းမကို လှတယ်လို့ ဘယ်ထင်ပါ့မလဲ။ လင်းဆွဲဖြစ်ရင်လဲ ဟိုဇောက်ထိုးမလေးမှ လှမှာပေါ့။ ဒီကျီးကန်းမ ဘယ်လှမလဲ။ ဒေါင်းဖြစ်ပြန်လျှင်လဲ ဟိုအမွေး အရောင်ပြောင်ပြောင် ဖင်ပြောင်ပြောင်နဲ့ ဒေါင်းမပဲ လှမှာပေါ့။ ဟိုဇောက်ထိုး မ ဘယ်လိုလှနိုင်ပါ့မလဲ။ လူဆိုတဲ့အမျိုး ပို၍ဆိုးပါသည်။ ချစ်ခင်ကြင်နာ စိတ်နဲ့ကြည့်ရင် မည်မျှရုပ်ဆိုးပါစေ၊ မည်မျှချို့တဲ့ပါစေ၊ သနားကြင်နာစိတ်နဲ့ ဖြည့်တွေး၍ သဒ္ဓါပိုတတ်သည်။ မေတ္တာစိတ်နဲ့ကြည့်ရင်း အပြစ်မမြင်၊ အချစ်သာ တိုး၍ ဝင်တတ်ကြပါသည်။

မှန်ရဲ့လားဗျ။ မေတ္တာစိတ်မှမရှိရင် လူတိုင်း အင်ဂျလီနာဂျိုလီပဲ လိုချင်မှာပေါ့။ ရပ်ကွက်ထဲ မုန့်လက်ဆောင်းလည်ရောင်းသူ ဘယ်ကြိုက်မှာလဲ။

ဒါကြောင့် သူ့မှာ ရည်စားထပ်ရှိနေပြီဆိုသော်ညား . . .

"ဟယ် . . . ရည်စားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့ အခု တစ်ယောက်ထားတော့ ကိုးရာကိုးဆယ့်ကိုးယောက်ကျန်သေးတာပဲ။ ဘာပဲဖြစ်ဖြစ် ငါ့ဆီပဲ ပြန်ရောက်မှာပဲ"ဆိုတဲ့အတွေးက ရပြန်ရောဗျ။

နွားများသည်လျှင် အချိန်တန်လျှင် သူ့ချည်တိုင်သို့လျှင်ပြန်လာ တတ်ကြပါပေသည်။ လူဆိုသည့် သတ္တဝါအား သံယောဇဉ်ကြိုးနှင့် ချည် နှောင်ထားပြီးဖြစ်သည့်အတွက် သူ့ချည်တိုင် ငါ့ဆီသာ ပြန်လာမည်မှာ မလွဲ။

ဒီအတိုင်းထင်ပြီး စာတွေရေးပါတယ်။ သူ့ဆီကတော့ ကြင်ကြင်နာ နာပဲ စာပြန်ပါတယ်။

ကျွန်တော်က . . .

"ဒီမှာ အစားအသောက်မကောင်းလို့ နင့်သတိရလိုက်တာ"

"သေလိုက်ပါလား"

www.foreverspace.com.mm

"ဆောင်းတွင်းအရမ်းချမ်းလို့ နင့်လွမ်းလိုက်တာ"

"သေလိုက်ပါလား"

"တစ်နေ့က ပီတီပြေးရင်း လမ်းဘေးမှာ ကောင်မလေး တစ်ယောက် နင်နဲ့တူလို့ ကြည့်မိသေးတယ်"

"သေလိုက်ပါလား"

အဲဒီတုန်းကတော့ တစ်ခါတည်းသေလိုက်ပါလားထားတာ။ အခုများသိရင် ကျုပ်ရည်းစားစာတွေစု ထုတ်လုပ်သူလက်အပ်၊ ရောင်းစားရင် မြတ်တယ်။ ကျွန်တော့်မှာလဲ အဲဒီထဲက လက်ကမြင်းခဲ့တဲ့အကျိုးတွေ၊ အခုမှ ပြန်ဖော်ထုတ်နေရတာ။

ဤသို့ဖြင့် သင်တန်းကာလ ထက်ဝက်ကျိုး၍ ကျွန်တော်တို့ အရင် သင်တန်းရောက်နှင့်နေသော တိုးတိုးအောင်တို့ အိမ်နံဘေးက ကိုဝင်းဆွေတို့ သင်တန်းပြီးလို့ အိမ်ပြန်ချိန်ကျလာပါရော့လား။

"ညီလေးရေ . . . အစ်ကိုတော့သင်တန်းပြီးလို့ အိမ်ပြန်ရတော့မကွ။ မင်းချစ်နှမဆီ ဘာမှာဦးမလဲ"

"သာကြောင်းမာကြောင်းပေါ့အစ်ကိုရာ။ သူ ဘာလို့ ရုတ်တရက်ကြီး စိမ်းကားသွားတယ်ဆိုတာပဲ သိချင်နေတာ"

"စဉ်းစားကြည့်ပေါ့ ညီလေးရာ။ အကြောင်းရှိမှာပေါ့"

"ကျွန်တော်လဲ စဉ်းစားတာပဲဗျာ။ ဘယ်လိုမှကို စဉ်းစားလို့မရဘူး။ သင်တန်းမတက်ခင်ကတော့ အကောင်း အခုမှ ပြောင်ကြီး ဖောက်သွားတာ"

"ကိုင်း ဘာပဲဖြစ်ဖြစ် ကျွန်တော် ဟောဒီနေ့ ဟောဒီရက်၊ သင်တန်းက ဆင်းမဗျ။ အဲဒါ အဲဒီနေ့ကိုတော့ ရွာဝကစောင့်ပါလို့ မှာလိုက်ပါရစေ"

"ကောင်းပြီ ညီလေးရေ၊ မင်းကောင်မလေး ရွာဝကနေ မင်္ဂလာသတင်းနဲ့ စောင့်နေအောင် အစ်ကို ကြိုးစားပေးမဗျ"

ဒီလိုနဲ့ မှာလိုတာမှာပြီး ပြောလိုတာပြောပြီး မပြီးသေးတဲ့ သင်တန်းဆက်တက်ရတာပေါ့။

www.foreverspace.com.mm

ကိုယ့်မှာတော့ စားလဲဒီစိတ်၊ သွားလဲဒီစိတ်၊ အိပ်လဲ ဒီစိတ်နဲ့ ကြိတ်မှိတ်ပြီးနေလိုက်တာ သင်တန်းက ပြီးပါရော့လား။

ကြာနေပြီ။ ဒီဇာတ်လမ်း မြန်မြန်ဖြတ်မှ။





သင်တန်းပြီးလို့ ဖျာတောင် မလိပ်ပေါင်ဗျာ၊ ရသမျှပဲစုယူပြီး ရွာအသော့ပြန်တော့တာပေ့ါ။ တွေ့ချင်ပြီကိုး မတွေ့ရကြာမှ။

အိမ်ရောက်တာနဲ့ ပါလာသမျှ အကုန်ပစ်ချ၊ မိဘတောင် မကန်တော့ရပါဘူးဗျာ။ သူရှိရာလိုက်မယ်လုပ်တုန်း ပြုန်းဆို သူမပေါက်ချလာပါလေရော။

ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊ သူ့မှာလဲပြုံးလို့၊ ကိုယ်လဲပြုံးလို့ပေ့ါ။ အောင်မာ မတွေ့တာကြာတဲ့အတွင်း အသားလေးတောင် ဝင်းလာသေး အပေး ပေး။

www.foreverspace.com.mm

"ရော့ . . . နင့်အတွက်၊ လာဖြစ်အောင်လာနော်"

"ဟင် . . . ဘာ. . . ဘာလဲ. . . ဘယ်ကိုလာရမှာလဲ၊ ခါတိုင်းတွေ့နေကျ ပိတောက်ပင်အောက်လား"

"ဟယ် . . . မဟုတ်တာ၊ နင့်ဘာသာ နင်ဖတ်ကြည့်၊ ဟီဟိ"

လက်ထဲ စာအိတ်ကလေးတစ်ခု ထိုးပေးပြီး ရှက်ကိုးရှက်ကန်းနဲ့ လုံးနေအောင် ပြေးတော့တာ။

"သြော် . . . သူ့တူလေး၊ ဟိုလေးနှစ်သားလေး မွေးနေ့များလား။ အဲဒါမှမဟုတ် ကျွန်တော်သင်တန်းသွားတုန်း သူ့အစ်မက ဗိုက်ကြီးနဲ့ပဲ နောက် တစ်ယောက်ထပ်မွေးလို့ ကင်ပွန်းတပ်ပွဲများလား"

ဘာလား၊ ညာလားနဲ့မို့ . . .

"ဟယ် စာအိတ်ဖွင့်ကြည့်မှ သိတော့မယ်"

ဆိုပြီး စာအိတ်ဖွင့်ကြည့်မှ လဲကျမတတ်ဖြစ်ရတော့တယ်။

"မင်္ဂလာဧည့်ခံပွဲတဲ့ဗျာ"

သွားပြန်ပြီ။ သွားပြန်ပြီ။ အဲ. . . အဲ. . . အရင်မျက်လုံးတွေ ပြာသွားတာဗျ။ စိတ်ထဲမှာလဲ ဟာခနဲပဲ။ သစ်ပင်တွေလဲမှုန်ဝါး၊ လေတွေလဲ တရကြမ်းတိုက်ပေ့ါဗျာ။ စာရေးဆရာများရေးသလို လောကကြီး ပြောင်းဆန် ပြီးမှ။

ပါသွားပြန်ပြီ . . . ပါသွားပြန်ပြီ။ ကိုယ့်မတော့ သူနဲ့နေရဖို့အရေး၊ တစ်ခါမှ မမျှော်မှန်းဖူးတဲ့ သင်တန်းတောင် ပြေးတက်ခဲ့ရပါတယ်။ အခုတော့ ကိုယ်မရှိချိန်ခဏလေးမှာပဲ ပါသွားပြန်ပါပြီ။

သြော် . . . ပြောတုန်းကတော့

"နင်အလုပ်ရရင် ငါ့အနားကပ် ရပြီ ညာပေါင်၊ ညာပေါင်နဲ့ ဘယ်ရောက်သွားပါလိမ့်။

အခုတော့ ချိုးချင်တဲ့အချိန်ကျမှ သစ်ခြောက်ချိုးချိုးသွားတာလား။ အမှန်စဉ်းစားကြည့် သစ်စိမ်းကချိုးရခက်တယ်ဗျ။ သူက မျှင်းချိုးမှပြတ်တာ သစ်ခြောက်ကတော့ ဘယ်အချိန်ချိုးချိုး ဖျောက်ခနဲပဲ . . .

"အဲသည်လိုပဲ ချိုးသွားတာလား . . . ဟင် ကောင်မရဲ့"

နာပြီ . . . နာပြီ . . . ကြည်ဖြူတို့စိတ်နာပြန်ပြီ။ ကိုယ်မှ မရတော့တာကိုး။ သိတယ်မဟုတ်လား။ ဒါမျိုး နာနေကျ။ ဟယ် . . . စိတ်နာနေလို့ မပြီးသေးဘူး။ ဒီကောင်မရည်စားတစ်ထောင်ထဲက ဘယ်ကောင်နဲ့ပါသွားဆိုတာသိအောင်လှုပ်ကြည့်မှ . . .

ဆိုပြီး သူတို့သားနာမည်လှုပ်ကြည့် . . .

"အောင်မလေး အဖြစ်ရယ်ဆိုးလှချည်ရဲ့ . . . သုံးလမက လေးလအလည်တရွယ်ရွယ်အကြံပေးနေတဲ့ ကိုဝင်းဆွေဆိုတဲ့ အစ်ကိုလေးနဲ့ပါတဲ့ဗျာ"

ဩော် . . . စေ့စေ့တွေးတော့ ရေးရေးပေါ်ပြီ။

卍 卍 卍



www.foreverspace.com.mm

www.foreverspace.com.mm





သင်တန်းမတက်ခင်က ချစ်တုန်း၊ ခင်တုန်း၊ သင်တန်းရောက်မှ ဖြုန်းစားကြီး ဘာကြောင့် မုန်းသွားလဲဆိုတာ သိပြီ။

ကိုယ့်အကြောင်း သူ့အကြောင်း မသိတာမေးပြီးမှ ဟိုဖက်ပြန် ဖောက်သည်ချမှာပေါ့။ သူက ဒီကောင်မကြိတ်ကျနေတာကိုယ်မှ မသိတာ။

"ညီမလေး တိုးတိုးအောင်ရေ လူဆိုတာ သတိထားပေါင်းမှ တန်ကာကျတာကွယ့်။ ပြောရတာတော့ မကောင်းဘူးပေါ့ကွယ်။ သင်တန်းမှာ ခင်ရတဲ့

www.foreverspace.com.mm

စောကြည်ဖြူဆိုတဲ့ကောင်ဆိုတာ တစ်ကိုယ်လုံးဝဲစွဲလို့ အားလုံး ဝိုင်းပြီး ဆေးထည့်ပေးရတာ။ သူက အစ်ကိုကြီးတို့လို သန့်တာမဟုတ်ဘူး"

ဟိုက မြင်ရတာမှမဟုတ်တာ။ ပြောသမျှ ယုံမှာပေ့ါ။

"တိုးတိုးအောင်ရေ စောကြည်ဖြူဆိုတဲ့ကောင် ပျင်းချက်ကတော့ ပြောမနေနဲ့ ဒီကောင်က အိမ်သာတက်ရင်တောင် အင်အင်းကုန်းတာ မဟုတ်ဘူး။ လုံချည်ချုပ်ရိုးကယ်နေလို့ . . . အစ်ကိုကြီးတို့လိုတော့ ဘယ်သန့်ပါ့မလဲလေ"

အင်မတန်ခိုင်မာတဲ့ ကျောက်စိုင်ကျောက်ခဲတောင် နှဲ့ပါများရင် နဲ့ချင်ချင်ဖြစ်သေးတာပဲ။ လူဆိုတဲ့အမျိုး ဘာသားနဲ့များ ထုထားမှတ်လို့။ ကဲ့ရဲ့ပါများတော့လဲ နဲ့ချင်ချင်၊ အတွင်းရေးတွေ အတွေးများတော့လဲ အမုန်းတွေ ဝင်ခဲ့ပါလေပြီ။

အဲဒီအချိန်ကျမှ ယိုင်လဲလုလုကျောက်တိုင်ကို ကြိုးဆင်ဒေါက်တွေ တင်ပြီး ကိုယ့်ဖက်ကျအောင် ဆွဲချလိုက်တာ . . . ဘာ. . . ဘာများ ခက်လို့လဲ။

ကိုင်း တစ်ယောက်တော့ ပါသွားပြန်ပြီ။

ဒါပေမယ့် ဒီမှာ ဘာအတွေးရလဲဆိုရင် . . .

ကိုယ့်ကို ဒုက္ခမပေးနိုင်ဆုံးသူသည် ဟိုး . . . အဝေးကြီးမှာမရှိပါ။ ကိုယ့်အနီးမှာသာရှိ၍ ကိုယ်မရိပ်မိသောသူဖြစ်နေတတ်ပါသည်။

ဥပမာဆိုရလျှင်. . . .

ကျွန်တော် တောင်ဒဂုံမှာနေ၍ ကျွန်တော့်ရဲ့ဒုက္ခအိုင် သာကေတ မဖြစ်နိုင်ပါ။ စမ်းချောင်းကလည်း မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့နှင့် ကျွန်တော်မတွေ့ဖူး၍ ချစ်ခြင်းမုန်းခြင်းသာမက ရန်ညှိုးဖွဲ့ခြင်းပင် မရှိနိုင်ပါ။ ရန်ညှိုးဖွဲ့၍လဲမရပါ။

ကျွန်တော် တောင်ဒဂုံမှာနေသည့်အတွက် ကျွန်တော့်ကိုချစ်သူ မုန်းသူ ရန်ညှိုးဖွဲ့လိုသူသည် ကျွန်တော်သိသောသူသာ ဖြစ်ရမယ်။ ကျွန်တော့်ကို သိသောသူသာ ဖြစ်ရမယ်။

ကိုယ်မသိဖူးသူနဲ့ ရန်ဖြစ်ဖူးလား။ သိမှမသိတာ ဘယ်လိုလုပ်ရန်ဖြစ်မှာတုန်း။

လမ်းသွားရင်းတိုက်မိပြီး . . .

"ခင်ဗျား လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

အဲဒီလိုပြောလိုက်တာနဲ့ အဲဒီလူကို သိရပြီ။ အဲဒီတော့ ရန်ဖြစ်ပြီဆို အနီးဆုံးသူပဲ . . .

"ဘယ်သူဘယ်ဝါပေါ့ သာကေတနားမှာ အရိုက်ခံရလို့"

သာကေတသွားလို့ ကိုယ့်ကိုရိုက်မယ့်သူနားသွားလို့ အရိုက်ခံရတာ။ ရိုက်တဲ့သူက ကိုယ့်နားရှိလို့ဝင်ရိုက်တာ။ အိမ်မှာနေကြည့်ပါလား။ သာကေတကလူက လာမရိုက်ဘူး ရိုက်မယ်ဆိုရင်တောင် တစ်ရက်လောက်ပြေးလာရဦးမှာ။ ရောက်ရင်တောင် ကိုယ့်နားရောက်မှ ရိုက်လို့ရတာ။

www.foreverspace.com.mm



အဲဒီတော့ ကိုယ့်ကိုဒုက္ခပေးမယ့်သူဟာဝေးဝေးမှာမရှိပါ။ ကိုယ့်အနားမှာသာရှိပါသည်မှ ကိုယ်နှင့်အနီးကပ်ဆုံးလူသာဖြစ်ရမည်။ မိမိနှင့်အနီးစပ် ဆုံးသူသည် မိမိသာဖြစ်ပေမည်။ ကိုယ်နဲ့အနီးစပ်ဆုံးသူသည် ကိုယ်သာဖြစ်၍ မိမိဘာသာမဆတ်ဆော့ခဲ့လျှင် ဒီအမှုမျိုးဖြစ်မည်မထင်။ ကိုယ်ကိုယ်တိုင် ကိုယ့်စိတ်မနိုင်ဖြစ်၍ ချစ်ခြင်း၊ မုန်းခြင်းတည်းဟူသော ကိလေသာမီးကြောင့် လူအများနှင့်ပတ်သက်ခဲ့ရပါသည်။

ထိုကဲ့သို့ စရိုက်မတူ အကြိုက်

မတူသော လူများနှင့်ပတ်သက်ရ၍ သဘောထားမတိုက်ဆိုင်မှုများဖြစ်လာပါသည်။ သဘောထားတိုက်ဆိုင်မှုများသောအခါမှ ဒုက္ခဆိုတာ ဖြစ်လာရပါတော့၏။

အခုပဲကြည့်လေ၊ ဟိုဖက်လှည့်တွန်းတိုက်၊ ဒီဖက်လှည့်တွန်းတိုက်နဲ့ ကြားဝင်နှိုက်သွားတော့တာ။ ဟီဟိ . . . ဝမ်းသာအားရကြီး ပြောပါတယ်။

ကိုယ့်ဖက်ကြတော့ ပြောတာကြည့်ဦး . . .

"မိန်းမတွေက ဒီအတိုင်းပဲကွ၊ စိတ်က သိပ်မှန်တာမဟုတ်ဘူး"

အဲဒီစိတ်မမှန်တဲ့မိန်းမကိုမှ သူဝင်မသွားပြီ။

စိတ်နာလို့ပြောတာဟုတ်ပေါင်။ အပြုသဘောပြောပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘဝကတော့. . .

"ကျန်လေတဲ့ ကျန်လေ . . . ကျန်မသွေ၊ ကျန်ဖေကို ဖြစ်ရပြန်ပြီ၊ ကျန်ရစ်လို့ အမည်တွင်ပြန်ပြီ၊ ကြံဖြစ်အောင် ကြံကာမှ . . . ကျန်ကာပဲနေပြီမို့ . . . ကြံရင်း၊ ကျန်ရင်း၊ ကြံရင်း၊ ကျန်ရင်းနဲ့သာ . . . သြော်. . . ကျန်ရစ်မင်းသား ဖြစ်ရပါပေတော့ပြီတည်း"

卍 卍 卍

www.foreverspace.com.mm



ကိုင်း စိတ်နာပြီမှတ်လို့လား။ နိုးပဲ။ ဒီကိစ္စ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ ဘယ်ယောကျ်ားကမှ စိတ်မနာဘူး။ (ထင်တာပဲ)

"မိန်းမတွေကို မုန်းတယ်။ မိန်းမတွေကို မုန်းတယ်"

အလကားပြောတာ။ ချစ်မရလို့ မုန်းတာ။ ချစ်ရကြည့်ပါလား။ ဘယ်သူမှ မမုန်းဘူး။ ပြုံးပြုံး ပြုံးပြုံးနဲ့တောင် နေဦးမယ်။

မုန်းတယ်ဆိုတဲ့စကား ချစ်မရသူတွေဆီမှ ကြားရတာ။

www.foreverspace.com.mm

"ရှင့်ကိုမုန်းတယ်"

ချစ်မရတော့ မုန်းပြီပေါ့။ ဟုတ်ဖူးလား။ ချစ်တုန်းကတော့ အသားတုန်ရင် သင်းတို့ပဲ။ ဟုတ်တယ်။ ကိုယ့်မှာတော့ အနားတောင် မကပ်ရသေးဘူး။ ရှက်စဖွယ်အမူအရာနဲ့ အမှုကြီးအောင် သူတို့လုပ်နေတာ။ မနေနိုင် မထိုင်နိုင် သွားဆတ်ဆော့မိပါလား။ အမှုကကြီးပြီ။

ရသွားကြည့်ပါလား ဘယ်သူမှ မရှက်တော့ဘူး။

ဒါကြောင့်ပရိသတ်များ မယုံရင်လိုက်ကြည့် ထမင်းဆိုင်တစ်ဆိုင်မှာ သောက်လက်စ အအေးနှစ်ပုလင်း၊ ဟင်းက သုံးမျိုးလောက်ကျန်ပြီး၊ ထမင်းတစ်ပန်းကန်ကို နည်းနည်းလေးပဲစားထားသေးတာဆို ဘာမှ စဉ်းစားမနေနဲ့၊ ရည်းစားဖြစ်ကာစ သမီးရည်းစားစုံတွဲစားသွားတာ။ ပြောသေးတယ်

"သမီးကအိမ်မှာဆိုလဲ ကြောင်စာပဲစားတာ"

ဘာမှမဟုတ်ဘူး။ ယူကြည့်လိုက်ပါလား၊ တုတ်လိုက်မယ့်အမျိုးရပ်ကွက်ထဲမှာတောင် သူစားသမျှအကြွေး လည်ဆပ်လို့မကုန်ဘူး။

卍 卍 卍

www.foreverspace.com.mm



ကိုင်း. . . သူများအမှုကြီးတာ အသာထား။ ကျွန်တော် အမှုကြီးခဲ့တာလေး ပြောပြမဗျ။

ဒီတစ်ခါ တစ်ဆင့်တိုးလို့ မင့်အမျိုးတွေထက်သာတာ ရှာပြမဟဲ့ဆိုပြီး ရှိသမျှအရှိန်တစ်ရှိန်မြင့်ကာဖြင့် ကွမ်းယာဖိုးရှာရပါတယ် ပရိသတ်။ ဟီဟိ ဘယ်ရမလဲ. . မြေကြီးမှာ ချရောင်းတဲ့ လှော်စာ၊ မုန့်လက်ဆောင်းက တက်ပြီး ဆိုင်နဲ့ကနားနဲ့ရောင်းရတဲ့ ကွမ်းယာသည် တက်ကြိုက်ပစ်တာ။ ဘယ်ရမလဲ။

ကြည့်. . . မောင်ကြည်တို့ကြိုးစားနှုန်းက။

www.foreverspace.com.mm


လမ်းဘေးကနေ လမ်းပေါ်ရောက်လာပြီ။ ဒီကဆက်သွားရင် ဒီနှုန်း အတိုင်းဆိုရင် မြောင်းထဲ အစောကြီးရောက်မှာ။ ဟုတ်ပေါင်. . .

ဝါးလေတဲ့ ဝါးလေ
ဝါးပြီးရင် အရည်ထွေး
အကျိုက ပေ။
ဒါဖြင့်လဲထွေးနဲ့လေ
မင့် အနေသာချည်း။
ကွမ်းသွေးရည် အသေမြိုလို့
အာခလောင်ကင်ဆာရောဂါပိုနဲ့
ကျောက်ကပ်ကကြီး။

အဲလို. . . အရည်လဲမရအဖတ်လဲမရ၊ သွားကျိုးကျတာသာ အဖတ်တင်တဲ့ကွမ်း။ စားမိပြီဆို မစားရလည်း မနေနိုင်၊ ပါး စောင်ထဲ ထုံးပေါက်လို့ ဟိုဟာစားလည်းမဝင်၊ ဒီဟာစားလည်းချဉ်နဲ့ တနင်နင် တထွေးထွေးဘယ်လိုအရေးကြောင့်မှ အကောင်းဆိုမရ။ ကာလကြာလှလျှင် လည်း ကိုယ့်ရဲ့မွေးရာပါသွား မည်းနက်နီကျင်လို့ လူမြင်ရင်တောင် ရယ်မပြချင်လောက်အောင် လူ့အရှက်ကို တဗျမ်းဗျမ်း ကွဲစေသည့်ကွမ်း။ ထိုကဲ့သို့ အကျိုးအပြစ် အဆိုးအညစ်တွေသာရှိသည့် ကွမ်း။ ထိုကွမ်းကို မကြိုက်သော်ညား . . . ။

ကွမ်းရွက်စိမ်းကို လက်ပေါ်တင် ထုံးရွှင်ရွှင်ကို ရွှပ်ခနဲသုတ်၊ ကွမ်း သီး ခပ်တုတ်တုတ် သုံးစိတ်နဲ့ ဗမာဆေးခေါ်ဆေးအမည်း ဖွဲခနဲပက်သည့် လက်။ ထိုလက်ကိုကြည့်ရာမှ ရှုချင်စဖွယ်အလှ။ လူမြင်ရင် ဖြူခါပြာကာ ကျလောက်ချင်ရဲ့ အို ဒီကလေးမနဲ့ ဒီကွမ်းသီးပေါင်းစပ်ရင်ဖြင့် ငါ့ရဲ့ခန္ဓာကိုယ် ကို ထုံးသုတ်ဆေးအုပ်လို့ မင်းဝါးလိုရာ ဝါးပါစေတော့ကွယ်။

ကြည့်ကြည့် . . . အတွေးကိုက ကောင်မလေးကိုမှ ကိုယ့်ကိုကိုယ် ကွမ်းယာအမှတ်နဲ့ဝါးလိုရာ ဝါးပါစေတော့ဆိုပြီးလုပ်နေတာ။ ကျုပ်သာ မိန်းမသားဆို ကွမ်းယာသော ဘာသောမသိဘူး ပါးချမှာ . . . ချကိုချပစ်မှာ။



သို့လိုဖြင့်. . . မည်သူမှ အချစ်နဲ့မကင်းနိုင်၊ ချစ်ခြင်းနဲ့ကွေကွင်း ရခြင်းကို မည်သူကမှမလိုချင်ဟု ချစ်ခြင်း၌သာ ပျော်ဝင်လိုစိတ်ရှိတာကြောင့် အချစ်၏ သင်္ကေတ ကျွန်တော့အချစ်၏ ဂုဏ်ပုဒ်ရှိပါသော "မိယဉ်ချို"ဟု အမည် သတင်းမွှေးသော ကလေးနှမအား မိရင်ချိုပြီ အမှတ်နဲ့ မစားတတ်သည့် ကွမ်းကိုသော်မှ ချစ်ခင်သမှုတစ်ခု အရင်းပြုကာ တဂွမ်းဂွမ်းနဲ့ဝါးခဲ့ပါသည်။ ထို ကွမ်းကိုစားမိတိုင်းလည်း အနှိုကလေးမကလေးအား သတိရနေမိပါတော့သည်။ ထိုကွမ်းကိုမျှမိတိုင်း

www.foreverspace.com.mm



ကလေးမ၏ ချစ်စဖွယ် မျက်နှာငယ်ကို မြင်ယောင်ရင်းသာ မြင်ယောင်နေမိပါတော့လေသည်။

ကျုပ်က အဲလို အစွဲအလန်းကြီးတာ။ ဟီ ဟီ။

တစ်ယောက်မကောင်းတစ်ယောက်ပြောင်းပြီးသကာလ ဒီတစ်ယောက် နဲ့မှဟန်ကျပြီ။ မင်းခေါင်းကဗွေချိန်ခွင် ဒီတစ်ခါတော့ အစွမ်းပြပြီ အထင်နဲ့ လိုက်မဟဲ့ကြံတုန်းမှာပဲ အချိန်က ဝါတွင်းကာလမို့ ကျွန်တော်ကြိုက်သော ယဉ်ယဉ်ချိုသည် ထိုဝါတွင်းကာလ၌ ဥပုသ်သီတင်းဆောက်တည်ရင်းနဲ့ ယောဂီအဝတ်ကို မချွတ်တမ်းဝတ်ကာ ဘုရားသွား ကျောင်းတက် ဤနှစ်ရပ်နှင့်ပင် ပျော်မွေ့နေလေတော့ပေပြီ။

ပြောရဦးမဗျ။ ဒီကလေးမ ဘာသာတရားကြည်ညိုပုံ။

သူတို့အိမ်မှာ မိသားစုလေးယောက်ရှိသဗျ။ အမေကမုဆိုးမ အရွယ်ကောင်း။ ပြီးတော့ သူ့အစ်မက မိယဉ်သီ။ ပြီးမှ ကျွန်တော့်အလှပဂေး မိယဉ်ချို၊ သူ့အောက်ကမှ မင်းမင်းနိုင်ဆိုတဲ့ ကောင်လေးတစ်ယောက်ရှိသဗျ။

မင်းမင်းနိုင်က ဆယ့်ခြောက်ဆို သူကဆယ့်ရှစ်မပြည့်တတ်သေးဘူး ထင်တယ်။

ထားဦးတော့။

သူတို့တစ်မိသားစုလုံးက ဝါတွင်းကာလဆို တစ်အိမ်လုံး ဥပုသ်စောင့်ကြတာ။ မနက်အစောကြီးဆို ဘုန်းကြီးဆွမ်းလောင်းတယ်။ သီလယူတယ်။ ပြီးရင် တစ်နေကုန် ဈေးရောင်းလဲ ယောဂီအဝတ်ကို မချွတ်တမ်းဝတ်ကြတာ။

နောက် သူတို့ရဲ့ ကွမ်းယာဆိုင်ကလဲ ရွာဘုရားကြီးအနီးကလေးမှာ ရှိတာ။

ကွမ်းယာဆိုင်ဆိုလို့ အထင်မသေးနဲ့ဗျ။ ချိုချဉ် ဘာညာသာရကာ စုံစွာရှိတဲ့အပြင် သူတို့အိမ်ကိုက နှစ်ထပ်တိုက်အိမ်နဲ့ဗျ။ ပြောရရင် ချမ်းသာတာပေါ့။ ဒါပေမယ့် မိရိုးဖလာအလုပ်လိုဖြစ်နေတဲ့ ကွမ်းယာထုပ်ခြင်းကိုတော့ ပြုနေဆဲပါ။

ကျွန်တော် သူ့ကိုလိုက်တာ သုံးနှစ်နီးပါးကြာသဗျ။ ပထမတစ်နှစ်ကတော့ ဝါတွင်းကာလ ယောဂီနဲ့နေတာ။ နောက်နှစ်များကျတော့ ဘာပယောဂရယ်မသိဘူး။ တစ်နှစ်လုံး ယောဂီဝတ်နေတော့တာ။ ဩော် . . . ဘုရားတရားကို ပိုကိုင်းရှိုင်းသွားလို့ထင်နေတာ။ နောက်မှ သိရတာကတော့

"ဘုရားတရားလဲ ပိုကိုင်းရှိုင်းလာတာ မှန်ပါတယ်။ ဒါပေမယ့်နင့်ကို ကြောက်တာလဲ များများပါတာမို့ နင်ရှိနေသရွေ့ အန္တရာယ်ကင်းအောင် ဟောဒီယောဂီမချွတ်ဖူးဟဲ့ဆိုပြီး နေလာရတာပါ". . . တဲ့ ဗျာ။ ဩော် တစ်သက်လုံး အဲဒီနားမနေမိလို့ နေမိရင်ဒီကောင်မလေး သီလရှင်ဖြစ်တယ် ဟီဟိ။


ထားပေဦးတော့။

卍 卍 卍



www.foreverspace.com.mm

www.foreverspace.com.mm



အဲသည်လို နှစ်လုံးပေါက် ယောဂီကြီးနဲ့နေတော့ အကြံသမား ကျွန်တော် ဟောဒီဘုရားရဲ့ သမီးတော်ကလေးကို ဘယ်လိုထွင် ပေးရမှန်းမသိ ဖြစ်နေရပါတော့၏။

ယောဂီကို ရည်စားစာသွားပေးတယ်ဆို လူကြားလို့မှ မသင့်တော်။ ဟယ် ဖြစ်လိုရာဖြစ် ဒီကောင်မလေး ငါကြိုက်ပြီဆိုမှဖြင့် သူသွားတဲ့ဘုရား ငါလဲသွားမဟဲ့ သူနာတဲ့တရား ငါလဲနာမဟဲ့ . . . လုပ်တော့လဲ . . . အင်း . . .

ကျုပ်က ပေါက်ကရသာရတာ။

www.foreverspace.com.mm

တကယ်လုပ်ရမယ်ဆို ဩကာသတောင် ဖြောင့်အောင် ဆိုတတ်တာမဟုတ်ဘူး။ ပေါက်ကရအတွေးကတော့ပိုင်ပဲ့။ ဘယ်နားက ဘယ်လို ထွက်ထွက်လာမှန်းမသိဘူး။ တစ်ခါတလေ ကိုယ့်ကိုကိုယ်တောင် ပြန်အံ့ဩယူရတယ်။

ပေါက်ကရအတွေးများက ဘယ် လောက်ထိရှိလဲဆိုရင်

ကျွန်တော်တို့ အခု နယ်တွေဘာတွေ ပြန်သွားရင် ရွာမှာရှိတဲ့ ကြီးမေတွေ၊ ဒေါ်ကြီးတွေခေါ်တွေ့ပြီး . . .

"ဟယ် . . . နင့်မျက်နှာကြီးနီရဲနေပါလား၊ မှန်မှန်ပြောစမ်း၊ နင် ရန်ကုန်မှာ အရက်တွေဘာတွေသောက်လား"

ဆိုပြီး မေးတယ်။ ကျွန်တော့်အမေကတော့ "ငါ့သားအရက်မသောက်ဘူး" အမြဲငြင်းတယ်။

ဒါကို ကြီးမေတွေက မရဘူး။ ရွာဘုရားအတင်းလက်ဆွဲခေါ်ပြီး

"လာ . . . နင်လိုက်ခဲ့၊ ဘုရားမှာလျှုရမယ်"

ဆိုပြီး ရွာရဲ့တန်ခိုးကြီးဘုရားခေါ်၊ ဘုရားရှေ့ ပုဆစ်တုတ်ထိုင်၊ လက်အုပ်ချီခိုင်းပြီး

"ဟဲ့ . . . ငါဆိုတဲ့အတိုင်းလိုက်ဆို"

ဆိုပြီး တိုင်ပေးရော . . .

"ကျွန်တော် စောကြည်ဖြူသည်"

"ကျွန်တော် စောကြည်ဖြူသည်"

ကြီးမေတွေ ကြောက်ရတော့လဲ လိုက်ဆိုရတာပေါ့။

"ကျွန်တော်စောကြည်ဖြူသည် အရက်ကို ရာသက်ပန်လျှုပါတော့မည်ဘုရား. . ."

ကြီးမေတွေရှေ့ဆိုတော့ လျှုခဲ့ရတာပေါ့။

ရန်ကုန်ပြန်ရောက်လာတော့ မနေနိုင်ဘူး။ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တွေ့တော့ ပြန်သောက်ချင်ပြန်ရော။ ရွာမှာကလဲ ရာသက်ပန်မသောက်တော့ပါဘူးဆိုပြီး လျှုထားတော့ ဒုက္ခရောက်ပြီပေါ့။ ဒါနဲ့ မတတ်သာတဲ့အဆုံး ရန်ကုန်ကတန်ခိုးကြီးဘုရားတွေပေါ် ပြန်တက်လို့. . .

www.foreverspace.com.mm

"အရှင်ဘုရား၊ တပည့်တော် အမိုက်အမဲ ရွာဘုရားမှာ အရက်မသောက်တော့ပါဘူးဆိုပြီး ရာသက်ပန်လျှုခဲ့မိပါသည်ဘုရား။ ယခုတော့ တပည့်တော်မနေနိုင်လို့ ပြန်သောက်ခွင့်ပြုပါဘုရား။ သည့်အတွက် တပည့်တော် ဤအရာကို ဘုရားထံပြန်စွန့်သွားပြီဖြစ်ကြောင်းကို ရွာရှိဘုရားအား ဘုရားအချင်းချင်းပဲ ပြန်ပြောလိုက်ပါဘုရား။ ဘုရားအချင်းချင်းပြောတော့ ပိုရင်းနှီးပါတယ် ဘုရား"

ဆိုပြီး ဘုရားဆီက ပြန်ခွင့်တောင်းပြီးလုပ်တာ။ အဲဒါမျိုးတော့ တတ်တယ်။ အဟုတ်ဆို မရဘူး။ အဲဒါအခုမှမဟုတ်ဘူး ငယ်စဉ်ထဲက။

အမေ့ပိုက်ဆံအိတ်ကြီးယူပြီး သဘော်ာပေါ်ကနေ လက်ရမ်းကနေ လက်ထုတ်ပြီး ပိုက်ဆံအိတ်ကိုကိုင်ပြီး ရယ်ပြတာ။ အမေက သဘောကျလို့ ရယ်ပြတယ်မှတ်ပြီး ပြန်ရယ်ပြလိုက်မှ ကျွန်တော့်လက်ထဲက ပိုက်ဆံအိတ် ရေထဲလွှတ်ချလိုက်တာ အကုန်ကုန်ရော။ ကုန်ရောင်းဖို့ ပိုက်ဆံတွေ ရေထဲ အကုန်ပါရော။ တရုတ်မြင်းဖြစ်ရော။ တရုတ်မြင်းဆိုတာ တစ်ရင်းမြုပ်သွားတာကိုပြောတာ။ မှောင်ခိုခေတ်ကစကားတွေပေါ့ တရုတ်မြင်းဆို တစ်ရင်းမြုပ်။ ဆီပုံးဆို ဆုံးပြီ။ အယုံကင်းပြီဆို အရင်းကုန်ပြီ။ အဲလိုမျိုး ပြောကြတာကိုး။

ငယ်စဉ်ကတည်းက မိဘဒုက္ခပေးခဲ့ပုံ ပြောပါတယ်။

အခုလည်းကြည့်။ ဟိုက ကိုယ့်ကိုကြောက်လို့ ယောဂီဝတ်နေတာကို မနေနိုင်ဘူး။ သူ့ဆိုင်နံဘေး နေ့စဉ်ငုတ်တုတ်ကလေးထိုင်လို့အားမှမရတာ။ ယောဂီမဝတ်ပဲကျန်နေတဲ့ သူ့မောင်အငယ်ဆုံး ခေါ်စည်းရုံးရတာပေါ့။

ပထမတော့ အမေအစ်မများနဲ့နေသားကျနေတဲ့ ငတိက ကျွန်တော်တို့လို နေပုံထိုင်ပုံမျိုး ဘယ်သဘောကျမှာလဲ။ သူကိုယ်တိုင်က ခပ်နွဲ့နွဲ့ကို။ ဒါကြောင့် ကျွန်တော်တို့လိုကြုံတဲ့နေရာစား၊ တွေ့ကရာအိပ်၊ သွားချင်ရာသွား၊ မကြာမကြာ ယမကာမှီဝဲလိုက်သေးဆိုတော့ အစပိုင်းနှာခေါင်းရှုံ့သေး။ နောက်နည်းနည်းကြာလာတော့ ပိုလို့ရင်းနှီးလာတော့ ကျွန်တော်တို့လို

www.foreverspace.com.mm



လွတ်လပ်မှုမျိုးကို သူက ခံတွင်းလိုက်လာသဗျ။

အဲဒီနောက်တော့ ကျွန်တော်တို့သွားလေရာ လိုက်ဖို့ မနက်မိုးလင်းထဲက မင်းမင်းနိုင်ဆိုတဲ့ သူငယ်လေးရောက်နှင့်လေပြီ။

"ကိုင်းလက်ဖက်ရည်ဆိုင်ထိုင်မဟဲ့"ဆိုရင် ဒီနားက ဆိုင်သီချင်းမကောင်းဘူး ခင်ဗျ။ ဟိုးမြို့စွန်ဆိုင်သွားရအောင်အစ်ကိုရ ဆိုပြီး ကျွန်တော်က ဆိုင်ကယ်မောင်း၊ သူက ကျွန်တော့်ခါးဖက်လိုက်တော့တာဗျ။

အလုပ်မရှိ အလုပ်ရှာ လက်ဖက်ရည်ဆိုင်တကာပတ်ပြီး သကာလ၊ အထာကျရင်ဖြင့် အသုတ်သည်ဝင်ပိုး။ လက်ဖက်ရည်ဖိုးကျတော့ မင်းစိုက်ဟဲ့။ အရက်ဖိုးကျမှ ငါ့အလှည့်။

လူလည်ကျတာ လူလည်ကျတာ။ ဒီကလေးက အရက်မှ မသောက်တာ။ အဲဒီတော့ ကိုယ်သောက်တဲ့ဟာ ကိုယ်ရှင်းတာ ဘာဆန်းလို့။

အရက်ကလေးများ မူးလာရင် ထုံးစံအတိုင်း ဒိုင်ကြောင်တွေကထွက်တယ်။

"လမ်းကတော့ အတူတူပဲ၊ မြေနီလမ်းချည်းပဲ။ ဒါပေမယ့် ဘုရားသွားတဲ့လမ်းကျ ဘာကြောင့်ဖိနပ်ချွတ်ရတာလဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် လမ်းခြင်း၊ အနင်းခံရတာချင်းတူပေမယ့် ဂုဏ်သတ္တိကွဲပြားနေတာ တွေ့ရတယ်"

"ဟုတ်တယ် အစ်ကိုရ၊ အစ်ကိုပြောလိုက်မှ ကျွန်တော် သဘောပေါက်တော့တယ်"

ဘာတွေ သဘောပေါက်တယ်မသိဘူး။ ကိုယ်ပြောတဲ့စကား ကိုယ့်ဖာသာကိုယ်တောင် နားလည်တာမဟုတ်ဘူး။

"ကောင်းကင်ကလည်းမဟုတ်ဘူး။ မြေပြင်ကလည်းမဟုတ်ဘူး။ ဒါပေမယ့် ကောင်းကင်နဲ့မြေပြင်ကို ဥဒဟိုရောက်ဖူးနေတဲ့ အရာတစ်ခုရှိတယ်သိလား။ အဲဒါကတော့ လေထုပဲ။ အဲဒီလေထုထဲမှာမှ တို့တွေ ရှူသွင်းရှူထုတ်လိုက်တဲ့ ဝင်သက်ထွက်သက်တွေရှိတယ်။ နောက်ပြီး တို့တွေရဲ့ ဘာသာစကားတွေ ရှိနေလိမ့်မယ်. . ။ တို့ရဲ့ဘာသာစကားတောင် လေထု

www.foreverspace.com.mm



ထဲမှာ ရှိနေသေးရင် ဘုရားရှင်ကိုယ်တော်မြတ် မြွက်ကြားခဲ့တဲ့ တရားဒေသနာတွေလဲ ဒီလေထုထဲမှာ လှည့်ပတ်စီးဆင်းနေဦးမှာပဲ။ ဒီကိစ္စသာ တကယ်သေချာရင် တစ်ချိန်ချိန်မှာ ဒီလေထုထဲက တရားတစ်ပုဒ်လောက်တော့ ငါတို့ ဖမ်းမိကြမှာပဲ”

“ကျွန်တော်တောင် မစဉ်းစားမိဘူး အစ်ကိုရာ မှန်လိုက်လေ”

ဘယ်စဉ်းစားမိမှာလဲ။ ကိုယ်လည်းစဉ်းစားပြီး ပြောတာမှ မဟုတ်တာ။ ရှူးကြောင် မူးကြောင်နဲ့ ပါးစပ်ထဲရှိရာ ပြောနေတာ။

မည်သို့ပင်ဆိုစေငြား။ အနှီငတိကလေးကတော့ ကျွန်တော့်ကို အပီအပြင်လေးစားနေသည်ကတော့ အမှန်ပင်။

ကျွန်တော်ပြောသမျှ အားတွေရပြီး . . .

“အစ်ကိုနဲ့တွေ့ရတာ အားရတယ်ဗျာ”

ဆိုသည့်စကား အမြဲပြောကြားလာသည်အထိ ကြည်ညိုရင်းစွဲရှိလာလေကြ၏။ ဤသို့ဖြင့်နေလာလိုက်တာမှ . . .


ဟယ် . . မင်းကြည်ညိုရုံနဲ့မပြီး၊ မင်းအစ်မကြည်ညိုမှပြီးမှာ။ မင်းကိုတော့ အခုပေါင်းချင်လို့ပေါင်းနေတာ မဟုတ်ဘူး။ မင်းအစ်မ မျက်နှာနဲ့ ပေါင်းနေတာ။ မင်းအစ်မနဲ့ငါရမှ မင်းလိုကောင်မျိုး အချိန်မရွေးအိမ်ပေါ်က ကန်ချခံရမှာ . . .

ဆိုပြီး အကြံကြီးကာဖြင့် ဘယ်လိုပြောပြော ကိုယ့်သဘော၊ ကျွန်တော်ပြောရင်အားလုံးဖြစ် အနေအထားကျမှ ရွှေစကားက စရတော့တာပေါ့။

卍 卍 卍

www.foreverspace.com.mm





"ဒီမှာငါ့ညီရ။ လောကမှာ အရာရာတိုင်းက သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြရတာချည်းပဲ၊ ဒါမှ သီးရင်စား ပွင့်ရင်နမ်းနဲ့ သဘာဝလမ်းပေါ် ရောက်တော့မပေါ့။ ဟုတ်ဖူးလား"

ငတိက ကျွန်တော့်စကားကို ကြောင်ပြီး နားထောင်နေတယ်။

"အစ်ကိုဆိုလိုတာက အစ်ကိုတို့အရွယ်က အိမ်ထောင်ပြုသင့်တဲ့ အရွယ် မဟုတ်လား"

ဘာမှမဟုတ်ဘူး။ အဲဒီတုန်းကမှ ဆယ့်ကိုးနှစ်အရွယ် ငယ်ငယ်လေး

ရှိသေးတာ။ ဒါကိုမှ ကိုယ့်ဖာသာကိုယ် လိုချင်စိတ်တစ်ပိုင်းသေပြီး အိုဟယ် နာဟယ်နဲ့ ပြောနေတာ။

ကျွန်တော့်စကားကို မင်းမင်းနိုင်က မျက်နှာပျက်သွားပြီး . . .

"ဟာ အစ်ကိုရာ ဘာလို့ အိမ်ထောင်ပြုချင်တာလဲ၊ ကျွန်တော်တို့နဲ့ ပျော်ပျော်နေစမ်းပါဦး"

တွေ့လား ခွင်ဝင်လာပြီ။ ဒီစကားထွက်အောင် ဒါမျိုးနဲ့ ထောင်ထားတာ။ ဒါကြောင့် ဝမ်းသာအားရပဲ စကားဆက်လိုက်တယ်။

"အေးလေကွာ မင်းတို့နဲ့ တစ်သက်လုံး ပျော်ပျော်ကြီးနေဖို့ ပြောတာပဲကွ"

ငတိမျက်မှောင်ကြုတ်သွားတယ်။

"ဆိုလိုတာက"

"ဟိုလေကွာ . . . မင်းအစ်မ မိယဉ်ချိုကို ငါကြိုက်နေတာ"

"ဟင်"

ကျွန်တော့်စကားလဲကြားရော ငတိ အံ့အားသင့်သွားပုံရတယ်။ ပြီးမှ ရှူးရှူးရှားရှားနဲ့ . . .

"ဟာဗျာ ခင်ဗျားကြီးကလဲဗျာ"

ဆိုကာ ထထွက်သွားတော့တယ်။

အဲဒီတော့မှ စဉ်းစားမိတယ် မှားပြီ။ မှားပြန်ပြီ သူ့အစ်မကို ကြိုက်ကြောင်း သူ့မောင်ကို အားမနာလျှာမကျိုးသွားပြောရတယ်လို့။ ဘယ်မောင်မဆို ကျွန်တော့်လို ဘာမှဖြစ်မြောက်အောင် မလုပ်တတ်၊ လေချည်းထိုင်ပန်းသောကောင်နှင့် သူ့အစ်မ ဘယ်မှာ သဘောကျနိုင်အံ့နည်း။ ဒါလေးကို အစကတည်းက စဉ်းစားမိဖို့တော့ ကောင်းတာပေါ့။ သည်လောက်တောင် ဉာဏ်မရှိတဲ့ကောင် ခံရတာတောင်နည်းသေး။ မင်း အသုံးမကျပုံမျိုးနဲ့ကတော့ မင်းရဲ့ အိမ်ထောင်ပြုချင်တဲ့အပိုင်း ဒိုင်းကာပြီးတော့သာနေပေရော့။ ကိုင်း . . . ကိုယ်ဖြစ်ကိုယ်ခံ။

卍 卍 卍

www.foreverspace.com.mm



အဲသည်လို အတွေးမျိုးနဲ့ ဆွေးဆွေးကြီးနေရတာပေါ့။ ဟိုကသွား ပြောဖို့ကျတော့ယောဂီကြီးနဲ့။ သူ့မောင်ပြောလိုက်မိတော့လည်း မုန်းပြီ။ ဘယ်လိုဆက်ကြံရမှန်းမသိခင် . . . ဟော . . .

ဒီလိုထင်နေတုန်းမှာပဲ ကြည်ညိုရင်းစွဲရှိတဲ့ ကျွန်တော့်ချစ်နှမရဲ့ မောင်ငယ်၊ ကျွန်တော်အတင်းပိုင်တဲ့ မင်းမင်းနိုင်ဆိုတဲ့ လူငယ်ကလေး မခို့တရို့နဲ့ ပြန်ရောက်လာသဗျ။

သူ့ခမျာလည်း ကျွန်တော်တို့နဲ့ ပေါင်းပြီး တခြားသူနဲ့ ပေါင်းမရတော့ဘူး

www.foreverspace.com.mm

ထင်ပါရဲ့ဗျာ။ ဒိုင်ကြောင်ဆိုတာကလည်း တစ်ရွာလုံးမှာမှ ကျပ်တစ်ယောက် လောက်ပြောတတ်တာ။

ဝမ်းသာအားရပါပဲ၊ ကိုင်း . . . ဖြစ်ပြီးခဲ့တာတွေထား၊ ရှေ့ရေးတွေးပြီး အေးအေးဆေးဆေး ပြန်ပေါင်းပြီးမှ၊ အစ်မပြန်တောင်းခန်း စရမှာပေါ့။

ဒီလိုနဲ့ပဲ ချစ်သူရဲ့မောင်ကိုပဲ သူ့အစ်မသဖွယ် အရာပေးလို့ ဂရုစိုက်ရတော့ပြန်တာပေါ့။ ကောင်လေးကလဲ အလိုက်သိပ့်။ ကျွန်တော်မျက်နှာရိပ် မျက်နှာကဲသာ အမြဲကြည့်နေပြီး . . . .

"အစ်ကိုရ . . . ဒီရွာကထွက်သွားရင် ဟိုဖက်ရွာမရောက်ခင် ထန်းတဲသိပ်အေးသဗျ ထန်းရည်ကျကောင်းပြန်ဆိုတော့ အစ်ကိုဆို ကြိုက်မဗျ"

သြော်. . . ခင်ပုံ . . . ခင်ပုံ . . . သူကျတော့ မသောက်တတ်ပါပဲ၊ ကျွန်တော် စားကောင်းသောက်ကောင်းမယ့်အရေးကို ကြိုတွေးပေးတယ်။ သူက မကြိုက်တတ်သော်လည်း ကျွန်တော် ကြိုက်တတ်ရေး ကြိုတွေးပေးတတ် ပြန်ပါတယ်။ ဒီလိုယောက်ဖမျိုး ဘယ်သူမပေါင်းချင်ရှိမတုန်း။ သူ့အစ်မကို ကြံနေတဲ့ကောင်မှန်းလဲ သိသိကြီးနဲ့ စေတနာတွေ စွပ်စပ်ဝေဆာနေတာ။

"တောက် . . . မင်းအစ်မသာ မင်းလိုစိတ်ဓာတ်မျိုးရှိရင် ပွဲပြီးပြီ"

စိတ်ထဲမှာတော့ ဖြည့်တွေးရတာပေါ့။ အေးလေ အခုတော့ ထားဦး၊ မင်းအစ်မနဲ့ငါရမှ မင်းကို အိမ်ပေါ်ကကန်ချပြီး -

"ဟဲ့ . . . မိန်းမ ပင်ကျဘယ်နားကောင်းဆိုတာ စုံစမ်းဦးဟဲ့"

"မိန်းမရ . . . ကိုခွေးလေးတို့တဲနဲ့ ဘဟဲတို့တဲ့ ဘယ်တဲက ထန်းရည် ကောင်းသတုန်း စုံစမ်းဦးဟဲ့" ဆိုပြီးလုပ်မှာ။

အခုတော့ မင်းကိုပဲ အစ်မနေရာထားပြီး ကျီစားနေလိုက်တာ။ သြော် မစားကောင်းတဲ့အသီးချည်း သီးနေရတာ ပြောပါတယ်။ အချိန် ရယ်ကကြာ၊ ပိန်မသာ လိမ်မသာဘဝကကို မတက်နိုင်ပြန် အချက်ပိုင်ပိုင် ဒီနေရာ အေးအေးမှာ ထန်းရည်လေးလွေးပြီး ဆွေးနွေးမဟဲ့ဆိုပြီးမှ

"ဒီလိုရှိတယ် ညီရ၊ ဝေးဝေးမှာရှိနေတဲ့အရာတွေ မင်းယုံလား"

www.foreverspace.com.mm

မင်းမင်းနိုင်က ငေးနေတယ်။

"ဥပမာကွာ . . . ဟိုလယ်ကွင်းစပ်ကအပင် ကုက္ကိုပင်ဆို မင်းယုံမလား"

"အာ . . . အဲဒါတော့ ဘယ်ယုံလို့ဖြစ်မလဲဗျ . . ၊ ဒီအပင်မျိုး ကညင်ပင်လဲ ဖြစ်နိုင်တာပဲ၊ ဒန့်ဒလွန်ပင်လဲ ဖြစ်နိုင်တာပဲဗျ"

"အဲဒါပြောတာကွ၊ မမြင်ရတာဆိုတာ ယုံရတာမဟုတ်ဘူး။ အခု မင်း မြင်နေရတဲ့ ငါ့ကိုရောယုံလား"

"ယုံတာပေါ့ဗျာ၊ ယုံလို့လိုက်လာတာ"

ကိုင်း . . . ခွင်ကတော့ဝင်ပြန်ပြီ။ အပီလုံးမှဆိုပြီး အသုံးချလိုက်တာက . . .

"အေး . . . အဲလိုပဲကွ၊ မင်းအစ်မကိုကွာ . . . မမြင်ရတဲ့ တခြားကောင်နဲ့ယှဉ်ရင် မင်းမြင်နေရတဲ့ ငါနဲ့ဆို အဆင်မပြေဘူးလား။ မမြင်ရတဲ့ကောင်တွေက အင်ဆိုလဲဖြစ်နိုင် ကညင်ဆိုလဲဖြစ်နိုင်တယ်နော့။ ငါကမှ လူကြီးအာသီးအစစ်"

ကြည့်ဦး။ ကိုယ်က နဂိုအခံပျက်နေတာကို တခြား မမြင်ရတဲ့သူ လှည့်ပတ်ပုတ်ခတ်နေတာ။ ကျုပ်ကလည်း တကယ့် ကျီးအာသီး။ အပြင်မှာတော့ ကိလေသာခိုးတွေနဲ့ နီရဲနေပြီး အထဲမှာ ပုပ်ပွနေတာ။

"နေ့ . . . ဟေ့ကောင် . . . ဘယ့်နှယ်တုန်း"

"အာ . . . ခင်ဗျားကြီးကလဲ တခြားအကြောင်းပြောဗျာ၊ အဲဒီ အိမ်ထောင်ပြုဖို့ဖက် မလှည့်နဲ့"

"ဟ ငါကလဲ အဲဒီအပိုင်းဖက် ဆယ့်သုံးနှစ်သားထဲက လှည့်ချင်နေတာ"

"တော်ပါဗျာ၊ အဲဒီအကြောင်းကလွဲရင် ဘာပြောပြော"

သူကမှ ပစ်ပစ်ခါခါ ငြင်းနေတော့ ကျုပ်ကဘာဆက်ပြောရတော့မှာတုန်း။ ငတိကြည့်တော့လဲ သူ့အစ်မ ကျွန်တော့်ပေးရမှာစိုးလို့ထင်တယ် စူပုပ်လို့။ ကျွန်တော့်မှာလဲ ကိုယ်က စကားစပြီး မအောင်မြင်တော့ ဘယ်လို

မြောင်းဆက်တူးရမှန်းမသိဘူး ဖြစ်နေမိတယ်။ ငတိကြည့်တော့လဲ. . .

"တစ်ခါတည်း ဒါပဲ ပြောပြောနေတယ်။ မကြိုက်ပါဘူးဆိုနေမှ"

ဆိုပြီး စူပွ စူပွဖြစ်နေတယ်။ ကျွန်တော့်မှာလဲ ပြောလက်စ စကား၊ တူးလက်စမြောင်း မအောင်မြင်တော့ ဘယ်လိုပြန်စရမယ်ဆို တာစဉ်းစားရင်း ထန်းရည်လေးသောက်လိုက်၊ ဘယ်ကဘယ်လိုစကားစရမယ် ဆိုတာကြံလိုက်နဲ့ လုပ်နေလိုက်တာ လူတောင် ဒေါင်ချာမစိုင်းတစိုင်း ဖြစ်နေတော့တာ။

အင်း ဖတ်ထားဖူးတဲ့ မေတ္တာစာ ဖတ်ကနေလှည့်ရမလား။ လောကနီတိကိုပဲ ကိုးကားရမလား။ သူ့ကြည့်ရတာတော့ သိပ်မဆိုးသေး ဘူး။ ထန်းရည်လေး အေးအေးဆေးဆေးသောက်တုန်း သင်းအစ်မမရရ အောင် တောင်းဦးမှဆိုပြီး ပိုင်းဖြတ်ကာ

"ဒီလိုရှိတယ် ညီလေးရ၊ အင်မတန်လှပမွှေးကြိုင်တဲ့ နှင်းဆီ ပန်းတောင် ဆူးနဲ့မကင်းသလို လူတွေမှာလဲ ချစ်ခြင်းမုန်းခြင်း၊ ကဲ့ရဲ့ခြင်း တွေနဲ့ မကင်းနိုင်ဘူးကွ။ ဒါလောကဓမ္မတာပဲ"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"အဲဒီလိုချစ်ခြင်း မုန်းခြင်းတွေထဲမှာမှ ချစ်ခြင်းက ပိုပြီး မင်္ဂလာ မရှိပေဘူးလား"

"ရှိပါ့"

"အဲဒီ မင်္ဂလာရှိတဲ့ ချစ်ခြင်းကိုမှ ငါ့ဆီက မင်းအစ်မပိုင်ဆိုင်ရမယ် ဆိုရင် ပိုမင်္ဂလာမရှိသွားဘူးလား"

"ဟာဗျာ . . . ခင်ဗျားကို တခြားအကြောင်းပြောပါလို့ ပြောထား တာ မရဘူးလား"

စကားစတာနဲ့ ငတိက ရှူးရှူးရှားရှား ထဖြစ်တော့တာပဲ။

"မဟုတ်ဘူးလေ၊ ငါဆိုလိုတာက"

"တော်လို့ပြောနေတာ မရဘူးလား"

သူ့မျက်နှာက ငိုမလို ယိုမလို၊ ပြုံတော့မယ့်မိုးလို မျက်ရည်တွေ

www.foreverspace.com.mm



တောင် ဝဲနေပြီ။ ဟယ် . . . ချက်ချင်းကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်။ ကိုယ်လည်း သူ့မျက်နှာကိုကြည့်ပြီး သနားသွားမိတယ်။ အစ်မလေးတောင်း မိရုံနဲ့ ဒီလောက်ခံစားသွားရတာကို နားမလည်နိုင် ဖြစ်သွားမိတယ်။ ဒါနဲ့ပဲ အခြေအနေ ပိုမဆိုးခင် စကားလွှဲမယ်အကြံနဲ့ . . .

"အင်းပါကွာ . . . ငါသဘောပေါက်ပါပြီ၊ မင်းကလည်း မင်း အစ်မ ငါကြိုက်တယ်ပြောရုံနဲ့ ဒီလောက် ရှုံ့ရှုံ့ရှားရှားဖြစ်စရာ မလိုပါဘူး"

"ဖြစ်ရမယ်ဗျ ဖြစ်ရမယ် အဟင့်"

ပြောရင်းဆိုရင်း မျက်ရည်ကပတစ်ခဲနဲ့ ထွက်ကျလာတယ်။ သူ့အစ်မ များတစ်ခုခုဖြစ်ထားလို့လားဆိုတဲ့ ဇဝေဇဝါအတွေးနဲ့ မျက်လုံးကလယ် ကလယ်လုပ်ပြီး မေးမိတယ်။

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲဗျ၊ ခင်ဗျားကို ကျွန်တော် ကြိုက်နေတာ"

"ဟမ် . . ."

"အပုံး"

ချက်ချင်း ဆံပင်မွေးတွေထောင်တက်သွားတယ်။ မျက်လုံးတွေ ကျယ်ပြီး ခုနသောက်ထားတာတွေတောင် ဘယ်ပျောက်ကုန်မှန်းမသိဖြစ် ကုန်တယ်။ နောက်တော့မှ နောက်ကြောင်းတွေ တရေးရေးပြန်စဉ်းစားပြီး

"ကိုကြည်က မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးနဲ့ ခန့်သဗျ"

ဆိုပြီး မေးသပ်ခဲ့တာတွေ . . .

"တစ်ယောက်တည်းမထားခဲ့နဲ့ဗျ . . . ကိုကြည်သွားရာ ကျွန်တော် လဲလိုက်မယ်၊ ငရဲပြည်ဆိုလဲလိုက်မှာပဲ ဟီဟိ"

ခင်လို့ပြောတယ်မှတ်နေတာ။

"ဘယ်လျှောက်သွားနေတာလဲ၊ တစ်နေ့လုံးကို ရှာမတွေ့ဘူး"

စိုးရိမ်တယ်မှတ်တာပေါ့။ အခုတော့. . .


"အောင်မလေး . . . ပြောရ တော့မယ် ကြုံရကြုံရဘုံဘဝမှာဖြင့် ကြားရကြားရ နားဝမသက်သာ၊ မြင်ရမြင်ရ မရှုင်ပြနိုင်ဘူး၊ ရင်ကသာမပြီး

တော့ ထင်သမျှငိုလိုက်ချင်လှ၊ ဆို့သလိုနေတာဟာပဲမို့၊ ကိုယ်မြေမှာလဲပြီး အောင်မလေး . . . သေပွဲသာဝင်လိုက် ချင်လှပေါ့လေး . . . လေး . . . မြင်ရုံနဲ့ မသိနိုင်ပါဗျာ . . . ပင်ကြီးသပြေသီး မှည့်ကြွေကို နှလုံးကမှလာဆို လာတာမျိုးပါဗျ . . . ရှာဖွေလော်လမ်း၊ မစုံစမ်းပဲ . . ဝိဟာဝရေးရန် နှင့်ဘေးကို ဆွေးနွေးတိုင်းထွာ . . . ဟောသည်လူ့ငနာမှာလေ . . . မထင်တာမှ ကြုံကာအော်ရပြီ. . . အချော်တကောက်ရယ်နဲ့. . အချော်တကောက်ရယ်နဲ့. . . လေး. . . အောင်မလေး”

အဲသည်လိုလေးတောင် မငိုနိုင်တော့ပါဘူးဗျာ။ စေ့စေ့တွေးတော့ ရေးရေးမြင်ပြီ။ သူ့ခမျာလဲ အမေအစ်မတွေနဲ့ချည်းနေနေရတော့ ဒီအပုံး စိတ်က အနည်းငယ်တော့ရှိမှာပေါ့။ ဒါကို ကျွန်တော်တို့လို လူ့မသမာ သူတွေနဲ့တွေ့ပါများတော့ တဖြည်းဖြည်းနဲ့ ပွင့်လာပုံရပါတယ်။

သြော် . . . ကျွန်တော့်အဖြစ်ကလည်းကြည့်ဦး။ ကြိုက်တော့ အစ်မ ကျတော့မောင် ကြောင်တောင်တောင်ကိုဖြစ်ရော။

www.foreverspace.com.mm



ကိုင်း သည်လောက်ဖြစ်လှ၊ မင်း အစ်မလည်း ငါမကြိုက်တော့ဘူး။ မင်းလဲ ငါ့မကြိုက်နဲ့တော့လုပ်မှဖြစ်တော့မှာကိုးဗျ။ ဒါနဲ့ပဲ သင်းတို့နဲ့မတွေ့ ရအောင် ရှောင်နေတော့တာပေါ့။ ဒါကို သူ့အစ်မက အစကတည်းက ကျွန်တော့်ရှောင်နေတာ ဆိုတော့ စိတ်ပိုအေးသွားသပေါ့။ သူ့အစ်မက ရှောင်ပေမယ့် ဟိုကောင်က မရဘူး။

"ကိုစောကြည့်ဖြူရေ ကိုစောကြည်ဖြူ လက်ဖက်ရည်ဆိုင်ကလေး သွားချိန်ပါဗျ"

"ဟော့ကောင် မင်း . . . ငါ့ဆီ

www.foreverspace.com.mm

မသမာတဲ့စိတ်ကြီးနဲ့မလာနဲ့၊ ငါလဲ မင်းအစ်မကြိုက်တော့ဘူး။ မင်းလဲ မလာနဲ့တော့"

ဆိုလဲမရဘူး။ စိတ်ကောက်သလို ဟန်တစ်ခွဲနဲ့ ခြေဆောင့်ပြီး . . .

"ဟင် . . . ဘာမှန်းလဲမသိဘူး။ လူကို အရင်လို မခင်တော့ဘူး။ သူများမြင်တိုင်း မောင်းထုတ်နေတော့တာ"

"အေး . . . မောင်းထုတ်မှာပေါ့၊ သူများက သူများဖြစ်နေပြီ။ တော်ကြာ လူတွေက ငါ့ပါ သူများတွေနဲ့ပေါင်းလို့ တစ်မျိုးထင်တော့မှာ"

"ထင်တော့ ဘာဖြစ်လဲ၊ ပိုတောင်ကောင်းသေး၊ ဟီ ဟိ. . . ကြော်ငြာစရာကိုမလိုတော့ဘူးပေါ့ အဟက်ဟက်"

သြော် . . . ဒီကလေး ပြောလေကဲလေ . . . မဖြခင်ကပြဲချင်လေ အဲ . . . စာချိုးက ဘယ်ရောက်ကုန်ပါလိမ့်။ ကိုင်း သည်အတိုင်းသာထားတော့ စာချိုးပြောပါတယ်။ ဟိုချိုးကသာမဖြတ်ဖြတ်မှ ဖြတ်တော့မှာမို့ . . .

"ဟော့ရောင် . . . ကြော်ငြာတာ မကြော်ငြာတာနောက်ထား ငါလည်း ကုန်ပစ္စည်းမဟုတ်ဘူး"

"အို . . . မင်းမင်းအတွက်ကတော့ ကိုစောကြည်ဖြူက ကုန်ပစ္စည်းပဲ ဝယ်စားဦးမှာ"

ကြည့်ဦး နေရင်းထိုင်ရင်း လစ်မစ်ကတက်တက်လာတာ သူ့ကိုယ်သူလဲ မင်းမင်းတဲ့။

"ဝယ်စားလို့ဖြစ်မလားကွ။ မင်းလည်းယောက်ျား၊ငါလဲယောက်ျား"

"အို . . . ယောက်ျားအချင်းချင်း ဘာဖြစ်လို့လဲ"

သြော် . . . ဒုက္ခ . . . ဘယ်လိုမှပြောလို့မရတော့ပါလား။

"ကိုင်း . . . မင်းနားလည်အောင် ငါရှင်းပြမယ် လာ . . . ဒီမှာ လာထိုင်"

ဆိုပြီး အိမ်ပေါ်ခေါ်လိုက်ရတယ်။ ပြီးတော့ အရိုးရှင်းဆုံးနည်းနဲ့ ဒီလိုရှင်းပြလိုက်တယ်။ (မှတ်ထားကြ . . . အဲလိုလူမျိုးတွေနဲ့တွေ့ရင် ဒီနည်းနဲ့

ရှင်းပြတာ အကောင်းဆုံးပဲ)

"ဟောဒီမှာကြည့်။ ဟောဒီမှာ ပလပ်ခေါင်း၊ ဟောဒီမှာ ပလပ်ပေါက် တွေ့လား"

"တွေ့သားပဲ၊ ဘာဖြစ်လို့လဲ"

"ဟောဒီမှာ ပလပ်ပေါက်ထဲ ပလပ်ခေါင်းထိုးလိုက် . . . ဟော . . . ဟိုမှာတွေ့လား . . . မီးလင်းတယ်"

"အင်းလေ . . . ပလပ်ခေါင်းနဲ့ ပလပ်ပေါက်ထိုး မီးလင်းတာ ဘာဆန်းလို့လဲ"

"ဆန်းတယ် ဆန်းတယ် ဟောဒီမှာကြည့်၊ ဟောဒီမှာကြည့် ဟောဒီမှာ ပလပ်ခေါင်း ဒါလဲပလပ်ခေါင်း ဟောဒီလို ပလပ်ခေါင်းအချင်းချင်းထိုးတော့ မီးလင်းလား"

"ပလပ်ခေါင်းအချင်းချင်းတော့ မီးဘယ်လင်းပါ့မလဲဗျ"

"အဲဒါကြောင့်ပြောတာ။ ပလပ်ခေါင်းအချင်းချင်း မီးလာမလင်းချင်နေပါနဲ့ ညီရာ. ."

" ဟင်. . ."

ကျွန်တော့်စကားလဲကြားရော ငတိငိုင်ကျသွားတယ်။ ဘာစကားမှ မပြောတော့ဘူး။ အတော်ကြာမှ ပလပ်ခေါင်းကိုယူပြီး ပလပ်ပေါက်ထဲသွားထိုးကြည့်တယ်။ ဟုတ်တယ်။ မီးလင်းတယ်။ နောက် . . . သူ့ရှေ့ချထားတဲ့ ပလပ်ခေါင်းနှစ်ခုကို ကောက်ကိုင်ပြီး ထိုးကြည့်တယ်။ ပြီးတော့ ပလပ်ခေါင်းနှစ်ခုကို အသေအချာကပ်ကြည့်တယ်။ မီးကမလင်းဘူး။ ဒါကို ငတိမသိတော့ဘူး။ ပလပ်ခေါင်းနှစ်ခုကိုပဲ စိတ်ဝင်တစားဆက်ကြည့်နေတယ်။ ပလပ်ခေါင်းနှစ်ခု အဆင်တပြေဖြစ်အောင် ဘယ်လိုထိုးရမယ် စဉ်းစားနေပုံရတယ်။ အတော်ကလေးကြာမှ သက်ပြင်းချပြီး. . .

"ဟင်း . . . ကျွန်တော် ပလပ်ခေါင်းနှစ်ခုနဲ့ မီးလင်းအောင် ဘယ်လို လုပ်ရမယ်ဆိုတာ ကြိုးစားရှာဖွေပြီးမှ ပြန်ခဲ့မယ် အစ်ကိုရာ"

ဆိုပြီး ပလပ်ခေါင်းနှစ်ခုကို တစ်ဖက်စီ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး

www.foreverspace.com.mm

အိမ်ပေါ်က ခေါင်းငိုက်စိုက်နဲ့ ဆင်းချသွားတော့တယ်။



www.foreverspace.com.mm



အဲဒီထဲက ကျွန်တော်လဲ သူတို့ ရပ်ကွက်ဖက် ခြေဦးမလှည့်တော့ပါဘူး။ ကိုယ်ကြိုက်တဲ့တစ်ယောက်ကလည်း ယောဂီဝတ်နဲ့ဆိုတော့ ဘယ်လိုမှကြံမရ။ သည်ကြားထဲသူ့မောင်ကိုကလည်း ကြောက်ရသေးကိုးဗျ။

ဒီလိုနဲ့ နေလာလိုက်တာ အတော်ကြာတော့ သတင်းကကြားရပြန်ရောဗျာ . . .

"မင်းမင်းနိုင်တစ်ယောက် ဆေးရုံရောက်နေသဗျ"

ကြားရတဲ့ သတင်းက မျက်လုံး

www.foreverspace.com.mm

ပြူးစရာ။ ကိုယ့်မှာလဲ ခင်မင်ရင်းစွဲ ရှိတာနဲ့ပဲ စိုးရိမ်သွားမိတယ်။

"ဘာ . . . ဘာဖြစ်လို့လဲ၊ ဘာရောဂါနဲ့ရောက်တာလဲ"

"ဘာရောဂါမှမဟုတ်ဘူး၊ ခွတ်လိုက်ခံရတာလေ။ အိမ်က ဝါယာကြိုးတွေဖောက်ပြီး ပလပ်ခေါင်းနှစ်ခုပူးလိုက်လို့ ခွတ်လိုက်ခံရတာ။ ဒီကောင်နှယ် ဘာကိစ္စနဲ့ ပလပ်ခေါင်းနှစ်ခုသွားပူးပြီး ထိုးတယ်မသိဘူး"

ကိုင်း . . . အဲဒါကြောင့်ပြောတာ။ ပလပ်ခေါင်းနှစ်ခုလဲ မပူးစေနဲ့၊ ပူးမိရင်တောင် မီးလင်းမှာမဟုတ်ဘူး ခွတ်ပဲအလိုက်ခံရမှာ။ အားလုံး သတိထားစေချင်လို့ ပြောတာပါ။ ကျွန်တော်တို့အနုပညာလောကမှာ ဒါမျိုး ပိုများသမို့ သတိထားရအောင် အကြံပြုတာပါဗျ။

ဩော် . . . နောက်ပိုင်းမှာတော့ ကျွန်တော်လဲ သူတို့ရပ်ကွက်မရောက်ဖြစ်တော့ ရန်ကုန်ဖက်ခြေဦးလှည့်တော့ အကုန်မေ့ပေါ့။ ရန်ကုန်မှာကလဲ အနေကြာတော့ ရွာမှာဘာဖြစ်ကျန်ခဲ့တယ် မသိတော့ဘူး။ ကိုယ်ကလည်းနယ်မပြန်။ ရန်ကုန်မှာကလည်း ကြုံသလိုနေဆိုတော့ မိဘတောင် အဆက်အသွယ်ပြတ်ကုန် တာပေါ့ဗျာ . . . ။

ဒီလိုနဲ့ တစ်နေ့မှာတော့ ရန်ကုန်မြို့လယ် ယောင်လည်လည်လုပ်နေတုန်း ပြုန်းဆို အနောက်က ခေါ်သံ ကြားပါလေရောလား။

"ကိုစောကြည်ဖြူ . . . ကိုစောကြည်ဖြူ"

မေ့တတ်တဲ့အခံကရှိပြန်တော့ ဒီအသံ ရုတ်တရက်မမှတ်မိဘူး။ ဒါနဲ့ လှည့်ကြည့်လိုက်တော့ . . .

"ဟာ"

တစ်ခါက ချစ်ရိုး၊ ခင်ရိုး၊ ကျူကျူပါအောင် ဆိုးခဲ့ရပါသော မိယဉ်ချိုရဲ့မောင် မင်းမင်းနိုင်ရယ်လေ။

ဆံပင်ကြိုးကြီးကတဖျပ်ဖျပ်၊ စလင်းဘက်က တလွင်လွင် ခြေချင်းသံက တချွင်ချွင်နဲ့ကိုးဗျ။

"ဘာလဲ . . . မမှတ်မိတော့ဘူးလား အချစ်တုံးကြီးရဲ့"

ရှက်လည်း ရှက်ပါ့ဗျာ။ ဒါပေမယ့် သိချင်တာတွေလဲ မေးရမှာကိုး။

ဒါနဲ့ပဲ . . .

"အလုပ်အကိုင်အဆင်ပြေနေတယ်မှတ်တယ်။ ဒါနဲ့ မိသားစုရော"

"အားလုံး အိမ်ထောင်ကျကုန်ပြီလေ၊ တစ်မိသားစုလုံးပေါ့"

"ဟင်"

မျက်လုံးတောင်ပြူးမခင်ပါဘူးဗျာ။

"များကတော့ ရန်ကုန်မှာ အလှပြင်ဆိုင်ဖွင့်ထားတယ်။ ကြုံရင်လာပါဦး"

ဆိုပြီး လက်ထဲ ဗစ်(စ်)တင်းကဒ်ခေါ်တဲ့ လိပ်စာကဒ်လေးလှမ်းပေးပြီးမှ . . .

"သွားဦးမယ်နော် . . . အလုပ်ရှိသေးလို့ ဒို့ကသူများတွေကို အလေအလွင့်မဟုတ်ဘူး"

ဆိုမှ ယောင်တောင်တောင်ခေါင်းညိတ်ပြ၊ လိပ်စာကဒ်လေးကြည့်မှ . . .

"အလှဖန်တီးရှင် ပလပ်ပေါက်မင်းမင်းနိုင်ဦးစီးသော ပလပ်ခေါင်းအလှပြင်ဆိုင် . . . အမျိုးသားသီးသန့်"ပါတဲ့ဗျာ . . .

အောင်မလေး နာမည်လေးကြိုက်လို့ယူလိုက်တာလား။ ကြည့်စမ်း ကြည့်စမ်းကောင်မ . . . အဲလေ . . . ဒီအကောင် ငါ့ကိုများ အလေအလွင့်တဲ့ ပြောသွားတာ။ ဩော် . . . ဒါထားစမ်းပါဦး တစ်မိသားစုလုံး အိမ်ထောင်ကျကုန်ပြီဆိုတာက။ တစ်မိသားစုလုံး။ တစ်မိသားစုလုံး အမေတစ်ယောက်၊ သမီးနှစ်ယောက်၊ သားတစ်ယောက် အမေကစလို့ အိမ်ထောင်ကျပြန်တာလား။

"အောင်မလေး အရပ်ကတို့ရဲ့ . . . တွေးမိလေးဘိ၊ ဆွေးမချိအေးမည်အထင် . . . ခွေယိစရာ နေထိကြာပမာသွင်သို့ ရင်ထက်မှာဆူ၊ ပင့်သက်ရှူ ပူနေဆဲပါဗျ . . . တစ်နည်းမဟာဟန်နဲ့ သမီးကညာကြကာမှ၊ အမေပါလင်ရတယ် . . . မထင်ရပါပြီ . . . ကြင်စာရီနှောင်ဖွဲ့၊ မောင်ငယ်ပါနဲ့လျှင်

www.foreverspace.com.mm



ကြုံတဲ့ဖြစ်ကယ် . . . သနားရှုချင်လို့ မလျော်တဲ့အရေးဟာမို့ . . . ပြေး . . . ပြေးလို့သာ သေလိုက်ချင်ပါတော့လေး . . . လေး . . . ”

သြော် . . . ကိုယ့်မှာတော့ ကောင်မလေးတစ်ယောက် ကျမလား ဖန်ပါတယ်။ အမေပါလင်ရပြီး မောင်ပါခြောက်သွားတယ်ဆိုတော့ စဉ်းစား သာကြည့်။ ငိုရတာတောင် နည်းသေးပေးပေး . . . ။ မျက်လုံးက တဏှာခိုး ဘယ်လောက်ဝေနေမယ်မသိပေါင်။

ကိုင်း . . . ထား . . . နောက်တစ်ဇာတ်စမယ်။ ပလပ်ခေါင်း အလှပြင်ဆိုင် ရန်ကုန်မှာရှိတယ်။ ရှာကြည့်။ တွေ့ရင် ပလပ်ပေါက်မင်းမင်းနဲ့ တွေ့မယ်။

卍 卍 卍

www.foreverspace.com.mm





သည် ခန္ဓာကိုယ်ညစ်နှင့် အနှစ်မဲ့ ဂုဏ်ခိုင်။

စစ်စစ်ကယ်ကူဘွယ်ရေး၊ ဝေး၍မဆိုင်။

ရှည်မကြာပျက်ယွင်းလို့၊ ချက်ခြင်းခန္ဓာတိုင် ပျက်ယိုင်လို့ပြိုကွဲ. . .

ရှေးကြမ္မာကျေးဇူးဂုဏ်ရည်ကြောင့် မြင်ရှည်စေ့ဆော်လို့

ကပ်ကမ္ဘာ ကြေပျက်သုန်းသော်လဲ ဆုံးခွင်ရောက်ပဲ . . .

တစ်ယောက်မရ၊ တစ်ယောက်ကြံမယ်ဆိုတဲ့စိတ်ကကြီးကိုးဗျ။ ကိုယ့်မှာ

ရန်ကုန်ကလည်း ရောက်နှင့်ကိုး။ အင်း. . . ရန်ကုန်ရောက်တော့လဲ လမ်းစရိတ်မရှိလို့ ကွမ်းယာသည် မျက်စပစ်ရ၊ ဘိန်းမုန့်သည် အထာပေးရ အားကို မအားရပါဘူးဗျာ။ ဒါလေးတွေက စတိအနေနဲ့ ပိုးရတာပေါ့ ဗျာ . . .။ အတည်ကြံတာမျိုးတော့ ဟုတ်ပေါင် . . . ဟီဟိ။

ကိုင်း . . . ပြည်ရန်ကုန်မှာ အခြေပျက်လို့ အနေခက်နေတဲ့ အရေးမို့ အမှီလေးတော့ ရှာမဟ။ ရ . . . ရခဲ့ရင်ဖြင့် မေကညာဂုဏ်တင့် အောင် မျက်နှာကို အာချီလူး၊ ခပ်ပြုံးပြုံးလေး နေပြမဟဲ့ (မျက်လုံးပြောတာ နော်) ဆိုပြီး ရှာလိုက်တာတွေ့ပြန်ပေါ့။


သည်မေကျော့ကဖြင့် အရင်ပိုးခဲ့တဲ့ ကညာမျိုးတွေထက်သာပဟဲ့။ ဇာတိစုံစမ်းတော့ သင်းကလည်း အညာတစ်နယ်ကဆိုပဲ။ ဒါကိုမှ ရပ်ရွာ မနေခြေရှည်ပြီး စီးပွားရှာလာလိုက်တာ ကျွန်တော်တို့နေသည့် ဆိပ်ကမ်း မြို့သစ်ဟူသော ဆင်းရဲသားများခေတ်ကျသည့် ရွာကလေးမှ စုံစီနဖာ လိုတာရ၍ လာသမျှလူ မလိုတာမရှိရအောင် စုံပြီးရင်းစုံရင်းဆိုသော ဤ ကုန်စုံဆိုင်ကြီး၏ ပိုင်ရှင်ဖြစ်ပေတော့သတည်း။

သူ့ရဲ့ဆိုင်ကလည်း ကျွန်တော်တို့လက်ဖက်ရည်ဆိုင် သွားရာလမ်း ထိပ်မှာတင်ရှိတာဆိုတော့ စက္ခုစက္ခုချင်း။ လူလူချင်း ဆုံတွေ့ ဖန်များလာ တော့ သံယောဇဉ်တည်းဟူသော ကြိုးကတွယ်ရစ်လာခဲ့ပါပေပြီ။

အသက်အရွယ်မှာ သိပ်မငယ်လှသော်လည်း ဆံပင်ရှည်ရှည် အသားညိုညို အညာနှမ မျက်စေ့ထဲလှလှလာတာပေါ့။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း ဖြူးတီးဘလိုင်းလေ။ အလှအပဆို သိပ်ခွဲတတ်တာ မဟုတ်ဘူး။ အဲဒီအချိန်တုန်းကတော့ ကျွဲဖင်မြင်ရင်တောင် နှာတံလေး စင်းနေတာဆိုပြီး ကြိုက်ချင်ကြိုက်မှာ။ အထီးမှန်းသိရင်တော့ တစ်မျိုးပေါ့ လေ။

နောက်ပြီး ကျွန်တော်တွေ့ဖူးသမျှတွေထဲမှာ အဲဒီကလေးမ လေးလေးနက်နက်အရှိဆုံးထင်တာပဲ။ အလုပ်အကိုင်နဲ့ လုပ်ပုံကိုင်ပုံပြော တာမဟုတ်ပေါင်ဗျာ. . . သူ့ခန္ဓာကိုယ်က လေးလေးကြီးနဲ့ အသားက

နက်နက်ကြီးမို့ပါ။ ဒါကြောင့်လေးလေးနက်နက်အရှိဆုံးလို့ပြောတာ။



www.foreverspace.com.mm

www.foreverspace.com.mm



ဤသူငယ်မ၏ အလှဆုံးအပိုင်းအား ညွှန်ပြရမည်ဆိုပါက မျက်လုံးကိုပင်ဆိုပြရပေမည်။ မည်းနက်သောမျက်ဆံ၊ ဝိုင်းစက်သောမျက်ဝန်းတို့ကြောင့် ရှေးဆရာများ သမင်ပျိုမျက်လုံးမျိုးဟု ညွှန်းဆိုခဲ့တာ ဤသူငယ်မမျက်ဝန်းမျိုးပင်ဖြစ်မည် ထင်သည်။ ဤသူငယ်မ၏ မျက်လုံးသည် သမင်ပျိုမဝင်စားထားသော မျက်ဝန်းပင်ဖြစ်ပေလိမ့်တော့မည်။

ဩော် . . . ဒီမှာ ဖြတ်ပြောစရာရှိပြန်ဗျ။

ယောကျ်ားသားများရဲ့စိတ်က

www.foreverspace.com.mm

မိန်းမများနဲ့တွေ့တဲ့အခါ မုဆိုးစိတ်ပေါက်သွားသဗျ။ ဒါကြောင့် မိန်းကလေးတွေကို နှိုင်းတဲ့အခါ သူတို့စားချင်တဲ့ အကောင်တွေနဲ့ချည်း နှိုင်းတော့တာ။

ဟော သမင်မျက်လုံးတဲ့။ သူစားချင်တဲ့အကောင် သူပြောတာ။ ငါးရံ့ကိုယ်လုံး။ ငါးရံ့ကိုယ်လုံး ဘယ်နားလှလို့လဲ။ သူစားချင်လို့ကို နှိုင်းတာ။ ဖြူဖြူဖွေးဖွေးရေဆေးငါးကြီးတဲ့။ ဒါလဲ သူစားချင်တာ နှိုင်းတာပဲ။ နှိုင်းပါလား ဖြူဖြူဖွေးဖွေး ဘဲဥလေးလို့။ အသံလေးကိုက ဥဩလိုလို၊ ဒေါင်းငှက်လိုလို သူစားချင်တဲ့အကောင်နဲ့ပဲ နှိုင်းတာ။ နှိုင်းပါလား သစ်ရွက်လေတိုးသံတို့ ပုလွေသံတို့ ဘယ်လောက်ကောင်းလဲ။ ဒါမျိုး မနှိုင်းဘူး။ သူတို့စားချင်တဲ့အကောင်တွေနဲ့သာ လှည့်ပတ်ခိုင်းနှိုင်းနေတာ။

ဒါကြောင့် ယောကျ်ားများသည် သူတို့ကြိုက်သောမိန်းမများနှင့် တွေ့သောအခါ မုဆိုးစိတ်ပေါက်သွားလျှင် ထိုမိန်းမအား သူတို့စားချင်သော အကောင်များနှင့်သာ နှိုင်းတတ်ပါတော့သည်။ ထိုမှမဟုတ် သတ်သတ်လွတ်သမားဖြစ်ပါက ကန်စွန်းဥ၊ မုန်လာဥ၊ စွန်ပလွန်သီး စသော သူစားချင်သည့် အသီးများဖြင့်သာ နှိုင်းယှဉ်တတ်ကြပါတော့သည်။

မိန်းမတွေကတော့ ယောကျ်ားတွေကို ဘယ်လိုမြင်တယ်တော့ မသိ။ ကိုယ်ကမိန်းမမှမဟုတ်တာ။ ယခုတော့ ထိုနှမသည်လည်း ကျွန်တော့်အားကြည့်ပြီး ဤ "ငတိုမျက်လုံးနဲ့ ငတုံးမျက်နှာ"ကို သူ့ပိုနေသည့် စတိုးဆိုင်တစ်နေရာထားပါက သူခိုး၊ သူဝှက်၊ လူအကြံပြုတ်တွေရဲ့ ဘေးဝေးရချည်ရဲ့ ဆိုပြီး စိတ်ကူးရ၍လားတော့မသိ။ သူ့ဆိုင်က ဘာယူယူ ဘာဝယ်ဝယ်

"မောင်ကြည့်ဖို့ဆိုရင် အလကားဟယ်"

ဆိုပြီး ပေးလာလိုက်တာ။ စာရေးမယ်ဆိုရင်ဖြင့် ခွေးတံဆိပ်ခဲတံကလေး၊ ပေတံလေးကတော့ လိုရာတားဖို့၊ စားဖို့ကတော့ ငါးခြောက်မှာထားရဲ့။ အားဆေးအတွက်က ပလူဗီမင်၊ လူရယ်ချင်အောင် အရိုးများတဲ့ ခန္ဓာ၊ ဖွံ့ထွားပြီး မောင်မြန်မာကြီးအလားဖြစ်ရမယ်။

အဲသည်လို အမယ်စုံအောင် ပံ့ပိုးတာကိုတောင် ကျုပ်ကလည်း လူ တစ်မျိုးကိုးဗျ။ ပေးသမျှယူ ကြွေးသမျှစားပြီး ချစ်စကားက မဆိုဝံ့ပြန်ဘူး။

www.foreverspace.com.mm

စဉ်းစားကြည့်လေ။ ကိုယ့်ခြံထဲ ခြေကျူးဝင်လာတဲ့ကြက်၊ ရိုက်ချက်ရတာ ဘာခက်လို့ . . . ဒါကိုတောင် အတွေးက. . . .

"ဟယ် . . . ငါနဲ့ယှူပြီး သူ့စတိုးဆိုင်ကိုဖြုတ်၊ နင်လုပ်တော့ဆို ဘယ့် နှယ်လုပ်မှာလဲ"

စဉ်းစားတာ။ စဉ်းစာတာ။ ကိုယ်လုပ်ကျွေးဖို့ကျတော့ ကြောက်တယ်။ အစကတည်းကိုက မိန်းမထဘီနားတူတူရေဝါးလုပ်ပြီး အချောင်ခိုစားချင်စိတ်နဲ့ကိုး ပရိသတ်ရဲ့ . . . ။

"ကမ္ဘာပေါ်မှာ ကျွန်တော့်လောက်သက်သာတာ ကျွန်တော်ပဲရှိရမယ်"

ဆိုတဲ့ စိတ်ကူးက ဘယ်ကတည်းက ကိန်းအောင်းနေတယ်ရယ်တော့ မပြောတတ်ဘူး။ မိန်းမကိစ္စနဲ့ပတ်သက်ပြီး စဉ်းစားလိုက်ရင် ကိုယ်အသာချည်းပဲ။ နာမယ်ထင်ရင် ဝမ်းတောင်မနူတ်ဘူး။ ဟယ် . . . ဘာဆိုင်လို့လဲ။

အေး အဲသည်လိုအတွေးမျိုး ရှိနေပြန်တော့ ကိုယ့်ကိုကြိတ်ကျနေတဲ့ ကလေးမကို ကန်တော့ပါသေးရဲ့လုပ် ရမလို ဖြစ်နေပြီ။ အဲဒီအရွယ်ကျတော့ မိန်းမလိုချင်စိတ်ရှိပေမယ့် စိတ်ကသိပ်မပါ တော့ဘူး။ သူနဲ့ယူပြီးရင် ငါဖြင့်သက်မှ သက်သာပါ့မလား။ အပေါ်စီးကတော့ နေရပါရဲ့ မနိုင်အင်္ဂါတွေ ဟုတ်ပေါင် မနိုင်ရင်ကာတွေလုပ်ခိုင်းရင် ဘယ့်နှယ် လုပ်ရပါ့။ ကိုယ်ကအစကတည်းက သိပ်သန်တာမဟုတ်ဘူး။ အဲဒါကိုမှ အ လိုက်မသိ။ တော်ကြာ ငါ့ကို ခိုင်းနေမှဖြင့်

အလုပ်ကလုပ်နေရဦးမယ်။ နောက်ပြီး ဒီလေးလေးနက်နက်အစ်မ ကြီးကို ငါတစ်သက်လုံးပေါင်းနိုင်ပါ့မလား။ တွေးတာ။ တွေးတာ။ ကိုယ်တိုင်ကလည်း အလုပ်မရှိသူ။ ဒါကို အလုပ်ရလို့ အလုပ်လုပ်ရမှာလဲ ကြောက်သေး။

ဒီလို ဒွိဟဖြစ်နေလေတော့ ငယ်စဉ်ကတည်းက ချောက်တွန်းခဲ့လေသော ကျွန်တော့်အစ်ကို ကိုဆန်းကပဲ တစ်စခန်းထပြီး . . .

"ဟေ့ကောင် . . . မင်းမကြံရင် ငါကြံမကွ။ မင်းမို့ ခွေးတံဆိပ်ခဲတံနဲ့ ကျေနပ်နေတယ်။ ငါသာဆို အခုချိန်လောက်ဆို ငါးခြောက်ဖုတ်ဖက်လှည့်ပြီ"

"ဟယ် ပီအောင်ပြောပါ"

"အေးလေ ငါးခြောက်ဖုတ်လေ"

သို့ကလိုဆိုလာတာကတစ်ကြောင်း။ သူငယ်ချင်းကောင်းမောင်ချက်ဖောင်းရန်ကြောက်ရတာကတစ်မျိုး။ ဒီကောင်ကလဲပြောရတာမဟုတ်ဘူး။ သူလဲ ကျွန်တော့်လိုပဲ ငတိုမျက်လုံး ငတုံးမျက်နှာနဲ့ မဟုတ်တာဆို အကုန်လုပ်တာ။ တော်ကြာ အိမ်ပေါ်တက်သွားပြီး ဘာညာသာရကာဆွဲလားရမ်းလား လုပ်နေမှဖြင့် . . .

စာအုပ်လေး ၊ ဆီပုလင်းလေး ပြောပါတယ်။

သြော် . . . ကျွန်တော့်ဘဝမှာလဲ ဒီမျက်လုံးနဲ့ ဒီမျက်ခွက်ကပ်လျက် ရှိတာပဲ အပြောခံနေရတာ။ သီချင်းတောင် စပ်လို့ရပြီ . . .

"ငတိုမျက်လုံး . . . ငတုံးမျက်နှာ . . . အချစ်ရေ . . . ကိုယ့်ပုံပါ ဟာ ဟား ဟာ့ . . . ရယ်ပါ . . . မျက်လုံးကနီ"

အခိုးတွေ ထွက်ပြီး နီနေတာ . . .

တချို့ခင်တဲ့သူတွေကလည်း ပြောရှာပါတယ်။

"မင်းမှာ ပြောစရာဆိုလို့ အကျင့်နဲ့ရုပ်ရည်လေးပဲရှိတယ်။ ကျန်တာက ဆဲစရာပဲ ကျန်တော့တယ်တဲ့"

အကျင့်နဲ့ရုပ်ရည်မကောင်းရင် ဘာကျန်တော့လို့လဲ။ လူတစ်ကိုယ်

မှာ အကျင့်နဲ့ ရုပ်ရည်ဒီနှစ်ခုရှိတာ။ အဲဒီနှစ်ခုရှိတာကိုမှ ဆဲစရာက ကျန်သေးဆိုတော့ စဉ်းစားသာ ကြည့်ပ။

ကိုင်း ထားဦး . . .

အဲသည်လို အဘက်ဘက်က ဖိအားပေးလာတာကြောင့် ကျွန်တော့်ခမျာ မတတ်သာတဲ့အဆုံး လုံးမှုကိုဖြစ်တော့မှာပေါ့။ ဒါနဲ့ သူ့ဆိုင်လူပါးချိန်သွားပြီး . . .

“ဈေးသွားတော့ ဘယ်သွားလဲ”

“သိမ်ကြီးဈေးကိုလေ”

“လိုက်ခဲ့လို့ရမလား”

“လိုက်ခဲ့ပေါ့”


ကိုင်း ကိစ္စကပြတ်နေပြီ။ သူဈေးသွားတုန်း အခွင့်ကောင်းယူပြီး ဖတ်ခနဲ့လက်ချိတ်၊ ကိစ္စကပြတ်ပြီ။ ဒိတ်ကကျပ်ပြီ။ ဒီကောင်မလေးနဲ့ ငါတော့ အားပါတော့မယ် မဟုတ်ဘူး။ နောက်နှစ်လောက်ထိ သူလဲ အပတ်လည်မှာ မဟုတ်ဘူး။ ငါလဲ . . . ငါလဲ . . . ။ အင်း ဘာလည်ရကောင်းမလဲမသိ။ အေး . . . သူမှ အပတ်မလည်ရင်၊ ငါလဲ အတိုကောက် “ ဉ ”ဟုခေါ်သော ဉပဓိဟု အဓိပ္ပါယ်ထွက်သည့် ထိုဉခိုင်တော့မယ်မဟုတ်ဘူး။ ဟုတ်တယ်လေ။ ရည်းစားနဲ့တွဲသွားရရင် အားလုံးပြီတီတီနဲ့ ဘယ်ယောကျ်ားမှ ဉခိုင်တယ်မဟုတ်ဘူး။ မိန်းကလေးရှင်လည်း အပတ်မလည်၊ ယောကျ်ား ကျွန်တော်ကလည်း ဉမခိုင်၊ တမှိုင်တွေတွေနဲ့ ယိုင်ခွေခွေ။ ယိုင်ခွေခွေသာ ကျန်ပေတော့မည်။

卍 卍 卍



www.foreverspace.com.mm

www.foreverspace.com.mm



အင်း. . . ဤမျှလောက် ရေလဲလာ မြောင်းလဲပေးတာကိုမှ ဟောဒီ အစ်ကိုက ဟိုလိုသည်လိုအတွေးတွေနဲ့ . . . ဒီကလေးမနဲ့ငါရ ဟောသည် တောကကို တက်ရမှာမဟုတ်ဘူး။ ဒီကလေးမနဲ့ ငါနဲ့ရရင် ငါလုပ်ချင်တဲ့ အလုပ်တွေ လုပ်ရတော့မှာမဟုတ်ဘူး။ ဒီကလေးမနဲ့ ငါနဲ့ရရင် ငါ အနုပညာသမား ဖြစ်တော့မှာ မဟုတ်ဘူး။ အဲသည်လို မဖြစ်ရင်လူတွေလဲ ရယ်ရတော့မှာ မဟုတ်ဘူး။

အို . . . အတွေးတွေကလည်း စုံပ့ါ။ ကိုင်း သည်တော့. . .

www.foreverspace.com.mm

"သည်တစ်ပတ်တော့ သိမ်ကြီးဈေး ကျွန်တော်မလိုက်သေး၊ နောက်တစ်ခါဆိုရင်တော့ အသေအချာလိုက်မဟဲ့"

ဆိုပြီး ပြောတော့ နှမကလေးက အလိုမကျတဲ့ မျက်နှာပေးနဲ့ . . .

"အဲဒါမှ ဒုက္ခပဲ၊ ဒီတစ်ခေါက်ဝယ်ရမယ့် ပစ္စည်းကများတော့ အဖော်အလျော်မရှိရင်မနိုင်ဘူးထင်ပ့ါ"

သုန်မှုံမှုံမျက်နှာလေးမြင်တော့ စိတ်မကောင်းချင်ပြန် နောက်တစ်နည်း ပြန်ကြည့်တော့ ကိုယ်ကိုယ်၌က သူ့ကိုကြိုက်မကြိုက်မသေချာ။ ဒါကြောင့်ပဲ . . . ရှိစုမဲ့စုစက္ကူပေတုံးကို ခဝါချလို့ . . .

"ဒီတစ်ခေါက်တော့ တကယ်မအားလို့ပါကွယ်"

အလုပ်မရှိတဲ့သူက မအားဘူးဆိုတော့ သူ့ခမျာလည်း အံ့အားသင့်နေပုံရပါရဲ့။

"အင်း . . . ဒါဆို ဘယ်သူ့ခေါ်သွားရပ့ါ"

"ဟော သိပြီ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်က ပလာတာသမား မောင်မောင်ပြားက ဗလထွားသဗျ။ နွေခင်းပိုင်းဆို သကောင့်သား ပလာတာကြော်ပြီး အားရော သူ့ကိုခေါ်သွားပေ့ါ။ ကျွန်တော်ပြောပေးပ့ါမယ်"

လို့ အားတက်သရောဆိုလိုက်တော့ အညာနှမကလေးမျက်လုံးကလယ် ကလယ်လုပ်ပြီး . . . .

"သူနဲ့မှ မခင်တာ ယုံရပ့ါမလား"

"စိတ်ချ . . . ကျွန်တော်ပြောလိုက်ပ့ါမယ် ဒီကောင် ကျွန်တော့်ကျကြောက်သဗျ"

ဆိုပြီး ပလာတာသမား မောင်မောင်ပြားဆီကိုသွား၊ ဂျာနယ်ထဲစာရေးလို့ရတဲ့ ငွေနှစ်ရာကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး . . .

"ဒီမယ် မောင်မောင်ပြား၊ နက်ဖြန်နံနက်ခင်း မင်းအလုပ်ဆင်းပြီးရင် ဟောဟို စတိုးဆိုင်က မမ၊ သိမ်ကြီးဈေးကြွမလို့ကွ၊ အဲဒါ မင်း သူ့အထုပ်တွေ လိုက်ထမ်းပေးပါလားဟင်"

"ဘာဗျ . . . ကျုပ်က အထုပ်ထမ်းသမားမှ မဟုတ်တာ၊ ဘာလို့

www.foreverspace.com.mm

လိုက်ရမှာလဲ၊ ပလာတာသမားနော်၊ ရိုက်ပြားလိုက်မယ် ဘာမှတ်လဲ”

“ဩော် . . . အရေးထဲ ပလာတာမာနသမားနဲ့ လာတွေ့နေသေး။ အေး မင်းကို အလကားခိုင်းမှာ မဟုတ်ဘူး ငါစာရေးခဲ့သမျှ နှစ်ရာရတာ မင်းကို ပေးမကွ”

ဆိုမှ ငတိက ခုန်ထပြီး . . .

“အစကတည်းက အဲလိုပြောပြီးရောပေါ့ဗျာ၊ လိုက်မယ်။ လိုက်ပေးမယ်။ အဲ . . . ဒါပေမယ့် ကျုပ်က တအားကြီးလေးတာမျိုးတော့ မထမ်းနိုင်ဘူးဗျနော့၊ အူကျရောဂါရှိလို့”

“မလေးပါဘူးကွာ၊ ငါမမနဲ့သွားရလို့ မင်းကျနေတဲ့အူ ပြန်တောင် တက်သွားဦးမယ်”

အဲသည်လိုပဲ ပရိသတ်တို့ရေ။ ဒီအတိုင်းပြောမရတော့ ငွေပြ ခိုင်းရတော့တာပေါ့။ ငွေနှစ်ရာဆိုတာ နည်းမှတ်လို့၊ မြို့ထဲ ကားစီးမှ ငါးကျပ်ရယ် . . .

ကိုယ့်မှာတော့ သူထမ်းခိုင်းတဲ့အထုပ်မထမ်းရအောင် ကြံရတာပေါ့။ ဒီတော့ ဟိုကောင်ခံပါစေ။ စံတော့မှငါ့အလှည့်။ ငါကွဲ့လို့ ကြုံးဝါးပြီး

“ဘာလုပ်ရင်ကောင်းမလဲဟင်”

“အို . . . သက်သာရင်ပြီးရော။ အိပ်ယာကမထဘဲ ကျန်တာ နင့်သဘော၊ နင်လုပ်ကျွေးသမျှ ငါကမိန်းမထဘီနားတူတူရေဝါး လုပ်စားမှာပဲ။ ပင်ပန်းမယ်ထင်ရင် အလုပ်သမားခေါ်မယ် . . . ဒါပဲ”

卍 卍 卍

www.foreverspace.com.mm



ကျွန်တော့်သဘောက ဒီလိုဗျ။

ဒီတစ်ခေါက် ဒီတစ်ယောက် သူ့အထမ်းသမားရရင် နောက်တစ်ခေါက် ငါ သူ့နောက်လိုက်ပြီး အရင်ခေါ်ထားတဲ့ အထမ်းသမားခေါ်သွားမယ်။

"ဟဲ့ . . . ထမ်းစရာရှိတာ နင်ထမ်း၊ ငါပင်ပန်းလို့မလုပ်နိုင်ဘူး။ လာ . . . မမ. . . ဟိုဖက်နား ဖာလူဒါ ကောင်းတယ်။ သွားသောက်ကြရအောင်"

အဲလိုလုပ်မှာ။ အကြံကတော့ အပိုင်ပေါ့ပရိသတ်။

www.foreverspace.com.mm



ဟောဒီမမခိုင်းသမျှ မောင် မောင်ပြားက သိမ်းကြုံးလုပ်၊ အုပ်စရာရှိတော့ ငါအုပ်မကွ။ ထမင်းအုပ်တာတို့ ဘာတို့ ပြောပါတယ်။

အဲသည်လို အကြံလေးနဲ့တွေးပြီး ပျော်နေတုန်း ဖြုန်းဆို သတင်းကြား ရပါလေရော့လား

"လင်နောက်လိုက်သွားပြီတဲ့"

"ဟင် . . . မောင်မောင်ပြားနဲ့မနက်ကပဲ ဈေးသွားသေးတာ။ ဘယ် အချိန်လိုက်သွားတာလဲ"

မေးမှ . . .

"အဲဒီ မောင်မောင်ပြားနဲ့ပဲလိုက်သွားတာ၊ ဘယ်အချိန်လဲဆိုတာတော့ ငါတို့လဲ လိုက်မချောင်းကြည့်တော့ မသိ"

ကိုင်း . . . ရှင်းပြီ . . . ရှင်းပြီ။

"အောင်မလေး ပရိသတ်ရဲ့ . . . ကိုယ့်မှာတော့ အထုပ်ကလေးမထမ်းချင်လို့ လမ်းထွင်ခဲ့ပါတယ်။ ထမ်းချင်တဲ့ မောင်မောင်ပြား၊ နှမဖျားပါ ထမ်းချသွားပါရောလား"

"ဟင် . . . ပြောတော့ အလေးအပင်ထမ်းရင် အူကျသတဲ့။ အခုများ မှ ငါ့စကားအတိုင်း ပြန်တက်သွားပြီလား ငနာရဲ့"



"ဆွေးရက်ကယ်မပြေနိုင်တယ်။ ဘေးထွက်ကာအသာထိုင်ပြန်လို့ အနိုင်ဟန် အယူလွဲပြန်ပေါ့၊ အထီးကျန်လက်လွဲ. . . အောင်မလေး အထီး ကျန်လက်လွဲ . . ."

ဒီလိုပါပဲ ခံရပါများတော့ ရိုးနေပြီ။

သြော် . . . ကိုယ့်မှာတော့ အထုပ်ထမ်းဖို့ လူလိုလို့ဆိုပြီး ကိုယ်တိုင်တောင်သွားပြောပြီး အသေအချာကို ထည့်ပေးလိုက်တာ။ ဟိုကောင်က ပလာတာသမားလေ။ လက်ကသွားပြီးသား။

ဘယ်ကဘယ်လို စည်းရုံးပြီး တစ်ခါတည်းမ,ချသွားတယ်ကို မသိလိုက်ရပါဘူး။ ဟိုမိန်းမလေးလေးနက်နက်ကြီးကလဲ ကိုယ်သာမသိတာ။ ဘယ်ထဲက ထိရာဒိုး ငါ့ဒိုး ဖြစ်နေလဲမှမသိတာ။ ဒါကြောင့် မိန်းကလေးများရဲ့စိတ်သိပ်ခန့်မှန်းရခက်တာ။

"ကြည့်လိုက်ရင် အိန္ဒြေ . . . အိန္ဒြေ၊ အိန္ဒြေ . . . ။ အတွင်းစိတ်မှာတော့ စိမ်မပြေ၊ စိမ်မပြေ၊ စိမ်မပြေ . . . ။ ချိန်တွေလို့သာနေတာ ကိုယ်မှမသိတာ။ ကိုင်း . . . ထား . . . "

ပါသွားတော့လဲ အေးတာပဲ။ နောက်မဟုတ်ရင် ကျုပ် စာရေးဖြစ်မှာမဟုတ်ဘူး။ ကိုယ်မှမစွမ်းတာ ဒီလိုပဲ ဖြည့်တွေးရတာပေါ့။

ဒီကြားထဲ အဲဒီရပ်ကွက်နေတုန်း မောင်မောင်ပြားပလာတာဆယ်ချပ်နဲ့ရောက်လာပြီး ကျေးဇူးတင်လွန်းလို့ လာကန်တော့တာပါပဲ။

သူကျတော့ ဟိုပလာတာမပြီး၊ ငါ့ကျတော့ ဒီပလာတာလာကျွေးတာ။ မတတ်နိုင်ဘူး။ မျက်ရည်တဝိုင်းဝိုင်းနဲ့ စားထည့်ပေးလိုက်တာပဲ။ ဗိုက်တောင်အောင့်တယ်။ ငတိကတော့ အခုစတိုးဆိုင်ပိုင်ရှင်ဖြစ်ပြီး သိမ်ကြီးဈေးမှာ အထုပ်ထမ်းနေတာ မကြာခဏတွေ့ရဲ့။ ဟိုကောင်မလေးကတော့ ယောက်ျားရတည်းက အနားယူသွားပြီ။ အဲသည်လို ပြန်တွေ့တော့လဲ ကျွန်တော်တွေးတာမှန်တယ်။ အမှန်ဆို ကျွန်တော်နဲ့ရလဲ ဒီလိုပဲလုပ်ကျွေးရမှာ။

ကိုင်း . . . ပြီးခဲ့တာတွေ ထားပါတော့။

မြန်းလေရာ ဘယ်ခါမမေ့၊ ကြုံတွေ့ခဲ့အဖြစ်တွေကို အသစ်လိုပြန်ဆောင်းလိုက်ရပါပြီ။

ဒါကြောင့် ယနေ့ယခုပြုခဲ့ရ သော ဤစာစုတွင် ဖတ်ရှုသူများသည် ကောင်းတာကိုဆောင်၍ မကောင်းတာကို ရှောင်နိုင်ကြပါစေ။

မိမိ၏ ကိုယ်တွေ့များကို ဇာတ်လမ်းပြု၍ မလိုသည်ကိုပယ် လိုသည်ကို ပေါင်းထားသောကြောင့် မကောင်းသည်များလည်း ရှိလိမ့်မည်။ ကောင်း သည်များလည်း ပါပေလိမ့်မည်။


စိုး မိုး စ ၁ ၆ ပေ

www.foreverspace.com.mm

ဤစာကိုရေးသော ကျွန်တော်ကိုယ်တိုင်ကိုက မေတ္တာဖြင့်ရေးသော မေတ္တာစာသာဖြစ်၍ ဆုံးမစာဟူ၍ ဘယ်သောမှ မသက်ရောက်စေလိုပါ။ ကိုယ်တိုင်က လူတွေကို ရယ်မောပျော်ရွှင်အောင်သာပြုလိုသည့်အတွက် လောဘလွန်ကြူး၍ အပြစ်ဆိုစရာပါခဲ့လျှင် ဘာမှမသိသော လူ့အန္ဓလေးမို့ ကရုဏာရှေ့ထား၍ ခွင့်လွှတ်တော်မူကြပါကုန်။

အဖုံဖုံအစုံစုံသော မေတ္တာဇာတ်လမ်းများကို အချိန်အကုန်ခံ မျက်စေ့အညောင်းခံ၍ သည်းခံဖတ်ရှုပေးသည့်အတွက် အရင်ဆုံးလက်အညောင်းခံရေးသားခဲ့သော ကျွန်တော်သည်လည်း လွန်စွာ ပီတိဖြစ်မိသည်။

www.foreverspace.com.mm



ဤသို့ဖြင့် ဘယ်အခါမှ မစုံခဲ့သော ကျွန်တော်သည် မတော်တဆ လူပျိုကြီးဘဝနှင့် ဆုံးပါးခဲ့လျှင်တောင် ကျွန်တော့်၏မွေးနေ့အား အဖေများနေ့အဖြစ် သတ်မှတ်ပေးခြင်းဖြင့် ကျွန်တော် မပြုနိုင်ခဲ့သော ဂုဏ်ကို တစ်ဖက်လှည့်နှင့် ပြုပေးကြပါကုန်။

ဤနှင့်မျှ မကျေနပ်နိုင်သေးလျှင် ဒီလိုလက်ကြောမတင်း အပျင်းလည်းဖက်၊ မျက်နှာတစ်ကွက်စက်စက် ယိုအောင်ဆိုးလျက်၊ အကျင့်လည်း တူတူ တန်တန်ပျက်သည့် ဤ လူ့အန္တကလေး

www.foreverspace.com.mm

အား သည်းခံချင်စိတ်၊ သည်းခံ နိုင်စိတ် ယိုဖိတ်သည်ဟူသော မမလေးများ ပါရမီဖြည့်လိုသူများအတွက် အိမ်တံခါး အမြဲဖွင့်ထားကာ ဝယ်(လ်)ကမ်း၊ ဘယ်လမ်းကလာလာ ကြိုဆိုလိုက်ရပါပြီမို့။

ယခုတော့ ကျွန်တော်သည်
မရိုက်မီက ငိုနှင့်လိုက်ပါပြီ။
မလာမီက ကြိုနှင့်လိုက်ပါပြီ။



မှတ်သား နာစိမ့်သူများသည်လည်း ဤအချာမြုတေ၊ အချာသန္ဓေများဖြင့် ကျွန်တော်၏ စာပေပုလ္လေအား မပြေမေတ္တာဖြင့် ချစ်သဒ္ဓါပွားနိုင်ကြပါစေ

မေတ္တာလှိုင်းဖြင့် ချယ်မှုန်းသိုင်းဆိုင်၊ ဤစာပန်းခိုင်ကို ထပ်ခါကြိုင်နံ့ အမြဲပျံ့၍ ဂုဏ်လှိုင်ကိုးပါး မြတ်ဘုရားနှင့် တရားသံဃာ၊ ရတနာကို အမြဲမပြတ် ဆည်းကပ်ခလျက် တစေမကင်းမြတ်နိုးခြင်းနှင့် ပရိသတ်များမက သမာဒေဝ မကျန်အောင် ဝပ်စင်းကော်ရော် ပူဇော်ပါသည်။ ကမ္ဘာလုံးမှများသတ္တာ ချမ်းသာ၍

www.foreverspace.com.mm



ကျန်းမာ၍ လန်းဖြာနိုင်ကြပါစေ။

လိုသောဆု၊ တောင်းတသည်များလည်း အမြဲမကြာရနိုင်ကြပါစေ။

မမိုတ်ထွန်းပ၊ လိုတိုင်းရအောင်သတိဆောင်၍ ဩဝါဒမလွှမ်းသော စာပွင့်ပန်းကို ရှင်လန်းညွန့်ပြသာဓကများနှင့် စီကုံးလိုက်ရပါသည်။

မမေ့စရာ စေတနာများအား ဝပ်တွားရှိခိုး ရိုကျိုးလိုက်ရပါသည်။ ယခုတော့ချယ်မွန်းဆင်ပျောင်း၊ လက်ကယ်ညောင်းပြီမို့ တိမ်းငိုက်မရှိ သမာဓိများဖြင့် ချစ်သဒ္ဒါဝင်ခွင့်လွှတ်နိုင်ကြပါစေကုန်။

ဘဝထိုထိုတွင် ကြုံတွေ့၊ ဆုံကွဲ ဖြစ်မြဲမမှတာများကို ခံစားစေလိုရင်း ဖြင့် အချစ်သည်သာ အမှန်တရားဖြစ်လျှင် ကျွန်တော်များနေတာကြာပြီဖြစ်ကြောင်း ထပ်လောင်း တင်ပြရင်းဖြင့် တစ်ခန်းရပ်ပါသည်။ ချစ်သဒ္ဒါဆွေ မေတ္တာဝေ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါလေတော့သတည်း။

***လေးစားစွာ ကြိုးစားလျက်***
***အကြည်တော်***



www.foreverspace.com.mm